# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁) ရက် ၊ တနင်္လာနေ့ ၊ (13-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၉၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကို အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၁၀ / ၂၀၂၃**

၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်း သာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(**Martial Law**)အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ကွတ်ခိုင်မြို့နယ်
(ခ) ကွမ်းလုံမြို့နယ်

**စာမျက်နှာ ၁၈ ကော်လံ ၁ ⇨**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) ဒေသကွပ်ကဲရေးမှူးကို အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၁၁ / ၂၀၂၃**

၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့်နယ်မြေအေးချမ်း သာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) ဒေသကွပ်ကဲရေးမှူးကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)နယ်မြေဖြစ်သည့် ရှမ်းပြည်နယ် အတွင်းရှိ အောက်ပါမြို့နယ်များ၏အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(**Martial Law**) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ကုန်းကြမ်းမြို့နယ်
(ခ) လောက်ကိုင်မြို့နယ်

**စာမျက်နှာ ၁၈ ကော်လံ ၂ ◯**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်(၁၂/၂၀၂၃)ကို ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၁၂ / ၂၀၂၃**

၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(**Martial Law**) အမိန့်အမှတ်၊ ၁၀/ ၂၀၂၃ နှင့် အမိန့်အမှတ် ၁၁/ ၂၀၂၃ တို့ဖြင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်) ဒေသကွပ်ကဲရေးမှူးတို့အား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)တို့၏ နယ်မြေများဖြစ် သည့် သတ်မှတ်မြို့နယ်များအတွင်း လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (**Martial Law**) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်) ဒေသကွပ်ကဲရေးမှူးတို့၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ တိုင်းမှူးနှင့်ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ ❑**




ရတနာပုံ
၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်

အယ်ဒီတာ့အာဘော်

# ပွဲတော်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်

တန်ဆောင်မုန်းလသည် မြန်မာလများတွင် ရှစ်လမြောက်လဖြစ်ပါသည်။ မိုးနှောင်းဆောင်းဦး သာယာကြည်နူးဖွယ်အခါသမယလည်းဖြစ်ပြီး တောင်သူဦးကြီးများ၏ ရွှေဝါရောင်လယ်ကွင်းတွင် စပါးနှံများ တင်းမာဖုလုံးနေချိန်လည်းဖြစ်သည့်အတွက် ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းဟု မှတ်သားကြလေ့ရှိသည်။ တန်ဆောင်မုန်းလကို ပုဂံကျောက်စာများတွင် "တန်ဆောင်မုန်း"ရေးလေ့ရှိသည်။ တန်ဆောင်ကို "ဆီမီး၊ မီးရှူး၊ မီးတိုင်"ဟူသော အဓိပ္ပာယ်တွေ့ရပြီး ဆီမီးတန်ဆောင်တို့ဖြင့် အမိုက်မှောင်ကို ချေမှုန်းသောလ တန်ဆောင်မုန်းလဟု ခေါ်ဆိုကြသည်။

တန်ဆောင်မုန်းဟူသော အဓိပ္ပာယ်နှင့်အညီ မီးထွန်းပွဲကို ရှေးမြန်မာဘုရင်များလက်ထက်ကစ၍ တစ်နိုင်ငံလုံး ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြသည်။ ယနေ့ခေတ်တွင်လည်း တန်ဆောင်တိုင်ပွဲတော်ကာလတွင် တစ်နိုင်ငံလုံး ဆီမီးရောင်များဖုံးလွှမ်းလျက် ပျော်ပွဲသဘင်ခံလေ့ရှိသည်။ ပြင်ဦးလွင်၊ တောင်ကြီးမြို့တို့၌ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်များကို အထင်ကရပွဲတော်ကြီးအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဧည့်ပရိသတ်များ ပျော်ရွှင်ကြည်နူးမြူးထူးစွာ လာရောက်ပါဝင်ဆင်နွှဲလေ့ရှိပါသည်။

တန်ဆောင်မုန်းလ၏ အထင်ရှားဆုံးပွဲတော်တစ်ခုမှာ ကထိန်ပွဲတော်ဖြစ်ပါသည်။ ကထိန်ပွဲတော်ကိုလည်း ရှေးဘုရားရှင်များကာလကပင် ယနေ့တိုင် ဆင်ယင်ကျင်းပလျက်ရှိသည်။ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ကြိမ်သာ အချိန်အခါနှင့်ပြုလုပ်ရသော ကာလဒါန အလှူမျိုးဖြစ်၍ သက်န်းမှာ ကထိန်ဟု ဆိုစမှတ်ပြုနိုင်အောင် အလွန်အကျိုးထူးရရှိစေသော အလှူတစ်ခုဖြစ်ပါသည်။

တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်ပြီးနောက် နောက်ထပ်ထင်ရှားလှသော ပွဲတော်တစ်ခုမှာ မသိုးသင်္ကန်းရက်လှူကြသည့် ပွဲတော်ဖြစ်ပါသည်။ ကထိန်ကာလ၏ နောက်ဆုံးနေ့ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့မတိုင်မီ လဆန်း ၁၄ ရက် ညနေပိုင်းက စတင်ရက်လုပ်ပြီး လပြည့်နေ့ အရုဏ်မတက်မီ အပြီးရက်ကာ ဘုရားရှင်အား ကပ်လှူကြသည်။ အမြို့မြို့အနယ်နယ်ရှိ အထင်ကရဘုရား၊ စေတီများတွင် မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းပွဲတော်သည် တန်ဆောင်တိုင်လ၏ ရာသီပွဲတော်အဖြစ် ယနေ့တိုင် အခိုင်အမာတည်ရှိနေပါသည်။

တန်ဆောင်မုန်းလ တန်ဆောင်တိုင်ပွဲတော်နှင့် မသက်ဆိုင်သော်လည်း တန်ဆောင်မုန်းလပြည့်နေ့တွင် မြန်မာလူမျိုးတို့ မဲဇလီဖူးသုပ်စားလေ့ရှိကြပါသည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် မဲဇလီပင်သည် ဆေးပေါင်းခသည့်အပင်ဟု ယူဆကြရာမှ သက်ရှည်ကျန်းမာစေရန် မဲဇလီဖူးသုပ်ကို ကိုယ်တိုင်လည်းစား၊ အနီးအနားကို ဆေးအဖြစ် ပေးဝေလှူဒါန်းကြလေ့ရှိသည်။

တန်ဆောင်မုန်းလ တန်ဆောင်တိုင်ကာလတွင် ကျင်းပသည့်ပွဲတော်များ၊ ဓလေ့ထုံးတမ်းများထဲတွင် ယနေ့အခါ ကျင်းပမှုနည်းပါးသွားပြီဖြစ်သော ရှင်မာလဲပွဲ၊ ကျီးမနိုးပွဲ၊ ပုံသကူပစ်ပွဲတို့ကို တဖြည်းဖြည်းတိမ်ကောပျောက်ကွယ်ခြင်းမဖြစ်ပွားစေရန်၊ မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့များအဖြစ် ပြန်လည်ထွန်းကားစေရန် ဝိုင်းဝန်းဖော်ဆောင်သင့်ပေသည်။

တန်ဆောင်မုန်းလသည် လောကုတ္တရာရေးရာ ပျော်ပွဲရွှင်ပွဲ ပွဲတော်အများအပြားရှိသည့်အပြင် လောကီရေး၌လည်း တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် အမျိုးသားအောင်ပွဲနေ့သည် နိုင်ငံတစ်ဝန်း အုန်းအုန်းကျွက်ကျွက်ကျင်းပသည့် ထူးခြားလေးမြတ်သော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

တန်ဆောင်မုန်းလသည် ပွဲတော်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသော လထူးလမြတ်ဖြစ်သည်။ ကုသိုလ်ရေးနှင့် ပျော်ပွဲရွှင်ပွဲများတွင် နိုင်ငံတစ်ဝန်းလုံး ပျော်ရွှင်ကြည်နူးကြရသည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့အစဉ်အလာကောင်းများ၊ ပွဲတော်များဖြင့် ထူးလည်းထူး၊ မြူးလည်းမြူးရသော တန်ဆောင်မုန်းလ၏ ယဉ်ကျေးမှုဓလေ့အစဉ်အလာများကို မပျောက်ပျက်အောင် ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်




**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ဦးရေ ၂၀၆၄၉၀ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့မှာဆိုရင် မန္တလေးတောင်တော်ကို နယ်စုံဒေသက ဘုရားဖူးတွေ အများအပြား လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေက စောင်းတန်းကကော ကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးတွေက ရာသီဥတုအခြေအနေပေါ်ကြည့်ပြီး လာရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ရာသီဥတုသာယာရင်တော့ လာရောက်ဖူးမြော်သူတွေ များပြားတာကို တွေ့ရပါတယ်။ ဒီနေ့က ဥပုသ်နေ့ဖြစ်တာကြောင့် ဘုရားဖူးဦးရေ တိုးပြီး ရင်ပြင်တော်ပေါ်မှာ စည်ကားနေပါတယ်။ ဘုရားဖူးတွေက မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်ကြပါတယ်။ တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းအလှအပကိုလဲ ဘုရားဖူးတွေ ကြည့်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းရောင်းချတဲ့ဆိုင်တွေမှာလဲ ဝယ်ယူနေသူတွေနဲ့ စည်ကားနေပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၂၅၆ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၀၂၈၁၁ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၄၂၃ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးအတွင်း တရုတ်ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်သို့ တရုတ်ကြက်သွန်ဖြူများ နေ့စဉ် ၁၂ ဘီးကား သုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ တရုတ်ကြက်သွန်ဖြူများ ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်အတွင်းကို တရုတ်ကြက်သွန်ဖြူတွေ နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ပြည်တွင်းက ထွက်ရှိတဲ့ ကြက်သွန်ဖြူတွေက ဝင်ရောက်မှု နည်းသွားပါတယ်။ ဒါကြောင့် ကြက်သွန်ဖြူတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဈေးမှာ အခြားသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

ကြက်သွန်ဖြူများကို တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့်အပြင် ပြည်တွင်းရှိ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း ကြက်သွန်ဖြူကို စိုက်ပျိုးကြကြောင်း ၄င်းက ပြောပြ၍ သိရသည်။ (၁၈၅)

# ပွင့်လင်းရာသီကာလဖြစ်သဖြင့် တောင်သမန်တံတားနှင့်အင်းသို့ ပြည်ပခရီးသွားများ စတင်ဝင်ရောက်လာ

**မန္တလေး နိုဝင်ဘာ ၁၂**

ပွင့်လင်းရာသီကာလဖြစ်သဖြင့် တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ ပြည်ပခရီးသွားများ စတင်ဝင်ရောက်လာပြီဖြစ်ကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစား လည်ပတ်ကြသည့် နေရာများထဲတွင် တောင်သမန်တံတားနှင့် အင်းမှာ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့် အင်းသို့ ယခု ပွင့်လင်းရာသီကာလတွင် ပြည်ပခရီးသွားများ စတင်ဝင်ရောက် လည်ပတ်လာကြောင်း သိရသည်။

"နိုဝင်ဘာလ ဒုတိယပတ်က စပြီး တောင်သမန်တံတားနဲ့ တောင်သမန်အင်းကို တရုတ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ စတဲ့ပြည်ပနိုင်ငံတွေက ခရီးသွားတွေ ဝင်ရောက်လည်ပတ်နေကြပါတယ်။ အခုက ခရီးသွားရာသီကာလဖြစ်တာကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ပြန်ပြီးများလာပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ နိုဝင်ဘာလ ဒုတိယပတ်အတွင်း ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်ထိ ဝင်ရောက်လည်ပတ်လျက်ရှိပြီး ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်ထိ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေ အစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း ၄င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ချောင်းဆုံမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ချောင်းဆုံ နိုဝင်ဘာ ၁၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် အပြိုင်ကျေးရွာနှင့် ကော့ကဒဲ့ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းယု၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦး၊ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဒုတိယညွှန်ကြားရေးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အပြိုင်ကျေးရွာ၌ အရှည်ပေ ၁၁၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၃၅ ဒသမ ၅၅ သန်းဖြင့် MYT ကုမ္ပဏီကလည်းကောင်း၊ ကော့ကဒဲ့ကျေးရွာ၌ အရှည်ပေ ၁၉၀၀ ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၇၀ ဒသမ ၄ သန်းဖြင့် K3Z Engineering Group ကုမ္ပဏီကလည်းကောင်း ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်ထံမှ သိရသည်။ **သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ်ဓာတ်နှင့် သံဃာဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့ နန်းတော်ရာ စံပြကွက်သစ်နေ ဦးလှအောင်သိန်းမိသားစုက ဒေါ်မြသန်းအားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်း၊ ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၃၉၆၇၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၃၉၆၇၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၃၆၆၃၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၃၉၆၇၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးဖို့၊ တစ်ဧက အထွက်နှုန်းကောင်းမွန်ဖို့ တောင်သူတွေနဲ့ ဆွေးနွေးနေပါတယ်။ ဒီနှစ် ယင်းမာပင်ခရိုင်မှာ ဆီထွက်သီးနှံစုံ ၂၃၆၆၃၄ ဧကစိုက်ပျိုးဖို့ လျာထားတာ ၂၃၉၆၇၈ ဧက စိုက်ပျိုးနိုင်ခဲ့လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဆီထွက်သီးနှံစိုက်ပျိုးထားရှိမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် မြေပဲ ၃၁၀၅ ဧက၊ နှမ်း ၅၀၆၄၈ ဧက၊ နေကြာ ၇၇၆၁ ဧက၊ ကနီမြို့နယ်တွင် မြေပဲ ၂၉၃၈၉ ဧက၊ နှမ်း ၃၉၁၅၁ ဧက၊ နေကြာ ၃၈၉၉ ဧက၊ အခြားဆီထွက်သီးနှံ ၁၈၀၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် မြေပဲ ၇၈၅ ဧက၊ နှမ်း ဧက ၁၈၅၈၀၊ နေကြာဧက ၁၂၁၀၊ ပုလဲမြို့နယ်တွင် မြေပဲ ၆၈ ဧက၊ နှမ်း ၈၀၀၅၅ ဧက၊ နေကြာဧက ၃၂၂၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဆီထွက်သီးနှံစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများစိုက်ပျိုးရန် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မြေပုံမြို့နယ် ခေါင်းဖြူကျေးရွာ၌ မြေသားရေကန်တာပေါင်မြှင့်တင်နေမှု စစ်ဆေး

**မြေပုံ နိုဝင်ဘာ ၁၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း(CFW)ဖြင့် ခေါင်းဖြူကျေးရွာ၌ မြေသားရေကန် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းနွယ်နှင့် စီမံကိန်းတာဝန်ခံများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မြေသားရေကန်တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းနွယ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ခေါင်းဖြူကျေးရွာ၌ အရှည်ပေ ၁၀၀၊ အမြင့် သုံးပေ ခြောက်လက်မရှိ မြေသားရေကန်တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းကို လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း(CFW) ပံ့ပိုးငွေကျပ် သိန်း ၁၀၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာ ၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းနွယ်က ပြောပြ၍ သိရသည်။

**ကိုသန်း**

# ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလက ခုံး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဖျာပုံ နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလအတွင်းက ခုံးပိဿာချိန် ၇၇၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ခုံးများကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ စက်တင်ဘာလအတွင်းက ဖျာပုံမြို့နယ်မှရန်ကုန်မြို့သို့ ခုံးပိဿာချိန် ၄၉၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ခုံးပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ခုံးများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်လျက်ရှိကြောင်း သိရသည်။

"ဒေသထွက်ရှိတဲ့ ခုံးတွေပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက ခုံးတွေ အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ စက်တင်ဘာလကထက် အောက်တိုဘာလမှာ ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရတယ်။ ဖျာပုံမြို့နယ်ဘက်က ငါး၊ ပုစွန်၊ ကဏန်းအပြင် ခုံးကိုသဘာဝအတိုင်းရှာဖွေဖမ်းယူရရှိကြတာဖြစ်ပါတယ်။ ဒေသထွက်ခုံးတွေကို ဖျာပုံမြို့ကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ အခုလို တင်ပို့ရောင်းချရတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ ပြန်ပြီးအလုပ်အကိုင်အခွင့်အလမ်းတွေရရှိပါတယ်"ဟု ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ခုံးများကိုရေလုပ်သားများထံမှ ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# သိရတော့လည်း အလွယ်သား

**ချစ်နိုင်(စိတ်ပညာ)**

**"သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ အသိပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။"**

**ဂေါတမဗုဒ္ဓ(ဘီစီ-၅၆၃-၄၈၃)**

**(ဓမ္မပဒ-၃၃၃၊ နာဂဝဂ်)**

**နိဒါန်း**

သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ အရာဝတ္ထုတစ်ခုခု ဖြစ်ပေါ်ဖို့ရာ နိယာမ အလွတ်ဖြစ်ချင်သလို ဖြစ်လာကြသည်မဟုတ်။ အကြောင်းနှင့်အကျိုးတို့ သင့်လျော်သလိုစုပေါင်းကာ ဖြစ်ပေါ်လာခြင်းသာဖြစ်၏။

အချိန်အခါအလိုက် အရာဝတ္ထုတို့ အဆင့်ဆင့်ပြောင်းလဲရာတွင် ပယောဂဟူသော ဆွဲငင်မှု၊ ရုန်းကန်မှုသဘော အခြေအနေတစ်ရပ်မှတစ်ရပ်သို့ ရောက်အောင် ထိုအချက်သည် မပါမဖြစ်ပါရှိရ၏။ ၎င်းသည် လူသား၏ စေ့ဆော်မှု၊ တိုက်တွန်းမှု၊ ပါဝင်လှုပ်ရှားမှု၊ လုံ့လောက်သော လုံ့လဝီရိယအားစိုက်ထုတ်မှုပင်ဖြစ်၏။ ချမ်းသာလိုလျှင် မခက်ပေ။ ချမ်းသာစေသော အကြောင်းတရားလေးချက် ပြည့်စုံစေရမည်။ သီလရှိခြင်း၊ သဒ္ဓါတရားရှိခြင်း၊ အသိပညာရှာခြင်းနှင့် မကောင်းမှုမှရှောင်ခြင်း။

**ဥပဓိ**ဆိုသောအရာကမူ အောင်မြင်ရန်အတွက် မူလပါဝင်ရန် လိုအပ်ချက်သဘော ဥပဓိသမ္ပတ္တိသဘောလည်းဆိုရမည်။ လိုအပ်သော အခြေအနေအရပ်ရပ်ပေါင်းစည်းဆုံတွေ့ကြပြီးနောက် အင်အားစုများ၏ ရုန်းကန်လှုပ်ရှားမှုမှ အသစ်အသစ် ထူးထူးခြားခြားပြောင်းလဲဖြစ်ပေါ်လာသော သဘောလက္ခဏာလည်း ထိုအရာကို ခေါ်နိုင်လိမ့်မည်။ ဤနိယာမအရ တစ်ချိန်က တောင်ဆင်ခြေလျှော တောင်စောင်းတစ်နေရာမှာ အဠကလာပ်ရုပ်ဖြစ်သော မြေစိုင်ခဲသည် အခြားတစ်ချိန်၌ **"ပတ္တမြားမောက်"**အဖြစ်သို့ ရောက်နိုင်ခဲ့လေသည်။ ဘာများခက်ခဲပါသလဲ။

**တရားဒေသနာ**

ပြောင်းလဲခြင်းသဘောသဘာဝများကို မြတ်စွာဘုရားဟောကြားတော်မူသော အဘိဓမ္မာဒေသနာတွင် ပါဝင်သောပဋ္ဌာန်းကျမ်း၌ ပြည့်စုံခြုံငုံစွာ လေ့လာနိုင်ကြသည်။ အနောက်တိုင်း ဒဿနိကဗေဒ၊ အတွေးအခေါ်ပညာရှင်များ၏ အဆိုအမိန့်များတွင်လည်း "အကြောင်းအကျိုးနိယာမ" အကြောင်းတွေ့ရှိနိုင်ကြသည်။ မြတ်စွာဘုရားဟောကြားသဖြင့် မှန်ခြင်းမဟုတ်။ မြတ်စွာဘုရားက ဖန်တီး၊ ဖန်ဆင်းသဖြင့် ဖြစ်ပေါ်လာခြင်းလည်းမဟုတ်။ ကမ္ဘာ့အတွေးအခေါ်ပညာရှင်များက တီထွင်ထားခဲ့ခြင်းလည်း မဟုတ်။ ကမ္ဘာဦးအစ သူ့သဘာဝအရ ဖြစ်ပျက်ပြောင်းလဲနေခြင်းသဘော၏ အကြောင်းအကျိုးနိယာမဖြစ်၏။ မသိသေးသူများ သိမြင်ကြားသိစေရန်သာ ခရစ်တော်မပေါ်မီ နှစ်ငါးရာကျော်စော၌ ဂေါတမဗုဒ္ဓမြတ်စွာဘုရားက ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏာသုတ်နှင့် ပဋ္ဌာန်းကျမ်းအပါအဝင် အဘိဓမ္မာခုနစ်ကျမ်းတို့ကို ထေကြီးဝါကြီး ရဟန္တာကိုယ်တော်မြတ်ကြီးများဖြစ်ကြသော ရှင်သာရိပုတ္တရာ၊ (အဘိဓမ္မာတရားကို နတ်ဘုံတွင် သန္တုသိတနတ်သားအား မယ်တော်မာယာ မိခင်ဘဝကို ကျေးဇူးဆပ်သောစေတနာဖြင့် ဟောကြားတော်မူခဲ့သည်ကို လက်ျာတော်ရံ အရှင်သာရိပုတ္တရာမှတစ်ဆင့် မိမိတို့လူ့ပြည်မှာ ဟောကြားစေခဲ့ခြင်း)၊ အရှင်မဟာကဿပ အစရှိသော သံဃာထေရ်မြတ်အပေါင်း၏ မတိမ်းမစောင်း လက်ဆင့်ကမ်းထိန်းသိမ်းဖြန့်ဝေ သာသနာပြုခဲ့သော တရားရတနာတွင် ပါဝင်ခြင်းဖြစ်ပေသည်။

ဘုရားမပွင့်မီကပင် ရှိနေခဲ့ပြီးသော အကြောင်းအကျိုးနိယာမများဖြစ်၏။ ခေတ်အဆက်ဆက် အတွေးအခေါ်ပညာရှင်များက ဟောပြောရေးသားခြင်းကလည်း အသစ်အဆန်းတီထွင်ခြင်းကားမဟုတ်၊ တိမ်မြုပ်နေခဲ့သောအရာများကို စူးစမ်းလေ့လာကာ ဖော်ထုတ်မှုဝေခြင်းများသာဖြစ်၏။ အဘိဓမ္မာအပါအဝင် ထေရဝါဒဗုဒ္ဓဘာသာ၏ ခိုင်မာထင်ရှား အမှန်တရားသာသနာ။ အကြောင်းနှင့်အကျိုးမှာ ပါဝင်ကြသော ပစ္စယအင်အားစုလေးချက်ရှိကြောင်း မှတ်သားရဖူး၏။

**အင်အားစုလေးချက်**

ကာလ၊ ဒေသ၊ ပယောဂနှင့် ဥပဓိတို့ဖြစ်ကြ၏။ ဗုဒ္ဓဘာသာဝင်များ သိပြီးမှတ်ပြီးသားဖြစ်လောက်ပါသည်။ ဘာသာရေးစာပေနှင့်ဝေးသူ လူငယ်လူရွယ်တချို့အတွက်ရည်ရွယ်ပြီး ဖော်ပြခြင်းမျှသာဖြစ်သည်။ စာဖတ်ပရိသတ်အများထု သိပြီးသားဖြစ်ပါလိမ့်မည်။

၁။ **ကာလ။** အချိန်အခါသင့်ရန် လိုအပ်သည်။ အချိန်မှန်ကန်စွာ ရွေးချယ်တတ်ရသည်။ စော၍လည်း မအောင်မြင်။ နောက်ကျလျှင်လည်း အရာမထင်။

၂။ **ဒေသ။** နေရာမှန်ရမည်။ ရပ်တည်ရာ။ သင့်တင့်လျောက်ပတ်သော အခင်းအကျင်းအနေအထား၊ အခြေအနေ လိုအပ်ပေသည်။

၃။ **ပယောဂ။** အားထုတ်မှု၊ လုံ့လစိုက်မှု၊ စုစည်းညီညွတ်မှု၊ ဟန်ချက်ညီညာမှု၊ အဘက်ဘက်က ပြည့်စုံရသည်။

၄။ **ဥပဓိ။** ပါဝင်သူတို့မှာ မူလကပင် ဥပဓိသမ္ပတ္တိရှိရ၏။ လိုအပ်သော အရည်အချင်း၊ အရည်အသွေး၊ အခြေအနေ၊ အဆင့်အတန်း၊ အင်္ဂါလက္ခဏာ၊ ကြန်အင်တို့ ပြည့်စုံအပ်၏။ (ဝိမံသာဓိပတိအပါအဝင် ဖြည့်ဆည်းထားကြရန် လိုအပ်မည်ဖြစ်၏။)

ကာလ၊ ဒေသသည် မိမိတို့ထိန်းချုပ်နိုင်သော နယ်ပယ်၏ ပြင်ပအခြေအနေဖြစ်၏။ ၎င်း၏ပေးထားချက်ကို မှန်ကန်စွာရွေးချယ်အသုံးချတတ်ရပေမည်။

တတိယနှင့် စတုတ္ထ အင်အားစုများကို ပြည့်စုံအောင်လုပ်ဆောင်ရသည်မှာ လူသာပဓာနသဘောဖြစ်သည်။ လူက အောင်မြင်စွာ ပြောင်းလဲနိုင်စွမ်းရှိကြပေမည်။

မားကပ်စ်အောရေးလီယပ်စ် အန်တိုနီးနပ် (Marcus Aurelius Antoninus(AD 121-180) Roman emperor အတွေးအခေါ်ပညာရှင် ကမ္ဘာကျော်ရောမဧကရာဇ်ဘုရင်က အောင်မြင်ခြင်းသည် ဤအချက် ခြောက်ချက်ပြည့်စုံရန် တောင်းဆိုလေ့ရှိသည်ဟု ရေးသားခဲ့ဖူးပေသည်။

**ပြည့်စုံရမည်**

၁။ **ဆုံးဖြတ်ချက်ပြတ်သားခိုင်မာမှုရှိခြင်း** Determination

၂။ **ထက်သန်တက်ကြွပြင်းပြသော လုံ့လဝီရိယ** Enthusiasm

❖ မားကပ်စ်အောရေးလီယပ်စ်က အောင်မြင်မှုပန်းတိုင်ဆီသို့ ချီတက်ရာတွင် အခက်အခဲ၊ အတားအဆီး၊ အပိတ်အဆို့အမျိုးမျိုးတို့ကို မလွဲမသွေရင်ဆိုင်ရမည်။ ကြီးမားသောအောင်မြင်မြင့်မြတ်ရာသို့ သွားသောလမ်းသည် ပန်းခင်းသောလမ်းမဟုတ် ခရီးကြမ်းကန္တာရဟုဆို၏။ ထို့ကြောင့် မလျှော့သောဇွဲလုံ့လရှိကြရမည်။ မည်သို့ပင် ခက်ခဲကြမ်းတမ်း၍ အန္တရာယ်ကြုံတွေ့စေကာမူ သည်းခံနိုင်စွမ်းရှိရန် လိုအပ်သည်။ စတုတ္ထအချက်မှာ ကြီးမားသောအောင်ပွဲကို ရည်ရွယ်သူသည် ထိုက်တန်သောပေးဆပ်မှု၊ စွန့်လွှတ်ရခြင်းတို့ကို မုချမသွေစွမ်းဆောင်နိုင်ရဲရပေမည်။ လွယ်လွယ်ကူကူ ပေါ့ပေါ့တန်တန် အောင်မြင်လိမ့်မည်ဟု လျှော့မတွက်သင့်ပေ။ ပဉ္စမအချက်ကား လုပ်ဆောင်ချက်များ ရှေ့နောက်ညီညွတ်မှုနှင့် အဆက်မပြတ်ကြိုးစားအားထုတ်ခြင်းတို့ရှိရမည်ဟုဆိုသည်။ ❖

၃။ **လက်မလျှော့ဘဲ သည်းခံနိုင်စွမ်း** Patience

၄။ **ရဲရင့်စွန့်လွှတ်နိုင်စွမ်း** Sacrifice

၅။ **အဆက်မပြတ်ကြိုးစားခြင်း၊ ရှေ့နောက်ညီညွတ်ခြင်း** Consistency

၆။ **စည်းကမ်းရှိခြင်း** Discipline

ရောမဧကရာဇ်သည် သူ၏နိုင်ငံတော်ကို နှစ်ပေါင်း ၂၀ ကြာမျှ အေးချမ်းသာယာလုံခြုံစွာ ဦးဆောင်ကွပ်ကဲအုပ်ချုပ်ခဲ့သော ခေါင်းဆောင်အဖြစ်သာမက ရှေ့တန်းစစ်မြေပြင်မှာပင်ဖြစ်စေ နေ့စဉ်မပြတ် နေ့စဉ်မှတ်တမ်းနှင့် အတွေးအခေါ်၊ အတွေ့အကြုံ ကျမ်းစာပေါင်းစာမျက်နှာအရေအတွက် အံ့သြလောက်အောင် ရေးသားခဲ့သည့် ထင်ရှားသောအတွေးအခေါ်ပညာရှိဖြစ်၏။ **"စိတ်ကိုငြိမ်းအေးအောင် အားထုတ်ခြင်း"** Meditation ဟူသော အလေးအနက်တွေးခေါ်ဆင်ခြင်ခြင်းပညာစာအုပ်သည်လည်း စာပေသမိုင်းတွင် ထင်ရှားပေသည်။

**ဆုံးဖြတ်ချက်ခိုင်မာမှု**ရှိမှသာ အောင်မြင်မှုရနိုင်သည်။ မိမိလုပ်ဆောင်ချက်ပန်းတိုင်ကို တိကျစွာချမှတ်ဆုံးဖြတ်ပြီး စီမံချက်ရေးဆွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ လိုအပ်ချက်များဖြည့်ဆည်းခြင်း၊ တာဝန်ခွဲဝေခြင်း အစရှိသော ဆက်လက်လုပ်ဆောင်ရန်အချက်များ၏ ရှေ့မှာပင် ပါဝင်ကြသူအားလုံး၏ နှစ်နှစ်ကာကာ ခိုင်မာသောယုံကြည်ချက်နှင့် အောင်မြင်ရမည်ဟူသော သန္နိဋ္ဌာန်စိတ်ရှိရန်လိုကြောင်း ဖော်ပြဆွေးနွေးထားလေသည်။

**စိတ်အားထက်သန်**သော ဆန္ဒာဓိပတိနှင့်အတူ အပင်ပန်းအကြမ်းတမ်းခံကာ ဒုက္ခ သုက္ခအမျိုးမျိုးကို ကြံ့ကြံ့ခံ၍ဖြတ်သန်းကြမည့် ဝီရိယာဓိပတိကို မရမနေပါရှိအောင် ဖြည့်ဆည်းကြရမည်ဖြစ်ပေသည်။

မားကပ်စ်အောရေးလီယပ်စ်က အောင်မြင်မှုပန်းတိုင်ဆီသို့ ချီတက်ရာတွင် အခက်အခဲ၊ အတားအဆီး၊ အပိတ်အဆို့အမျိုးမျိုးတို့ကို မလွဲမသွေရင်ဆိုင်ရမည်။ ကြီးမားသော အောင်မြင်မြင့်မြတ်ရာသို့ သွားသောလမ်းသည် ပန်းခင်းသောလမ်းမဟုတ် ခရီးကြမ်းကန္တာရဟုဆို၏။ ထို့ကြောင့် မလျှော့သောဇွဲလုံ့လရှိကြရမည်။ မည်သို့ပင် ခက်ခဲကြမ်းတမ်း၍ အန္တရာယ်ကြုံတွေ့စေကာမူ **သည်းခံနိုင်စွမ်း**ရှိရန် လိုအပ်သည်။

စတုတ္ထအချက်မှာ ကြီးမားသောအောင်ပွဲကို ရည်ရွယ်သူသည် ထိုက်တန်သောပေးဆပ်မှု၊ **စွန့်လွှတ်ရခြင်း**တို့ကို မုချမသွေစွမ်းဆောင်နိုင်ရဲရပေမည်။ လွယ်လွယ်ကူကူ ပေါ့ပေါ့တန်တန် အောင်မြင်လိမ့်မည်ဟု လျှော့မတွက်သင့်ပေ။

ပဉ္စမအချက်ကား လုပ်ဆောင်ချက်များ ရှေ့နောက်ညီညွတ်မှုနှင့် **အဆက်မပြတ်ကြိုးစားအားထုတ်ခြင်း**တို့ရှိရမည်ဟုဆိုသည်။ ရှေ့နောက်မညီသော အပြောအပြုများကို ရှောင်ကြဉ်ရမည်။ အဆက်မပြတ် လုံ့လဝီရိယဖြင့် တက်ညီလက်ညီ စည်းစည်းလုံးလုံး ညီညီညာညာ (ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ) ဆောင်ရွက်ကြပါက အောင်မြင်မှုဆိုသည်မှာ မဝေးကွာလှချေ။

ဆဋ္ဌမ (ခြောက်ခုမြောက်) အချက်ကိုမူ အကျယ်မဖော်ပြတော့ပြီ။ **စည်းကမ်းကောင်းကြခြင်း**တဲ့။ ပြောနေစရာမလို။ စည်းကမ်းကောင်းသော လူ့အဖွဲ့အစည်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်နေကြပြီ။ စည်းကမ်းမဲ့သည့် အသင်းအပင်း၊ အဖွဲ့အစည်း၊ အစုဝေးတို့ကား မျက်စိရှေ့မှောက်မှာပင် ပြိုကွဲယိုင်လဲ ပျက်စီးယိုယွင်းသွားနေကြသည်။ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သကဲ့သို့ ဘဝတစ်ခုအောင်မြင်မှုအတွက် မရှိမဖြစ်လိုအပ်ချက်လည်းဖြစ်သည်။ စာဖတ်သူအများစုက သိရှိနားလည်ကြပြီးသားများဖြစ်သဖြင့် ဤမျှနှင့် နိဂုံးချုပ်ပါတော့မည်။ အောင်မြင်လိုလျှင် ဤခြောက်ချက် မရှိမဖြစ်လိုအပ်ပေသည်။

**နိဂုံး**

စာရေးသူရော စာဖတ်သူပါ တစ်ခါတစ်ရံ ရှေ့အဝေးကို မျှော်တွေးတွက်ဆ၍လည်းကောင်း၊ နောက်ကြောင်း မိမိတို့ဖြတ်သန်းခဲ့ရသော ခက်ခဲကြမ်းတမ်း၍ မအောင်မြင်ခဲ့သော အခြင်းအရာများကိုပဲ ကြည့်နေမိခြင်းမျိုးသည်လည်းကောင်း အမှန်စင်စစ်မှ အချိန်ကုန်ရုံမျှမက လူလည်း စိတ်ပင်ပန်းကြရ၏။ တကယ်တမ်း တန်ဖိုးရှိလှသော ပစ္စုပ္ပန်လက်ရှိအချိန်ကို အထက်ပါ ဘုရားအဆုံးအမ (ဓမ္မပဒ) တရားတော်မျိုး၊ ရောမဧကရာဇ်မားကပ်စ်အောရေးလီယပ်စ် အန်တိုနီးနပ်ရေးခဲ့သည့်အတိုင်း အောင်မြင်စေကြောင်း လိုအပ်ချက်အကြောင်းရင်းတရား ခြောက်ချက်လောက်ကို ပြည့်စုံအောင် ညီညီညွတ်ညွတ်ကြိုးစားလိုက်ကြလျှင် မလွဲမသွေ ပန်းတိုင်ကို အောင်မြင်စွာလှမ်းယူနိုင်မည်သာ မဟုတ်ပါလား။ သိရတော့လည်း အလွယ်သား။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၁၂ ဧကစိုက်ပျိုးပြီးစီး

**မော်လိုက် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၁၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြခဲ့ သိရသည်။


ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၁၂ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဖောင်းပြင်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၅၁၂ ဧကလျာထားစိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့် စိုက်ပျိုးပြီးပါပြီ။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီသီးစတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို တောင်သူတွေကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာများသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်ဧက ၁၉၀၀ စိုက်ပျိုးရန်လျာထားကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)



ယခင်နှစ်က ရုံးပတီစိုက်ခင်းကို တွေ့ရစဉ်။

# ရေနံချောင်းမြို့နယ် ထန်းပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးလာစေရန် ရည်ရွယ်၍ ထန်းပင်စုကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းက ထန်းပင်စုကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထန်းပင်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၅ သိန်းထုတ်ချေးပေးခဲ့ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းထံမှ သိရသည်။

နှံ့ယဉ်

# မြို့တောင်ကြီး အလွမ်းပြေ

- နတ်များဒေဝါ ဘုန်းသမ္ဘာဖြင့်
အာကာယံချဉ်း မိုးမြင့်တွင်းဝယ်
ဖန်ဆင်းတည်ထား လေသလားဟု
မှတ်မှားစဖွယ် အလှကြွယ်၍
တောင်စွယ်ပတ်ဝိုင်း မြူခြေမှိုင်းသည်
တိမ်လိုင်းကာဆီး မြို့တောင်ကြီး။

- မြစိမ်းတောင်ပေါ် စေတီတော်မှ
ရှုမျှော်ဝဲယာ မြင်ရပါသည်
ရေပြာကြည်အေး နောင်အင်းလေးနှင့်
ချိုမွှေးပန်းမန် ကြီးဖြူကန်နှင့်
မိုင်းပွန်ဘက်ကို ရှုမည်ဆိုသော်
ဟိုပုံးချိုင့်ဝှမ်း အလှဆန်းသည်
ပန်းတွေကလည်း ဖူးသနှင့်။
လမ်းတွေကလည်း ဖြူးသနှင့်။

- ပအိုဝ်းနှင့်ရှမ်း
ရှမ်းနှင့်ဓနု ဓနုနှင့်အင်း
တို့သွေးချင်းတို့ နီးရင်းဆုံတွေ့
ချမ်းမြေ့စရာ ဈေးနေ့မှာလျှင်
နီပြာခရမ်း ရောင်စုံပန်းနှင့်
ရှမ်းပြည်ထွက်ကုန် သီးနှံစုံသည်
နှင်းမှုန်ဆင့်လျှမ်း ဖုန်းသနှင့်။

- ရှမ်းမြေမြင့်သူ တောင်ပေါ်သူက
ကြည်ဖြူဖိတ်ကမ်း မုန့်ဈေးတန်းဝယ်
ရှမ်းထမင်းချဉ် စားမိလျှင်မူ
ပြန်ချင်တော့ပြီ ရှမ်းမြေဆီသာ
ချစ်ကြည်ထာဝရ နေချင်လှဟု
နှုတ်စချိုပျား သူပြောကြားသည်
စကားဝဲ ချိုသနှင့်။

- အို. . . ဘယ်ကိုကြည့်ကြည့် ကြည့်လေရာတွင်
ရင်မှာငြိမ်းချမ်း စိမ်းလန်းဖူးသစ်
မြနှစ်လဲ့ဝင်း သွေးချင်းတို့မြေ
သည်ဌာနေဝယ် ကြာရှည်လေးမြင့်
နေပါချင့်လည်း ခွင့်မသာပေ
ခွဲရချေသော် လေယာဉ်ပြတင်း
မိုးတိမ်တွင်းမှ ရှုရင်းနှုတ်ဆက်
ချစ်မက်မပြေ တောင်ကြီးမြေကို
မှိုင်းဝေညို့ပျ မျက်ရည်စဖြင့်
လက်ပြခဲ့မိပါသတည်း။ ။

**မြင်းမူမောင်နိုင်မိုး**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နိုင်ငံတကာ သတင်းများ

# ရုရှားနိုင်ငံ၌ ကုန်တင်ရထားတစ်စီး လမ်းချော်မှုဖြစ်ပွား အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် သတ်မှတ်စုံစမ်းနေ



**မော်စကို နိုဝင်ဘာ ၁၂**

ရုရှားနိုင်ငံ မော်စကိုမြို့ အရှေ့တောင်ပိုင်း ရာဇန်ဒေသ၌ နိုဝင်ဘာ ၁၁ ရက်က ကုန်တင်ရထားတစ်စီး လမ်းချော်ခဲ့ရာ အကြမ်းဖက်ဝါဒ တိုက်ခိုက်မှုကြောင့် လမ်းချော်မှုအဖြစ် ရုရှားစုံစမ်းစစ်ဆေးရေးမှူးများက သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါ ကုန်တင်ရထားသည် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့်လမ်းချော်ခဲ့ခြင်းဖြစ်ကြောင်း ရုရှား စုံစမ်းစစ်ဆေးရေးမှူးများက ဖော်ထုတ်တွေ့ရှိထားကြောင်း သိရသည်။

စုံစမ်းစစ်ဆေးမှုရလဒ်များအရ လက်လုပ်ဗုံးတစ်မျိုး ပေါက်ကွဲမှုကြောင့် ကုန်တင်ရထားတွဲပေါင်း ၁၉ တွဲ လမ်းချော်ခဲ့ရခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

ရထားလမ်းချော်မှု မဖြစ်ပွားမီ ရထားလမ်းချော်မှု ဖြစ်ရာနေရာမှ ပေါက်ကွဲသံတစ်သံ ပေါ်ထွက်ခဲ့ကြောင်း ဒေသခံများ၏အဆိုအရ သိရသည်။

ယူကရိန်းစစ်ရေးပဋိပက္ခ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ရုရှားနိုင်ငံ၏ ရထားလမ်းစနစ်မှာ တိုက်ခိုက်မှုများနှင့် မကြာခဏရင်ဆိုင်ခဲ့ရသည်။

ရထားလမ်းစနစ် တိုက်ခိုက်မှုများကို ယူကရိန်းလိုလားသူ အဖျက်အမှောင့်သမားများ၏ လုပ်ရပ်များအဖြစ် ရုရှားအစိုးရက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# တရုတ်၌ ပြန်လည်ပြုပြင်နေသည့်အဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွား၊ လူ လေးဦး သေဆုံး

**ပေကျင်း နိုဝင်ဘာ ၁၂**

တရုတ်နိုင်ငံ ဝမ်ကျိုးမြို့၌ နိုဝင်ဘာ ၁၁ ရက်က အဆောက်အအုံတစ်လုံးပြိုကျခဲ့ရာ ဆောက်လုပ်ရေးအလုပ်သမားလေးဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ပြိုကျခဲ့သော အဆောက်အအုံမှာ ပြန်လည်ပြုပြင် မွမ်းမံနေဆဲအဆောက်အအုံဖြစ်ပြီး သေဆုံးသူအားလုံးမှာ ဆောက်လုပ်ရေးအလုပ်သမားများဖြစ်ကြကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆောက်အအုံပြိုကျပြီးနောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်ပြီး မိုးကြီးမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အခက်အခဲများရှိနေကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဝမ်ကျိုးမြို့ တာဝန်ရှိသူများသည် အဆောက်အအုံပြိုကျရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြဆဲဖြစ်သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်ကလည်း တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်းပြည်နယ်၌ ဆီးနှင်းများကျဆင်းနေစဉ် အားကစားရုံတစ်ရုံ ပြိုကျခဲ့ရာ လူပေါင်း သုံးဦး သေဆုံးခဲ့ရသည်။

ထိုနည်းတူ ဟေလုံကျန်းပြည်နယ်မှာပင် ယခုနှစ် ဇူလိုင် ၁၁ ရက်က ကျောင်းအားကစားရုံခေါင်မိုး ပြိုကျမှုကြောင့် လူပေါင်း ၁၁ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# ဆိုမာလီယာမှ အာဖရိကသမဂ္ဂတပ်များရုပ်သိမ်းရေးအစီအစဉ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆိုင်းငံ့

**နယူးယောက် နိုဝင်ဘာ ၁၂**

ဆိုမာလီယာနိုင်ငံမှ အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင်များ သုံးလအတွင်း ပြန်လည်ရုပ်သိမ်းရေး အစီအစဉ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုဝင်ဘာ ၁၀ ရက်တွင် ဆိုင်းငံ့ခွင့်ပေးခဲ့ကြောင်း သိရသည်။

ဆိုမာလီယာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အယ်လ်ကိုင်ဒါအဖွဲ့ဆြဲဇာခံ အယ်လ်ရှာဘတ်စစ်သွေးကြွအုပ်စုတို့ကြား တိုက်ပွဲများပြင်းထန်နေစဉ် ဆိုမာလီယာမှ အာဖရိကသမဂ္ဂတပ်များရုပ်သိမ်းရေးအစီအစဉ်ကို လုံခြုံရေးကောင်စီက ဆိုင်းငံ့ပေးခဲ့ခြင်းဖြစ်သည်။

အယ်လ်ရှာဘတ်အုပ်စုကိုရင်ဆိုင်ရာတွင်ကူညီရေးအတွက် အာဖရိကသမဂ္ဂတပ်များ ဆက်နေပေးရန် ဆိုမာလီယာအစိုးရ၏မေတ္တာရပ်ခံချက်အရ အာဖရိကသမဂ္ဂတပ်များ ရုပ်သိမ်းပေးရေးအစီအစဉ်ကို လုံခြုံရေးကောင်စီက ဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း ကုလသမဂ္ဂသံတမန်များက ပြောကြားခဲ့သည်။

ဆိုမာလီယာအစိုးရ၏ မေတ္တာရပ်ခံချက်ကို အာဖရိကသမဂ္ဂနှင့် လုံခြုံရေးကောင်စီ နှစ်ရပ်စလုံးက ထောက်ခံခဲ့ကြကြောင်း ကုလသမဂ္ဂသံတမန်များ၏အဆိုအရသိရသည်။

အာဖရိကသမဂ္ဂ၏ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်သည်ဆိုမာလီယာ၌ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် ၁၅နှစ်ကြာကူညီခဲ့သည့် နိုင်ငံစုံတပ်ဖွဲ့ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# တူဗာလူကျွန်းစုနိုင်ငံအတွက် လုံခြုံရေးအာမခံချက် ပေးမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံကြေညာ

**ဆစ်ဒနီ နိုဝင်ဘာ ၁၂**

စစ်ရေးအရရန်လိုမှုကို တုံ့ပြန်ရာတွင် တူဗာလူကျွန်းစုနိုင်ငံအတွက် လုံခြုံရေးအာမခံချက် ပေးမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံက နိုဝင်ဘာ ၁၀ ရက်တွင် ကြေညာလိုက်သည်။

ဩစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီစီနှင့် တူဗာလူဝန်ကြီးချုပ် ကော်ဆီးနာတာနိုတို့ ကြေညာခဲ့သည့် နှစ်နိုင်ငံသဘောတူညီချက်အရ ဩစတြေးလျနိုင်ငံအနေဖြင့် တူဗာလူကျွန်းစုနိုင်ငံ၏ လုံခြုံရေးအစီအမံများကို အခြားနိုင်ငံများနှင့်အတူ အကဲဖြတ်ပေးမည်ဖြစ်သည်။

ထို့ပြင် တူဗာလူကျွန်းစုအား ရာသီဥတုပြောင်းလဲမှုဒဏ်မှအကာအကွယ်ပေးရေး၊ ရာသီဥတုပြောင်းလဲမှု ပြဿနာကြောင့် တူဗာလူကျွန်းစုမှ ရွှေ့ပြောင်းဝင်ရောက်သူများအား ပို၍လက်ခံပေးရေးတို့ကိုလည်း ဩစတြေးလျနှင့် တူဗာလူတို့က သဘောတူထားသည်။

နိုဝင်ဘာ ၁၀ ရက်တွင် ရယူခဲ့သောနှစ်နိုင်ငံ သဘောတူညီချက်သည် ဩစတြေးလျနိုင်ငံအတွက် ပစိဖိတ်ကျွန်းစု နိုင်ငံတစ်နိုင်ငံနှင့် ရယူနိုင်ခဲ့သည့် အရေးကြီးဆုံးသဘောတူညီချက် ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ပစိဖိတ်ဒေသ၌ တရုတ်နိုင်ငံ၏ ဩဇာကျယ်ပြန့်လာမှုကို တုံ့ပြန်ရေးအတွက် အဆိုပါသဘောတူညီချက်ကို ဩစတြေးလျနိုင်ငံက တူဗာလူကျွန်းစုနိုင်ငံနှင့် ရယူခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ပစိဖိတ်ကျွန်းစုဒေသနိုင်ငံ တစ်နိုင်ငံဖြစ်သော ဆော်လ်မွန်ကျွန်းစုနိုင်ငံနှင့် ယခုနှစ်အတွင်းမှာပင်လုံခြုံရေးသဘောတူညီချက်တစ်ရပ် ရယူထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသ ဒဲလ်ရေကန်၌ လှေအိမ်ငယ်များမီးလောင်မှုကြောင့် သုံးဦးသေဆုံး

**ဒေလီ နိုဝင်ဘာ ၁၂**

အိန္ဒိယ ထိန်းချုပ်မှုအောက်ရှိ ကက်ရှ်မီးယားဒေသ ဒဲလ်ရေကန်၌ ကမ်းကပ်ရပ်နားထားသည့် အပျော်စီးလှေအိမ်ငယ်များ နိုဝင်ဘာ ၁၁ ရက်က မီးလောင်ကျွမ်းခဲ့ရာ သုံးဦး သေဆုံးခဲ့ရကြောင်း သိရသည်။



သေဆုံးသူသုံးဦးမှာ မီးလောင်ကျွမ်းခဲ့သည့် အပျော်စီးလှေအိမ်ငယ်တစ်စီးပေါ်တွင်ရှိနေသည့်ဘင်္ဂလားဒေ့ရှ်နိုင်ငံသားခရီးသည်များဖြစ်ကြကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် အပျော်စီးလှေအိမ်ငါးလုံးနှင့် ရေပေါ်တဲအချို့ ပြာကျခဲ့ရသည်။

ဒဲလ်ရေကန် မီးလောင်ကျွမ်းမှုမှာ ပြင်းထန်လှသည်ဖြစ်ရာ ဆရီနာဂါမြို့တွင် မီးသတ်ကားများက နှစ်နာရီနီးပါးကြာ အချိန်ယူငြိမ်းသတ်ခဲ့ရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုသည် အပျော်စီးလှေအိမ်ငယ်များမှစတင်ခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်၏နောက်ခံအကြောင်းရင်းကို အိန္ဒိယတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဆရီနာဂါမြို့သို့ရောက်ရှိနေစဉ်အတွင်းဒဲလ်ရေကန်၌ လှေစီးအပန်းဖြေခြင်းသည် ကမ္ဘာလှည့်ခရီးသည်များကြား အလွန်ရေပန်းစားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X အာကာသနည်းပညာကုမ္ပဏီက Transporter-9 မစ်ရှင်ဖြင့် ဂြိုဟ်တုအစင်းပေါင်း ၉၀ ကို ဒုံးပျံတစ်စင်းတည်းဖြင့် လွှတ်တင်



**ဝါရှင်တန် နိုဝင်ဘာ ၁၂**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် နိုဝင်ဘာ ၁၁ ရက်တွင် Transporter-9 အမည်ရှိ မစ်ရှင်ဖြင့် ဂြိုဟ်တုအစင်းပေါင်း ၉၀ ကို ဒုံးပျံတစ်စင်းတည်းဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဂြိုဟ်တုအစင်းပေါင်း ၉၀ ကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၇ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့်ဒုံးယာဉ်သည် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းနယ်မြေအတွင်း သတ်မှတ်နေရာသို့ပြန်လည် ဆင်းသက်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၅၄ မိနစ်နှင့် ၈၅ ဒသမ ၅ မိနစ်ကြာကာလအတွင်း သယ်ဆောင်ထားသည့် ဂြိုဟ်တုအစင်း ၉၀ ကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ပေးနိုင်ခဲ့သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် Transporter-1 မစ်ရှင်ကို ၂၀၂၁ ခုနှစ်က လွှတ်တင်ခဲ့ရာ ထိုစဉ်က ဂြိုဟ်တု ၁၄၃ စင်းထိ တစ်ပေါင်းတစ်စည်းတည်း လွှတ်တင်ပေးခဲ့သည်။

နိုဝင်ဘာ ၁၁ ရက် Transporter-9 မစ်ရှင်သည် Space-X အာကာသ နည်းပညာကုမ္ပဏီအတွက် ၂၀၂၃ ခုနှစ်၏ အခု ၈၀ မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ဒရာဂွန်အာကာသကုန်တင်ယာဉ်က နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့


**ဝါရှင်တန် နိုဝင်ဘာ ၁၂**

Space-X အာကာသ နည်းပညာကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် နိုဝင်ဘာ ၁၁ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် သတ်မှတ်ချိန်ထက် ၁၄ မိနစ်စော၍ နိုင်ငံတကာအာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က သတင်းထုတ်ပြန်ထားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို CRS-29 မစ်ရှင်ဖြင့် နိုဝင်ဘာ ၉ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်း အာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာနှင့်သိပ္ပံစမ်းသပ်ပစ္စည်း အလေးချိန်စုစုပေါင်း ကီလိုဂရမ် ၂၉၅၀ သယ်ယူထားကြောင်း သိရသည်။



ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ တစ်လကြာဆိုက်ကပ်ထားပြီးနောက် အာကာသယာဉ်မှူးများ ပြန်လည်တင်ဆောင်ပေးလိုက်သည့် ပစ္စည်းပမာဏ ၁၇၂၄ ကီလိုဂရမ်နှင့်အတူ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည်ဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်းထောက်ပံ့မစ်ရှင်အတွက် အသုံးပြုနေသည့် အာကာသကုန်တင်ယာဉ်သုံးမျိုးအနက် ဒရာဂွန်အာကာသယာဉ်သည်သာ ကမ္ဘာ့မြေပေါ်သို့ ပြန်လည်ဆင်းသက်နိုင်စွမ်းရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## Pons-Brooks ရေခဲမီးတောင်ကြယ်တံခွန် ငါးလတာကာလအတွင်း တတိယအကြိမ်မြောက် မီးတောင်ပေါက်ကွဲမှုများဖြစ်နေ

**ဝါရှင်တန် နိုဝင်ဘာ ၁၂**

Pons-Brooks အမည်ရှိ ရေခဲမီးတောင် ကြယ်တံခွန်သည် ငါးလတာကာလအတွင်း တတိယအကြိမ်မြောက်အဖြစ် မီးတောင်ပေါက်ကွဲမှုများ ဖြစ်နေကြောင်း နိုဝင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

ရေခဲမီးတောင်များ တတိယအကြိမ်ပေါက်ကွဲမှုကြောင့် Pons-Brooks ကြယ်တံခွန်၌ ဦးချိုတစ်စုံနှင့်အလားတူသည့် အမြီးတန်းနှစ်ခု ထပ်မံပေါ်ထွက်လာကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။

Pons-Brooks ရေခဲမီးတောင်ကြယ်တံခွန် ထပ်မံပေါက်ကွဲမှုသည် အောက်တိုဘာ ၃၁ ရက်တွင် စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နေ၏အပူဓာတ်ကြောင့် Pons-Brooks ကြယ်တံခွန်အတွင်းပိုင်း၌ ဖိအားပေါ်ထွက်လာပြီး ကြယ်တံခွန်ဝတ်ဆံရေခဲလွှာများ ကွဲအက်၍ ရေခဲမှုန်များကို မှုတ်ထုတ်နေကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

ထိုသို့ ရေခဲမှုန်များမှုတ်ထုတ်နေစဉ် အချင်း ၁၀ ဒသမ ၅ မိုင်ထိရှိသည့် ကြယ်တံခွန်၏ အရွယ်အစားကြောင့် ဦးချိုတစ်စုံသဖွယ် အမြီးတန်းနှစ်ခု ထွက်လာရခြင်းဖြစ်ကြောင်း သိရသည်။

နေအဖွဲ့အစည်း၏ ဗဟိုချက်ဆီသို့ ဆက်လက်ပျံသန်းနေစဉ် Pons-Brooks ကြယ်တံခွန်၏ မီးတောင်လှုပ်ရှားမှုများမှာလည်း ပိုပြင်းထန်လာကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Pons-Brooks ကြယ်တံခွန်သည် ယခုနှစ် ဇူလိုင် ၂၀ ရက် တွင် ၆၉ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ရေခဲမီးတောင် စတင်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## Chikungunya ရောဂါ ကာကွယ်ဆေးကို FDA က အသုံးပြုခွင့်ပေးလိုက်ပြီဖြစ်

**နယူးယောက် နိုဝင်ဘာ ၁၂**

Chikungunya ခေါ် ဗိုင်းရပ်ကူးစက်ရောဂါတစ်မျိုးကို ကာကွယ်ပေးသည့် ပထမဆုံးကာကွယ်ဆေးကို အမေရိကန် အစားအစာနှင့်ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) က အသုံးပြုခွင့်ပေးလိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၁၁ ရက်သတင်းများအရ သိရသည်။

FDA ၏ ခွင့်ပြုချက်အရ Ixchiq အမည်ရှိ အဆိုပါကာကွယ်ဆေးကို Chikungunya ဗိုင်းရပ်ကူးစက်ခံရနိုင်ခြေမြင့်မားသူ လူကြီးများ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Chikungunya ဗိုင်းရပ်ကူးစက်ခံရပါက သက်ကြီးပိုင်းများနှင့် အခြားရောဂါအခံရှိနေသူများတွင် နာတာရှည်ကျန်းမာရေးပြဿနာများ ရှိလာတတ်ကြောင်း FDA ၏ အဆိုအရ သိရသည်။

Ixchiq ကာကွယ်ဆေးသည် Chikungunya ဗိုင်းရပ်ကူးစက်ရောဂါအတွက် ဆေးပညာလိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းပေးနိုင်သည်ဟု FDA က သုံးသပ်ထားကြောင်း သိရသည်။

Chikungunya ဗိုင်းရပ်သည် ခြင်များထံမှတစ်ဆင့် ကူးစက်တတ်ပြီး ၎င်းဗိုင်းရပ်ကူးစက်ပါက ကိုယ်အပူချိန်ကြီးခြင်း၊ အရိုးအဆစ်များနာကျင်ကိုက်ခဲခြင်း၊ ကြွက်သားများနာခြင်း၊ မောပန်းနွမ်းနယ်ခြင်းစသည့် ရောဂါလက္ခဏာများ ပေါ်ထွက်လာတတ်သည်။

Chikungunya သည် ကမ္ဘာ့ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာပြီး ပြီးခဲ့သည့် ၁၅ နှစ်အတွင်း တစ်ကမ္ဘာလုံး အတိုင်းအတာအရ ၎င်းဗိုင်းရပ်ရောဂါကို လူပေါင်း အနည်းဆုံး ငါးသန်း ခံစားခဲ့ရကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ကိုဗစ်ကူးစက်ခံရပြီး သုံးနှစ်အတွင်း ဘေးထွက်ဆိုးကျိုးများ ပျောက်ကင်းသွားတတ်

**ရောမ နိုဝင်ဘာ ၁၂**

ကိုဗစ်ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် ဆက်လက်ခံစားကြရသည့် အနံ့ပျောက်ခြင်း၊ ရသာအာရုံပျောက်ခြင်း စသည့်ဘေးထွက်ဆိုးကျိုးများမှာ သုံးနှစ်အတွင်း ပျောက်ကင်းသွားတတ်ကြောင်း နိုဝင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

အီတလီ သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါအစပိုင်းတွင် ကိုဗစ်ရောဂါ ကူးစက်ခံရပြီးနောက် ရသာအာရုံနှင့်အနံ့အာရုံ ပျောက်ဆုံးခဲ့သူ ၈၈ ဦးတို့၏ ကပ်ရောဂါအလွန်ကာလ အခြေအနေများကို လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာမှုတွင်ပါဝင်သူ လူနာအားလုံးမှာ အသက်ရှူလမ်းကြောင်းအောက်ပိုင်း ကျန်းမာရေးပြဿနာမရှိခဲ့ကြသော အပျော့စားကိုဗစ်လူနာများဖြစ်ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကိုဗစ်ဖြစ်ပွားပြီးနောက် ဆက်ခံစားခဲ့ရသည့် အနံ့အာရုံပျောက်ဆုံးမှုနှင့် ရသာအာရုံ ပျောက်ဆုံးမှုတို့မှာ သုံးနှစ်အတွင်း ပြန်လည်ပျောက်ကွယ်သွားတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ကူးစက်ခံရသူများနှင့် ကူးစက်ခံခဲ့ရဖူးခြင်း မရှိသူများကြား အနံ့အာရုံနှင့် ရသာအာရုံပျောက်ဆုံးမှုနှုန်းမှာ နောင်နှစ်နှစ်မှသုံးနှစ်အကြာတွင် ကွာခြားမှုမရှိတော့ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ ကိုဗစ်လူနာ ၆၄ ဒသမ ၈ ရာခိုင်နှုန်းမှာ ရောဂါကူးစက်ခံထားရချိန်အတွင်း အနံ့ပျောက်ခြင်း၊ ရသာအာရုံပျောက်ခြင်းများရှိတတ်ပြီး ၁၆ ရာခိုင်နှုန်းခန့်သည်သာ အထက်ပါ ဘေးထွက်ဆိုးကျိုးများကို သုံးနှစ်ထိ ခံစားရတတ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# UFC 295 ပြိုင်ပွဲတွင် မြန်မာဗိုက်တာ ဂျိရှုအာဗန်က ကီဗင်ဘော်ဂျာကို အနိုင်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ကမ္ဘာ့ထိပ်တန်းဖိုက်တာအဖွဲ့ အစည်းတစ်ခုဖြစ်သည့် UFC က ကျင်းပသည့် UFC 295 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ချင်းလူမျိုး ဂျိရှုအာဗန်နှင့် ပီရူးဖိုက်တာ ကီဗင်ဘော်ဂျာတို့ ထိုးသတ်ခဲ့ရာ ဂျိရှုအာဗန်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး UFC ပြိုင်ပွဲတွင် ဒုတိယမြောက်နိုင်ပွဲ ရယူနိုင်ခဲ့ကြောင်း သိရသည်။

ဂျိရှုအာဗန်သည် ဖိုက်တာလောကကို FURY အဖွဲ့အစည်းမှ စတင်ဝင်ရောက်ခဲ့သူဖြစ်ပြီး FURY အဖွဲ့အစည်းက ကျင်းပသည့်ပြိုင်ပွဲများတွင် အကောင်းဆုံးလက်စွမ်းများဖြင့် နိုင်ပွဲများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် UFC အဖွဲ့အစည်းက ခေါ်ယူစာချုပ်ချုပ်ဆိုပြီး UFC အဆင့်ပြိုင်ပွဲများတွင် ထိုးသတ်ခွင့်ရှိနေခြင်းဖြစ်သည်။

ဂျိရှုအာဗန်သည် UFC အဆင့်ပြိုင်ပွဲများတွင် ပထမဆုံးပွဲစဉ်အဖြစ် ပြီးခဲ့သည့် ဇွန် ၂၄ ရက်က ကျင်းပခဲ့သည့် UFC ဖလိုင်းဝိတ်တန်းပွဲစဉ်အဖြစ် ကာဇက်စတန်ဖိုက်တာ ဂူလော့ဗ်နှင့်ထိုးသတ်ခဲ့ရာတွင်လည်း ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ယခုအခါတွင်လည်း ပီရူးဖိုက်တာ ကီဗင်ဘော်ဂျာကိုလည်း ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျိရှုအာဗန်က ကီဗင်ဘော်ဂျာကို လက်ရည်အသာစီးဖြင့်ထိုးသတ်နိုင်ခဲ့ပြီး ဂျိရှုအာဗန်က ကီဗင်ဘော်ဂျာကို ၁၅၇ ချက် ထိချက်ရရှိအောင်ထိုးသတ်နိုင်ခဲ့ကာ ကီဗင်ဘော်ဂျာအနေဖြင့် ဂျိရှုအာဗန်ကို ၇၅ ချက်သာ ထိချက်ရရှိအောင် ထိုးသတ်ခဲ့သည့်အတွက် ဒိုင်သုံးဦးစလုံးက ဂျိရှုအာဗန်ကို အနိုင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA



## အားကစားသတင်း အတိုအထွာများ

- လာလီဂါပွဲစဉ်(၁၃) အပြီးတွင် ဂျီရိုနာအသင်းက ဗယ်လ်ကာနိုအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ရမှတ် ၃၄ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယနေရာမှ ရီးရဲလ်မက်ဒရစ်အသင်းကို ရမှတ်နှစ်မှတ်ဖြတ်တောက်နိုင်ခဲ့ကြောင်း သိရသည်။
- လီဗာပူးအသင်းက ခေါ်ယူရန် ကာလရှည်ကြိုးပမ်းနေသည့် ဒေါ့မွန်အသင်းကစားသမား ဘရန့်ဒ်ကို အာဆင်နယ်အသင်းနှင့် နယူးကာဆယ်အသင်းတို့ကလည်း အပြိုင်ကမ်းလှမ်းမှုပြုလုပ်နေပြီး ဒေါ့မွန်အသင်းက သင့်လျော်သည့်ပြောင်းရွှေ့ကြေးရရှိပါက လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရောင်းချရန် ဆန္ဒရှိနေသည်။ ML

### ပရီးမီးယားလိဂ် ပွဲစဉ် (၁၂) ရလဒ်

| | | | |
|---|---|---|---|
| အေဗီလာ | ၃ | - ၁ | ဖူလ်ဟမ် |
| ဘရိုက်တန် | ၁ | - ၁ | ရှက်ဖီးလ်(ယူ) |
| လီဗာပူး | ၃ | - ၀ | ဘရန့်ဖို့ဒ် |
| ဝက်စ်ဟမ်း | ၃ | - ၂ | နော်တင်ဟမ် |

### ပြင်သစ်လီဂူး ပွဲစဉ် (၁၂) ရလဒ်

| | | | |
|---|---|---|---|
| ကလဲယားမောင့် | ၁ | - ၀ | လိုရီယန့် |
| လိုင်လီ | ၁ | - ၁ | တူးလော့ |
| မက်ဇ် | ၃ | - ၁ | နန့်တက် |

(၀၄၀)

# လူတန်နှင့်ပွဲစဉ်တွင် အဓိက ကစားသမားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မန်ယူအသင်းထုတ်ပြန်



**မန်ချက်စတာ နိုဝင်ဘာ ၁၂**

ပရီးမီးယားလိဂ် ပွဲစဉ် (၁၂) အဖြစ် မန်ယူအသင်းနှင့် လူတန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် မန်ယူအသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး ဟိုက်လန်းနှင့် ကွင်းလယ်ကစားသမား အယ်ရစ်ဆင်တို့ ဒဏ်ရာရရှိခဲ့ကြောင်း မန်ယူအသင်းက ထုတ်ပြန်ပြောကြားခဲ့သည်။

လူတန်အသင်းနှင့် ပွဲစဉ်တွင် ဟိုက်လန်းနှင့် အဲရစ်ဆင်တို့ နှစ်ဦးစလုံး ပွဲထွက်လူစာရင်းတွင် ပါဝင်ခဲ့ပြီး ကွင်းလယ်ကစားသမား အဲရစ်ဆင်သည် ပွဲကစားချိန် မိနစ် ၄၀ အရောက်တွင် ဒူးဒဏ်ရာကြောင့် အသင်းဖော် မေဆင်မောင့်နှင့် လူစားလဲထွက်ခွာခဲ့ရကာ တိုက်စစ်မှူး ဟိုက်လန်းသည်လည်း ဒုတိယပိုင်း ပွဲချိန် ၇၉ မိနစ်အရောက်တွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့သဖြင့် တိုက်စစ်မှူးမာရှယ်နှင့်လူစားလဲထွက်ခွာခဲ့ရပြီး အဆိုပါပွဲစဉ်တွင် လင်ဒီလော့၏သွင်းဂိုးဖြင့် အနိုင်ရခဲ့သော်လည်း မန်ယူအသင်းအနေဖြင့် အဓိက ကစားသမားနှစ်ဦးကို ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

လက်ရှိ မန်ယူအသင်းတွင် ဒဏ်ရာရကစားသမားများဖြစ်သည့် ကက်စ်မဲရိုး၊ မာတီနက်ဇ်၊ လုခ်ရှော၊ မာလာစီယာ၊ အီဗန်၊ ဝမ်ဘစ်ဆာကာတို့အပြင် ကွင်းလယ်ကစားသမား ဆန်ချိုသည်လည်း အသင်းကြီးနှင့် ပူးပေါင်းခွင့်မရခဲ့သောကြောင့် လူတန်အသင်းနှင့် ပွဲစဉ်ကို ပါဝင်နိုင်ခြင်းမရှိဘဲ ယခုပွဲစဉ်တွင် အဲရစ်ဆင်နှင့်ဟိုက်လန်းတို့ ဒဏ်ရာပြဿနာကြုံခဲ့ရသဖြင့် မန်ယူအသင်းအနေဖြင့် ဒဏ်ရာရကစားသမားများပြားမှုနှင့် ရင်ဆိုင်နေရသည်။

နည်းပြတန်ဟတ်က "လက်ရှိအသင်းမှာ ဒဏ်ရာရကစားသမားများပြားနေပါတယ်။ ဒီလိုအချိန်မှာ အဲရစ်ဆင်နဲ့ ဟိုက်လန်းတို့ကို ဆုံးရှုံးရတာက ခက်ခဲမှုတစ်ခုပါ။ ဒီကစားသမားတွေ ဘယ်အချိန်ထိအနားယူရမလဲဆိုတာတော့ မသိသေးပါဘူး။ လက်ရှိမှာ လိုအပ်တဲ့စစ်ဆေးမှုတွေ လုပ်နေတာကြောင့် ၂၄ နာရီစောင့်ကြည့်ပြီးမှ သိရမှာပါ"ဟုပြောကြားခဲ့ပြီး ၎င်းအနေဖြင့်လည်း လူတန်အသင်းနှင့် ပွဲစဉ်တွင် အဝါကတ်ပြသခံရကာ အဝါကတ် သုံးကြိမ်ပြည့်ခဲ့သောကြောင့် လာမည့် အဲဗာတန်အသင်းနှင့်ပွဲစဉ်ကို ပွဲပယ်ခံရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : ML

# နည်းပြပိုင်အိုလီနှင့် လမ်းခွဲရန်ဆန္ဒမရှိကြောင်း အေစီမီလန်အသင်းပြောကြား

**မီလန် နိုဝင်ဘာ ၁၂**

အေစီမီလန်အသင်းက လက်ချီအသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သော်လည်း အသင်းတာဝန်ရှိသူများက နည်းပြပိုင်အိုလီကို ဆက်လက်ထောက်ခံခဲ့ပြီး လမ်းခွဲရန်ဆန္ဒမရှိဟု ပြောကြားခဲ့ကြောင်း သိရသည်။

အေစီမီလန်အသင်းသည် ပြီးခဲ့သည့် အမှတ်ပေးပွဲစဉ်များဖြစ်သည့် ဂျူဗင်တပ်အသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုးဂိုးမရှိ၊ အူဒီးနီးစ်အသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကာ နာပိုလီအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်၊ ယခုလက်ချီအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် နည်းပြပိုင်အိုလီ၏ ရာထူးနေရာအတွက် လှုပ်ခတ်မှုဖြစ်လာချိန်တွင် အေစီမီလန်အသင်းက နည်းပြ ပိုင်အိုလီကို ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နည်းပြ ပိုင်အိုလီသည် ယခုနှစ်ဘောလုံးရာသီတွင် အေစီမီလန်အသင်းကို အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲအပြီးတွင် ရမှတ် ၂၃ မှတ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် အမှတ်ပေးဇယားအဆင့်(၃)သို့ ရောက်ရှိခဲ့ပြီး အဆင့်(၁)မှ ဂျူဗင်တပ်အသင်းနှင့် ရမှတ်ခြောက်မှတ်သာ ကွာဟနေသောကြောင့် ချန်ပီယံဆုကိုစိန်ခေါ်နိုင်မည့်အခွင့်အရေး ရှိနေသည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း လေးပွဲကစားအပြီး ရမှတ် ၄မှတ် ရယူနိုင်ခဲ့သဖြင့် အဆင့်(၃) တွင် ရပ်တည်နေကာ အဆင့်(၁)မှ ဒေါ့မွန်အသင်းနှင့် ရမှတ် နှစ်မှတ်သာကွာဟနေမှုကြောင့် လာမည့် ပွဲစဉ်များတွင် အနိုင်ရရှိပါက ရှုံးထွက်အဆင့် တက်ရောက်နိုင်မည်ဖြစ်သည်။

အသက် ၅၇ နှစ်ရှိ နည်းပြပိုင်အိုလီသည် အေစီမီလန်အသင်းကို ၂၀၁၉ ခုနှစ်က စတင်တာဝန်ယူခဲ့ပြီးနောက် အသင်းအနေဖြင့် နှစ်ပေါင်းများစွာ ဝေးကွာနေသည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခွင့်ရရှိခဲ့သည့်အပြင် ၂၀၂၁-၂၀၂၂ဘောလုံးရာသီတွင်လည်း စီးရီးအေချန်ပီယံဆုဖလားရယူပေးနိုင်ခဲ့ပြီး လက်ရှိတွင် အသင်းနှင့် ၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသည့်အပြင် အသင်းဘုတ်အဖွဲ့ကလည်း ဆက်လက်ထောက်ခံကြောင်း ပြောကြားခဲ့သည်။

Ref : Sputnik
Trs : ML


# Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဘင်ကမ်းဘဲဆွတ်ခူး

**ဟောင်ကောင် နိုဝင်ဘာ ၁၂**

တရုတ်နိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၌ ကျင်းပခဲ့သည့် Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နယူးဇီလန် ဂေါက်သီးရိုက်ကစားသမား ဘင်ကမ်းဘဲက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဗိုလ်စွဲရန် ရေပန်းစားခဲ့သည့် သြစတြေးလျဂေါက်သီးရိုက်ကစားသမားကင်မရွန်းစမစ်မှာ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ထိုင်း ဂေါက်သီးရိုက်ကစားသမား ပါချာရာနှင့် ကနေဒါ ဂေါက်သီးရိုက်ကစားသမား လီရစ်ချက်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ကင်မရွန်းစမစ်အနေဖြင့် နောက်ဆုံးနေ့တွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သလို အာရှတိုက်၏ သက်တမ်းအရင့်ဆုံးသောဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်သည့် ပထမဆုံးသော သြစတြေးလျနိုင်ငံသားဖြစ်ခွင့်ရရန်နီးစပ်ခဲ့သော်လည်း အမှားတချို့ကြောင့် မှတ်တမ်းကောင်းရမည့် အရေးဖြင့် လွဲချော်ခဲ့ရသည်။



ဘင်ကမ်းဘဲက "နောက်ဆုံးနေ့ထိ နောက်ကနေ လိုက်ကစားခဲ့ရတယ်။ တစ်ရက်မှ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်မရခဲ့ပေမဲ့ နောက်ဆုံးနေ့မှာ အကောင်းဆုံးကစားနိုင်ခဲ့တယ်။ ပထမနေ့မှာ အကောင်းဆုံး မကစားနိုင်ပေမဲ့ တစ်ရက်ထက်တစ်ရက် စွမ်းဆောင်ရည်ပိုင်းတိုးတက်လာသလို ရလဒ်တွေလဲ တစ်ရက်ထက်တစ်ရက် ပိုကောင်းလာတယ်။ အထူးသဖြင့် နောက်ဆုံးနေ့မှာကစားခဲ့တဲ့ပုံစံဟာ ကစားသမားဘဝရဲ့အကောင်းဆုံးပုံစံဖြစ်ခဲ့တယ်။ စမစ်အနေနဲ့ နောက်ဆုံးနေ့မှာ အမှားတချို့ကျူးလွန်ခဲ့လို့ ချန်ပီယံဖြစ်ခဲ့တာပါ။ စမစ်လိုကစားသမားမျိုးကို ကျော်ပြီး ချန်ပီယံဖြစ်ခွင့်ရဖို့ဆိုတာ မလွယ်ပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# BRI နှင့် တာလီဘန်တို့၏ စီးပွားရေးအိပ်မက်

ဝင်းဇင်(သုတေသန)



ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၃၀ ကျော်မှ ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များသည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တတိယအကြိမ်မြောက် ရပ်ဝန်းနှင့်ပိုးလမ်းမဖိုရမ်သို့တက်ရောက်ရန်အတွက်၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၁၈ ရက်ထိ ပေကျင်းမြို့သို့ ရောက်ရှိခဲ့သည်။ အဆိုပါဖိုရမ်သည် သမ္မတရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာ အခြေခံအဆောက်အအုံနှင့်စွမ်းအင်လုပ်ငန်းစဉ်၏ (၁၀) ကြိမ်မြောက် နှစ်ပတ်လည်နေ့လည်းဖြစ်သည်။ ၎င်းညီလာခံသို့တက်ရောက်ရန် ဖိတ်ကြားထားသူများထဲတွင် ခေတ္တကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး ဟာဂျီနိုရူဒင်အဇီဇီ ဦးဆောင်သည့် အာဖဂန်နစ္စတန်မှ တာလီဘန်ကိုယ်စားလှယ်အဖွဲ့လည်း ပါဝင်သည်။

အဇီဇီသည် ဖိုရမ်တက်ရောက်ရန်နှင့်အာဖဂန်နစ္စတန်အတွက် အကြီးစားရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်ရန် ပေကျင်းမြို့သို့ လာရောက်ခဲ့ခြင်းဖြစ်သည်။ အဇီဇီသည် အာဖဂန်နစ္စတန်မြောက်ပိုင်းရှိ Wakhan စင်္ကြံကိုဖြတ်သန်း၍ လမ်းဖောက်လုပ်ရေးစီမံကိန်းများနှင့်စပ်လျဉ်း၍လည်း တရုတ်နိုင်ငံမှ တိုက်ရိုက်အကူအညီများရရှိရန် တရုတ်နိုင်ငံနှင့် ဆွေးနွေးပွဲများ လုပ်ဆောင်ခဲ့သည်။ သို့သော် နှစ်နိုင်ငံစလုံးအတွက် အရေးကြီးဆုံးအရာသည် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ (CPEC)ကို အာဖဂန်နစ္စတန်ထိ တိုးချဲ့ဖောက်လုပ်သွားနိုင်ရေးဖြစ်နိုင်ခြေကို ဆွေးနွေးသွားရန်ပင်ဖြစ်သည်။ အဆိုပါ စီမံကိန်းအားလုံးသည် ဖြစ်နိုင်ခြေရှိသော်လည်း တိုင်းပြည်အတွင်း လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကြောင့် ချက်ချင်းအသီးအပွင့် ထွက်ပေါ်လာနိုင်မည်ဟု မည်သူမျှ မျှော်မှန်းနိုင်မည်မဟုတ်ချေ။

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် တာလီဘန်အစိုးရသည် Amu Darya ချိုင့်ဝှမ်းဒေသ၌ ရေနံထုတ်လုပ်ရန် တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်း(CNPC) နှင့် အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိသည့် ၂၅ နှစ်သက်တမ်းရှိသော ကန်ထရိုက်စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါချိုင့်ဝှမ်းသည် အလယ်အာရှမှသည် အာဖရိကထိ ရှည်လျားသည်။ အဆိုပါစာချုပ်အရ ပထမနှစ်တွင် အာဖဂန်နစ္စတန်၌ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး နောက်သုံးနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၅၄၀ ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်သွားမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် အာဖဂန်နစ္စတန် စွမ်းအင်နှင့်ရေနံဝန်ကြီးဌာနသည် အာဖဂန်နစ္စတန်-တာဂျစ်ကစ္စတန် ရေနံဂုန်၏ လုပ်ကွက်နှစ်ခုတွင် စူးစမ်းရှာဖွေသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ၎င်းလုပ်ငန်းကို နှစ်နှစ်အတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အာရပ်စော်ဘွားများပြည်ထောင်စုနှင့်တူရကီနိုင်ငံတို့မှ ကုမ္ပဏီသုံးခုသည် စူးစမ်းရှာဖွေမှုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

တရုတ်နိုင်ငံသည် အာဖဂန်နစ္စတန်တွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ရန် အဆိုပြုမှုများရှိသော်လည်း လက်တွေ့တွင်မူ မည်ကာမတ္တမျှသာ လုပ်ဆောင်နိုင်သည်။ သဘောတူစာချုပ်များ၏ ကနဦးမျှော်မှန်းချက်များသည် အာဖဂန်နစ္စတန် ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် နိုင်ငံအတွက် အခွန်ဘဏ္ဍာများရရှိရန်ဖြစ်သော်လည်း အထင်နှင့်အမြင်လွဲခဲ့ရသည်။ ၂၀၀၈ ခုနှစ်တွင် တရုတ်ကုမ္ပဏီတစ်ခုသည် ကြေးနီတန်ချိန် ၁၁ ဒသမ ၀၈ သန်းခန့် ထုတ်လုပ်ရေးအတွက် Mes Aynak သတ္တုတွင်းများနှင့်စပ်လျဉ်း၍ နှစ် ၃၀ မြေငှားစာချုပ် ချုပ်ဆိုခဲ့သည်။ သို့သော် ၁၅ နှစ်ကြာပြီးသည့်တိုင်အောင် မည်သည့်သတ္တုတွင်းမျှ ထွက်ပေါ်လာခဲ့ခြင်း မရှိသေးပေ။

CNPC သည် Amu Darya ဒေသ၌ ရေနံတူးဖော်ရေးအတွက် ၂၀၁၁ ခုနှစ်တွင် စာချုပ်ချုပ်ဆိုခဲ့သော်လည်း တရုတ်ကုမ္ပဏီသည် ၎င်း၏အသုံးစရိတ်များအပေါ် လွတ်လပ်သောစာရင်းစစ်များက လာရောက်စစ်ဆေးမှုကိုပယ်ချခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်တွင် အာဖဂန်နစ္စတန်အစိုးရက လုပ်ငန်းကို ရပ်ဆိုင်းခဲ့သည်။ အဆိုပါကုမ္ပဏီသည် ရုံးခွဲပိတ်ပြီးနောက် တရုတ်နိုင်ငံသားဝန်ထမ်းများသည် အာဖဂန်နစ္စတန်မှ ပြန်လည်ထွက်ခွာသွားခဲ့သည်။

အာဖဂန်နစ္စတန်နှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သော ကုမ္ပဏီမှန်သမျှသည် အမှန်တကယ် ကုန်ထုတ်လုပ်ငန်းများ မစတင်သေးမီ သန့်စင်စက်ရုံများတည်ဆောက်ခြင်း သို့တည်းမဟုတ် သတ္တုကုန်ကြမ်းများ တိုးတက်ရေးအတွက် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရလေ့ရှိသည်။

ထို့ပြင် အာဖဂန်နစ္စတန်၏ သဘာဝအရင်းအမြစ်များကို ဘူမိဗေဒဆိုင်ရာ သုတေသနလုပ်ငန်းများမရှိခြင်းသည်လည်း ကနဦး စူးစမ်းလေ့လာမှုအတွက် ကုန်ကျစရိတ်များမြင့်တက်စေလျက်ရှိသည်။ အစောပိုင်းကာလတွင် စီမံကိန်းများ၌ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ခြင်းမရှိပေ။ အကျိုးဆက်အနေဖြင့် အာဖဂန်နစ္စတန်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရေးအတွက် အိန္ဒိယ၏စည်းရုံးဆောင်ရွက်မှုအပါအဝင် ဘက်စုံကြိုးပမ်းဆောင်ရွက်မှုများသည် ဆွဲဆောင်မှုမရရှိခဲ့ပေ။

အာဖဂန်နစ္စတန်လုံခြုံရေးကို ခြိမ်းခြောက်ခဲ့သော တာလီဘန်သည် လက်ရှိအချိန်တွင် တိုင်းပြည်အုပ်ချုပ်လျက်ရှိသော်လည်း စီမံအုပ်ချုပ်မှုနှင့်ကျွမ်းကျင်မှုတို့ ကင်းမဲ့လျက်ရှိသည်။ တရုတ်နိုင်ငံနှင့် အခြားသော နိုင်ငံတစ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများသည် သတိထား ဆောင်ရွက်နေရဖွယ်ရှိနေသည်။

ကုန်သွယ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကုလသမဂ္ဂကွန်ဖရင့် (UNCTAD)၏ ၂၀၂၃ ခုနှစ် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုအစီရင်ခံစာအရ အာဖဂန်နစ္စတန်နိုင်ငံသို့ FDI စီးဆင်းမှုသည် လွန်ခဲ့သောနှစ်အနည်းငယ်မှစ၍ သိသိသာသာကျဆင်းလာလျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၉ သန်းရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁ သန်းထိ ကျဆင်းသွားခဲ့သည်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ အခြေအနေများ ဆိုးရွားလာသဖြင့် ရင်းနှီးမြှုပ်နှံမှု ကျဆင်းလာခြင်းဖြစ်ပြီး အနာဂတ်တွင်လည်း ရင်းနှီးမြှုပ်နှံမှုမှာ မသေချာမရေရာဖြစ်ပေါ်လျက်ရှိသည်။ တာလီဘန်တို့၏မူဝါဒများသည် တိုင်းပြည်အတွင်းရှိ ကျွမ်းကျင်လုပ်သားများ ပြည်ပသို့ထွက်ခွာမှုများနှင့် ဦးနှောက်ယိုစီးမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်မှုမရှိသော ဘဏ္ဍာရေးဆိုင်ရာဈေးကွက်များနှင့် မလုံလောက်သောအခြေခံအဆောက်အအုံများသည် အဓိကရင်းနှီးမြှုပ်နှံသူများကို အတားအဆီး ဖြစ်ပေါ်စေလျက်ရှိသည်။

အဇီဇီသည် Wakhan စင်္ကြံတိုးတက်ရေးအတွက် တရုတ်နိုင်ငံကို လုံးလုံးလျားလျား အားကိုးလျက်ရှိသည်။ ၎င်းစင်္ကြံလမ်းသည် တရုတ်နိုင်ငံမှ အာဖဂန်နစ္စတန်ထိ ချိတ်ဆက်နိုင်ရန် ၉၈ ကီလိုမီတာရှည်လျားသည်။ သို့သော် အလားအလာရှိသော အဆိုပါကုန်သွယ်မှုလမ်းကြောင်းအတွက် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုများ လိုအပ်နေဆဲပင်ဖြစ်သည်။ မြင့်မား မတ်စောက်သော ရှေးခေတ်စင်္ကြံလမ်းသည် တစ်နှစ်လျှင် ငါးလခန့်သာ သွားလာနိုင်စွမ်းရှိသည်။ အဆိုပါလမ်းကြောင်းကို တရုတ်ကျွမ်းကျင်ပညာရှင်များနှင့် တည်ဆောက်သွားသည့်တိုင်အောင် အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာ ကုန်ကျမည်ဖြစ်ပြီး လုံခြုံရေးအစီအစဉ်များ လိုအပ်မည်ဖြစ်ကာ တရုတ်နိုင်ငံအနေဖြင့် အကျိုးအမြတ်ကို ဦးစွာတွက်ချက်ပြီးမှသာ လုပ်ငန်းကို ဆောင်ရွက်သွားဖွယ်ရာရှိနေသည်။

❖ အာဖဂန်နစ္စတန်ကို ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(BRI) နှင့် ချိတ်ဆက်ရန်၊ တာလီဘန်အတွက် CPEC ကို အာဖဂန်နစ္စတန်ထိ တိုးချဲ့ရန်နှင့် တရုတ်နိုင်ငံ၏ကြိုးပမ်းမှုများစွာ လုပ်ဆောင်ထားရှိပြီးဖြစ်သည်။ ၂၀၂၃ ခုနှစ် ဧပြီလတွင် တရုတ်နိုင်ငံသည် အာဖဂန်နစ္စတန် အရေးနှင့်စပ်လျဉ်း၍ ကုန်းတွင်းပိတ်နိုင်ငံမှသည် ကုန်းတွင်းချိတ်ဆက် နိုင်ငံအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်း ပေကျင်းကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ တာလီဘန်တို့အနေဖြင့် အာဖဂန်နစ္စတန်ထိ CPEC ၏တိုးချဲ့မှုကို စိတ်ပါဝင်စားမှုရှိနေကြောင်း အဆိုပါစာတမ်း၌ ဖော်ပြထားသည်။ ❖

အာဖဂန်နစ္စတန်ကို ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI) နှင့်ချိတ်ဆက်ရန်၊ တာလီဘန်အတွက် CPEC ကို အာဖဂန်နစ္စတန်ထိ တိုးချဲ့ရန်နှင့် တရုတ်နိုင်ငံ၏ကြိုးပမ်းမှုများစွာ လုပ်ဆောင်ထားရှိပြီးဖြစ်သည်။ ၂၀၂၃ ခုနှစ် ဧပြီလတွင် တရုတ်နိုင်ငံသည် အာဖဂန်နစ္စတန်အရေးနှင့်စပ်လျဉ်း၍ ကုန်းတွင်းပိတ်နိုင်ငံမှသည် ကုန်းတွင်းချိတ်ဆက်နိုင်ငံအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်း ပေကျင်းကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ တာလီဘန်တို့အနေဖြင့် အာဖဂန်နစ္စတန်ထိ CPEC ၏ တိုးချဲ့မှုကို စိတ်ပါဝင်စားမှုရှိနေကြောင်း အဆိုပါစာတမ်း၌ ဖော်ပြထားသည်။ အဇီဇီကလည်း မိမိတို့အနေဖြင့် နိုင်ငံတကာအဆင့် ဆောင်ရွက်နေသော BRI၊ တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံအပြင် အခြားသော အစီအစဉ်များတွင် တရုတ်နိုင်ငံနှင့် မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်သွားရန် တရုတ်နိုင်ငံနှင့် ဆွေးနွေးပြီးဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

သို့သော် ၂၀၂၁ ခုနှစ် ဩဂုတ်လမှစ၍ တာလီဘန်-ပါကစ္စတန်ဆက်ဆံရေးသည် တဖြည်းဖြည်းဆုတ်ယုတ်လာလျက်ရှိသည်။ တာလီဘန်တို့အနေဖြင့် အာဖဂန်နစ္စတန်နယ်မြေတွင် Tehreek-e-Taliban Pakistan (TTP) တို့ကို လက်ခံထားမှုအတွက် ပါကစ္စတန်၏ အကြိမ်ကြိမ်စွပ်စွဲပြောဆိုမှုနှင့် Durand Line ရှိ နိုင်ငံတကာ နယ်စပ်မျဉ်းတွင် ခြံစည်းရိုးခတ်ရန် ကြိုးပမ်းမှုတို့သည် တာလီဘန်တို့ကို စိတ်ဆိုးဒေါသထွက်စေခဲ့သည်။ ဗီဇာနှင့် အထောက်အထားမဲ့ အာဖဂန်နစ္စတန်ပြည်သူများကို အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းရန် ပါကစ္စတန်နိုင်ငံ၏ဆုံးဖြတ်ချက်သည် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးကို ကတောက်ကဆတ် ဖြစ်စေခဲ့သည်။ အဆိုပါအကြောင်းတရားများသည် အာဖဂန်နစ္စတန်ထိ CPEC တိုးချဲ့တည်ဆောက်ရေးတွင် အဟန့်အတား ဖြစ်စေလျက်ရှိသည်။

တာလီဘန်အစိုးရအဖွဲ့အနေဖြင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများရင်ဆိုင်နေရခြင်းသည် ပဋိပက္ခကြုံတွေ့ခဲ့ရသော တိုင်းပြည်၏အမွေဆိုးကြောင့်ပင်ဖြစ်သည်။ တာလီဘန်အဖွဲ့သည် အနောက်နိုင်ငံများနေရာတွင် တရုတ်နိုင်ငံနှင့် အစားထိုးသွားနိုင်ရန် မျှော်မှန်းထားရှိသည်။ တာလီဘန်အုပ်ချုပ်မှုအောက်ရှိ အာဖဂန်နစ္စတန်သည် တဖြည်းဖြည်း တရုတ်၏ အရိပ်လွှမ်းမိုးမှုအောက်သို့ ကျရောက်လာလျက်ရှိသည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံသည် အာဖဂန်နစ္စတန်ကို BRI တွင် ချိတ်ဆက်ပါဝင်ရန် ကမ်းလှမ်းထားရှိသဖြင့် တာလီဘန်တို့၏ အနာဂတ်စီးပွားရေးအိပ်မက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပေါ်တွင် မူတည်နေမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- **China's Belt and Road Initiative and the Taliban's Economic Dreams By The Diplomat.**

# ဆေးဖက်ဝင်ကြာပန်းလေးများအကြောင်း

ပေါက်ပေါက်

မြန်မာလ၏ ဆယ့်နှစ်လရာသီပန်းများအကြောင်းကို "ရာသီမသိ ပန်းနှင့်ညို"ဟု အမည်ရသောချစ်စရာကဗျာလေးတစ်ပုဒ်ကို ကင်းဝန်မင်းကြီးက ယခုလိုရေးဖွဲ့သီကုံးခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

ပန်းကံ့ကော်ရွှေစံကား
ငွေသားနှစံပယ်မှန်၊
မုလေး(မြတ်လေး)ခတ္တာနှင့်
ရွှေရင်းမာ ကြာခဝဲ
ဖွဲ့စနှင်းလျှံ၊
သဇင်ကျန်
ခွာတန်နှင့် ပေါက်လဲ၊
ပွင့်ဝတ်ကယ်ရွှေဖီမင်း
သင်းထုံနှံ့ကဲ။

ထို့ကြောင့် တန်ခူးလတွင် ကံ့ကော်ပန်း၊ ကဆုန်လတွင် စံကားပန်း၊ နယုန်လတွင် စံပယ်ပန်း၊ ဝါဆိုလတွင် မြတ်လေးပန်း၊ ဝါခေါင်လတွင် ခတ္တာပန်း၊ တော်သလင်းလတွင် ရင်းမာပန်း၊ သီတင်းကျွတ်လတွင် ကြာပန်း၊ တန်ဆောင်မုန်းလတွင် ခဝဲပန်း၊ နတ်တော်လတွင် သဇင်ပန်း၊ ပြာသိုလတွင် ခွာညိုပန်း၊ တပို့တွဲလတွင် ပေါက်ပန်းနှင့် တပေါင်းလတွင် သရဖီပန်းတို့ ဖူးပွင့်ကြကြောင်းကို မြန်မာဖတ်စာကဗျာ၏ ကျေးဇူးကြောင့် ကျွန်မတို့ငယ်ငယ်ကတည်းက သိခွင့်ရခဲ့ပါသည်။

**သီတင်းကျွတ်လ ကြာပန်း**

"ရေ၏ အတိမ်အနက်ကို ကြာရိုးကြာစွယ်များဖြင့် သာ သိရာ၏"ဟု လောကနီတိတွင် ဆိုထားသည်။

"ကြာငါးမည် ကြိုင်သင်းလို့ လျှံဝင်းတဲ့ မြောင်ထိန်"ဟု ဖိုးသူတော်ဦးမင်းက စာဖွဲ့ထားပါသည်။

ကြာငါးခိုင်နှင့်ပတ်သက်၍ စေတီပုထိုးများတွင် ကြာမှောက် ကြာလန်များ ပြုလုပ်ထားခြင်း၊ ဘာသာရေး အဆောက်အအုံများတွင် ကြာပန်း လေးပွင့်နှင့် ကြာပန်းတစ်ငုံကို ကြိုးဖြင့်စည်းထားခြင်း၊ ကြာပန်း ငါးခိုင်ကို ကြိုးဖြင့်ချည်ထားသည့် အမှတ်တံဆိပ်ကို အသုံးပြုနေကြခြင်း စသည့် လက္ခဏာများသည် ဘုရားငါးဆူပွင့်တော်မူမည်ကို ညွှန်းဆိုပြနေခြင်း ဖြစ်ပါသည်။

ဤဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်မည်ဟုမိုးနတ်ဗြဟ္မာများက နိမိတ်ဖတ်ကြားခဲ့ရာ "ငါးဆူရွှေကြာ၊ နိမိတ်လာ၍၊ ငါးဖြာမြွာလျက်၊ တစ်ပင်နက်ဝယ်၊ ငါးဆက်ဖူးငုံ၊ ပေါ်လတ်တုံက၊ ငါးပါးအညီ၊ ပွင့်တန်သည်ဟု၊ ငါးမည် မိုးနတ်၊ နိမိတ်ဖတ်သည်၊ မချွတ်ကမ္ဘာ၊ ပွင့်ရာသောဝ်"ဟု စာဆိုရှိခဲ့သည်။ ကြာငါးခိုင်နှင့် ဘုရားငါးဆူကို တင်စားရာတွင် လက်ကြာမုံလည်း ပါဝင်သည်။ လက်အုပ်ကလေးများချီပြီး ရှိခိုးကန်တော့ကြရာတွင် လက်နှစ်ဖက်အစုံကို ကြာငုံကြာဖူးကဲ့သို့ ပူးကပ်ထားသည့် ပုံသဏ္ဌာန်ဖြစ်ပါသည်။

"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်"ဟူသော ဆိုရိုးစကားအတိုင်း ကျန်းမာရေးရှုထောင့်မှ လေ့လာကြည့်ရာတွင် ဆယ့်နှစ်လရာသီပန်းများတွင်လည်း တစ်မျိုးချင်းစီအလိုက် ကျန်းမာရေးအာနိသင် အစွမ်းထက်မြက်ကြပါသည်။ သီတင်းကျွတ်လရာသီပန်းသည် ကြာပန်းဖြစ်ပါသည်။ ကြာဖြူ ခေါ် ကုမုဒြာကြာ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ် ခေါ် ကြာပုဏ္ဍရိက်၊ ကြာခေါင်းလောင်း ခေါ် ပဒုမ္မာကြာဟူ၍ ကြာပန်းငါးမျိုးရှိသည်။ ထို့ကြောင့် ယနေ့ချိန်ခါ ဝါလကင်းလွတ်သီတင်းကျွတ်လရာသီအတွက် ကြာပန်းလေးများ၏ ကျန်းမာရေးအကြောင်းကို ကျန်းမာသုတရကြပါစေကြောင်း ရည်ရွယ်၍ အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်။

ကြာပင်ဆိုသည်မှာ အရွက်ဝန်းပြီး အပွင့်တို့သည် အဖြူ၊ အနီပွင့်သောရေတွင်ပေါက်သည့် အပင်တစ်မျိုးဖြစ်ပါသည်။ ကြာငါးမျိုးအနက်ကြာဖြူ၊ ကြာနီနှင့် ကြာညိုတို့က ဥပ္ပလမျိုးဖြစ်ပြီး ကြာတံဆိပ်က ပုဏ္ဍရိက်မျိုးဖြစ်သည်။ ကြာဖြူနှင့်ပဒုမ္မာကြာတို့က ညချမ်းချိန်ခါလရောင်အောက်တွင်သာ ပွင့်လေ့ရှိကြပြီး ကျန်ကြာပန်းအရောင်သုံးမျိုးတို့ကမူ နေရောင်ခြည်ဖြာထွက်လာမှသာ ပွင့်လန်းလေ့ရှိသည်။ ပဒုမ္မာကြာသည် ရိုးတံမာပြီးဆူးရှိသည်။ အများအားဖြင့် ပန်းရောင်အပွင့်ပွင့်ကာ၊ အပွင့်ကြီးသည်။

ဖော်ပြပါကြာပန်း(၅)မျိုးအပြင် ကုန်းပေါ်တွင်သာပေါက်၍ နေရှိရာအရပ်သို့လှည့်၍ပွင့်သော နောက်ထပ်ကြာပန်းတစ်မျိုးရှိပါသေးသည်။ ၎င်းမှာ နေကြာပန်းဖြစ်ပါသည်။ သို့သော် ရှေးပညာရှိ ကဝိအကျော်အမော်များက ရေတွင်ပွင့်သောကြာပန်းကိုသာ သီတင်းကျွတ်ကာလ ဆယ့်နှစ်လရာသီပန်းဘွဲ့အဖြစ် သတ်မှတ်ပါသည်။

ရေတွင် ပွင့်သောကြာပန်း ငါးမျိုးကိုခွဲခြမ်းစိတ်ဖြာကြည့်ရာ အဝါဖျော့ရောင်ဝတ်ဆံဖြင့်ပွင့်ချပ်အဖြူကို "ကြာဖြူပန်း"၊ ပွင့်ဖတ်ကနီဆွေးဆွေး ပန်းရောင်လွှင်လွှင်ကို"ကြာနီပန်း"၊ ရွှေရောင်တောက်တောက်ဝတ်ဆံကို"ကြာညိုပန်း"၊ သေးသေးကျစ်ကျစ်အရွယ်အစားလေးများဖြင့် ရေမျက်နှာပြင်ပေါ်ဖြန့်ကြ၍ ပွင့်တတ်သောပန်းကို"ကြာတံဆိပ်"၊ အဖြူရောင်ပွင့်ချပ်ခုနစ်လွှာပါသောပန်းကို"ပဒုမ္မာကြာ"ဟု ယေဘုယျအားဖြင့် ခွဲခြားသိမြင် သတ်မှတ်နိုင်ပါသည်။

ကြာပန်းကို မြန်မာလူမျိုးများက ပန်ဆင်လေ့မရှိပါ။

သို့သော် လေ့လာကြည့်ရာ၌ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ခန့် (ဘီစီ ၃၀၀၀ ခန့်)က ယခုပါကစ္စတန်နိုင်ငံရှိ အိန္ဒုမြစ်ဝှမ်းတွင် မိုဟင်ဂျိုဒါရိုမြို့၊ ဟာရပ္ပမြို့များ ထွန်းကားခဲ့သည်။ ထိုမြို့များတွင် နေထိုင်သူများမှာ ဒြာဗီးဒီးယန်းလူမျိုးများဖြစ်ကြသည်။ ထိုမြို့များကိုတူးဖော်ရာ၌ ၎င်းဒေသတွင် နေထိုင်သူများက ကြာကိုအမြတ်တနိုးပန်ဆင် အသုံးပြုခဲ့ကြသည်ဟုယူဆရသော အထောက်အထားများ တွေ့ရကြောင်း လေ့လာသိရပါသည်။ ကြာပန်းနှင့်ပတ်သက်၍ နောက်ထပ်တွေ့ရှိထားသော ဗဟုသုတတစ်ခုမှာ တောင်အမေရိကတိုက် အမေဇုန်မြစ်ကမ်းစပ်တွင် ဗစ်တိုးရီးဂျီးယားဟုခေါ်သော ကြာအမျိုးအစားရှိကြောင်း၊ ကြာအရွက်မှာ ခြောက်ပေ၊ ခုနစ်ပေထိရှိပြီး အပွင့်မှာ ရှစ်လက်မမှ ၁၆ လက်မထိရှိကြောင်း သိရပါသည်။

**ကြာပန်းနှင့် ဘာသာရေးအမှတ်တံဆိပ်**

ဗုဒ္ဓဘာသာတွင် ကြာပန်းကိုအထင်ကရတင်စားမှုပြုလေ့ရှိသည်။ ထို့ပြင် ကြာကို ကိလေသာစင်ကြယ်ခြင်း၏ သင်္ကေတဟုတင်စားကြသည်။ မြတ်စွာဘုရားကို ကြာသင်္ကန်းကပ်ခြင်း၊ မြန်မာနိုင်ငံရှိ စေတီများတွင်လည်း ကြာမှောက်၊ ကြာလန်၊ ကြာဘီလူးဆွဲ၊ ကြာနု၊ ကြာပုံများပါရှိသည်။ ဘာသာရေးနှင့်ပတ်သက်ပြီး မြန်မာ့ယဉ်ကျေးမှုနယ်ပယ်များတွင် ကြာပန်းကို ပုံစံအမျိုးမျိုးသုံးကြကြောင်း အောက်ပါအတိုင်း လေ့လာသိရပါသည်။

- ကြာချပ်ပုံများဖြင့် မွမ်းမံပြုလုပ်ထားသော ကလပ် (လုပ်ကရော့အုပ်ဒေါင်းလန်း၊ ဆန်းလှသည့်ကြာကလပ်။ ဂီသစ်။ ၁၁၃)
- ပြာသာဒ်တွင် ထုပိကာအောက်ရှိအစိတ်အပိုင်း (ရွှေနန်းဝေမာ၊ ထုပိကာ၏၊ နေရာအောက်ရပ်၊ ကြာကလပ်တွင်။ စိန်ကျော်။ ၉)
- ကြာချပ်များဖြင့် မွမ်းမံသောအလောင်းတင်ခုံ (လူသေအလောင်းထည့်သောခေါင်းဗျဉ်၊ ကြာကလပ်ပိတာန်၊ ကြာကလပ်။ ချုပ်ပုံ၊ ၃၊ ၅၆)
- ကြာငုံ၊ ကြာဖူးကို'ကြာမုံ'၊
- စေတီတွင်ရွဲနှင့်ငှက်ပျောဖူးကြားရှိ မှောက်ထားသော ကြာပုံအစိတ်အပိုင်းကို 'ကြာမှောက်'၊
- လှန်ထားသော ကြာပုံအစိတ်အပိုင်းကို 'ကြာလန်'၊
- ကြာလန်အထက် ကြာမှောက်အောက်တွင် ပြုလုပ်ထားသော ဒေါင်လိုက်အတွန့်ကို 'ကြာရင့်'၊
- မဏ္ဍပ်ကနားများတွင် ဆွဲထားသော၊ ဆင်ထားသောနဖူးစည်းအဆင်တန်ဆာကို'ကြာယပ်'၊
- ကြာပင်က ကြာမျှင်များကိုခက်ခက်ခဲခဲရယူပြီး ရက်လုပ်ထားသောသင်္ကန်း၊ ဘုရားလှူရန် အဆင်တန်ဆာများဖြင့် တင့်တင့်တယ်တယ် ချုပ်ထားသောသင်္ကန်းကို 'ကြာသင်္ကန်း' စသည်ဖြင့် လေ့လာမှတ်သားရပါသည်။



**ဆေးဖက်ဝင် ကြာပန်း**

ကြာပန်းအရောင်အဆင်းများမတူညီကြသကဲ့သို့ ၎င်းတို့၏ဝတ်ဆံများကလည်း အမျိုးမျိုးအဖုံဖုံ ဆေးဖက်ဝင်လှသဖြင့် ရှေးတိုင်းရင်းဆေးဆရာကြီးများက ကြာပန်းကုထုံးဖြင့် အောက်ဖော်ပြပါရောဂါများကို ကုသစီရင်ခဲ့ကြကြောင်းလေ့လာမှတ်သားရပါသည်။

- ကြာဖြူဝတ်ဆံသည် ဝမ်းသွားခြင်း၊ အထက်ဆန်အောက်လျှောခြင်း၊ သည်းခြေဖောက်ပြန်ခြင်း၊ ကိုယ်တွင်းအပူများ၍ပိန်လှီခြောက်ကပ်ခြင်း၊ သလိပ်ထခြင်းစသည့်ရောဂါတို့ကို ကုသပျောက်ကင်းနိုင်ပါသည်။
- ကြာနီဝတ်ဆံသည် လေပူထခြင်း၊ အိပ်မပျော်ခြင်း၊ စိတ်မကြည်မလင်ဖြစ်ခြင်း၊ အာရုံမစူးစိုက်နိုင်ခြင်း စသည့်ရောဂါတို့ကို ကုသပျောက်ကင်းနိုင်ပါသည်။
- ကြာညိုဝတ်ဆံသည် ဝမ်းသက်ခြင်း၊ ချွဲသလိပ်ထခြင်း၊ လေထိုး၍ နှလုံးဆို့အောင့်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ဖျားနာခြင်း၊ ကိုယ်ခံအားနည်းခြင်း စသည့်ရောဂါတို့ကို ကုသပျောက်ကင်းနိုင်ပါသည်။
- ကြာတံဆိပ်ဝတ်ဆံသည် အပူပြင်း၍ ဖျားနာခြင်း၊ စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ သွေးအန်ခြင်း၊ မူးဝေခြင်း၊ အော့အန်ခြင်း၊ နှလုံးရောဂါ၊ အသည်းရောဂါ၊ သည်းခြေမကောင်းခြင်း စသည့်ရောဂါတို့ကိုကုသပျောက်ကင်းနိုင်သည်။
- ပဒုမ္မာကြာဝတ်ဆံသည် သွေးသည်းခြေဖောက်ပြန်၍ဖြစ်သော စိတ္တဇဝေဒနာ(ရူးသွပ်ခြင်း)၊ ရင်ပူခြင်း၊ လည်ချောင်းပူခြင်း၊ ချောင်းဆိုးခြင်း၊ ငိုက်မျဉ်းခြင်း၊ ရေငတ်ရောဂါ၊ ကိုယ်ခံအားဆုတ်ယုတ်ခြင်း စသည့်ရောဂါတို့ကို ကုသပျောက်ကင်းနိုင်ပါသည်။

**ကြာရိုးနှင့် ကျန်းမာရေး**

ကြာရိုးဆိုသည်မှာ ကြာပန်းအောက်တွင်ရှိသော အရိုးပွပွလေးကိုခေါ်ပါသည်။ အထက်တွင် ရေးသားဖော်ပြထားသည့်အတိုင်း ကြာပန်းအမျိုးမျိုးရှိကြရာ ၎င်းတို့အနက် ကြာနီပန်း၏အရိုးကို ဟင်းချိုဟင်းခါးချက်သောက်ကြသည်။ နီညိုရောင်လေးရှိပြီး ခပ်ပွပွရိုးတံလေးကို အရွယ်တော်လေးများလှီးဖြတ်ကာ ဘေးနားက အမျှင်လေးများကိုသင်ပြီး ချက်စား၍ရပါသည်။

ကြာရိုးတွင် ကယ်လ်ဆီယမ်၊ သံဓာတ်နှင့် အမျှင်ဓာတ်တို့ ကြွယ်ဝစွာပါဝင်နေပါသည်။ ကြာရိုးစားပေးခြင်းဖြင့် အောက်ဖော်ပြပါ ကျန်းမာရေးကောင်းကျိုးများစွာကို ရရှိစေပါသည်။

- ကြာရိုးကအမျှင်ဓာတ် ကြွယ်ဝသောကြောင့် အစာခြေစနစ်ကို အထောက်အကူပြုနိုင်သလို ဝမ်းမှန်စေသည်။ ဝမ်းချုပ်တတ်သူများအတွက် အထူးသင့်တော်ပါသည်။
- ကြာရိုးတွင် ကယ်လ်ဆီယမ် ပါဝင်နေမှုက နှလုံးကျန်းမာရေးကို အကောင်းဆုံးအထောက်အကူပြုပေးနိုင်ပါသည်။
- ထို့ပြင် ကယ်လ်ဆီယမ် ကြွယ်ဝမှုက အရိုးများကိုသန်မာစေပြီး အရိုးသိပ်သည်းဆကို ကောင်းစေနိုင်ပါသည်။
- ကြာရိုးက ဓာတ်တိုးဆန့်ကျင် အာနိသင်ကြွယ်ဝသလို အမိုင်နိုအက်စစ်ဓာတ်တစ်မျိုးဖြစ်သော Tryptophan ကြွယ်ဝစွာပါဝင်နေသောကြောင့် ဆဲလ်များကို ထိခိုက်မှုမဖြစ်အောင် ကာကွယ်ပေးပါသည်။ ထို့ပြင်ပတ်ဝန်းကျင်ကညစ်ညမ်းစေသောအရာများကြောင့် ဆဲလ်များမပျက်စီးအောင် ကာကွယ်ပေးနိုင်သည်။
- ကြာရိုးတွင် ပိုတက်ဆီယမ်ဓာတ် ကြွယ်ဝမှုက သွေးပေါင်ချိန်ကို ထိန်းညှိပေးသလို သွေးတွင်းသကြားဓာတ်ကိုလည်း အကောင်းဆုံးထိန်းညှိပေးသည်။ ထို့ကြောင့် ကြာရိုးကို ဆီးချိုရှိသူများရော သွေးတိုးရှိသူများပါ စားသုံးပေးသင့်သည်။
- ကြာရိုးတွင် မဆိုသလောက် ဗီတာမင်စီပါရှိနေ၍ ကိုယ်ခံအားကောင်းစေရန် အထောက်အပံ့ကောင်းဖြစ်သည်။
- အမျှင်ဓာတ်ကြွယ်ဝကာ ကယ်လ်လိုရီပါဝင်မှုနည်းပါးခြင်းနှင့် အာဟာရဓာတ်ကြွယ်ဝမှုကြောင့် ကြာရိုးက ကိုယ်အလေးချိန်ကျစေရန် အကောင်းဆုံးအထောက်အပံ့ပေးနိုင်သည်။
- ကြာရိုးမှာ ဗီတာမင်ဘီ၊ နီကာစင်၊ ဖောလိတ်၊ သီရာမင်း၊ ဗီတာမင်ဘီ-၆ နှင့် Pantothenic အက်စစ်ဓာတ်တို့ ကြွယ်ဝစွာပါဝင်နေသောကြောင့် မှတ်ဉာဏ်အားကောင်းစေသည်။ သတိမေ့၊ ခေါင်းကိုက်စသည့် စိတ်ဖိစီးမှုများကို ပြေလျော့စေပါသည်။ ထို့ကြောင့် ကြာရိုးက စိတ်ကိုကြည်လင်လန်းဆန်းစေရန် အကောင်းဆုံးဖြည့်စွက်စာတစ်မျိုးဖြစ်သည်။
- ကြာရိုးက ကလေးများရော ကိုယ်ဝန်ဆောင်မိခင်လောင်းများပါ စားနိုင်သည့် ဘေးကင်းသော စားစရာတစ်ခုဖြစ်သည်။

(သတိပြုရန်)

ကြာရိုးကို ချက်မစားမီမှာ သေချာစွာသန့်စင်ဆေးကြောရန် လိုပါသည်။

# နှလုံးသားမဲ့နှင်းဆီ ဇာတ်လမ်းတွဲကို နိုဝင်ဘာ ၁၆ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်




**ရန်ကုန် နိုဝင်ဘာ ၁၂**

နှလုံးသားမဲ့နှင်းဆီ ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာ ၁၆ ရက်မှ စတင်ကာ အပတ်စဉ် ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့တိုင်း Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ထင်အောင်ကျော်က ပြောပြ၍ သိရသည်။

နှလုံးသားမဲ့နှင်းဆီ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ကိုလေး (Mdc)က ရေးသားထားပြီး ဇာတ်ညွှန်းကို ဒီရေလှိုင်းနှင့် မိုးနိုင်တို့က ရေးသားထားခြင်းဖြစ်ကာ ဒါရိုက်တာ ထင်အောင်ကျော်က White Heart ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ရိုက်ကူးထားခြင်းဖြစ်သည်။

"အစဉ်အဆက်ပြည့်စုံချမ်းသာတဲ့ မိသားစုကနေ မွေးဖွားလာကြပေမဲ့ ဦးလေးဖြစ်သူရဲ့ လောဘရမ္မက်ကြောင့် မိဘတွေဆုံးရှုံးပြီး မိသားစုတကွဲတပြားဖြစ်ခဲ့ရတဲ့ ဖြူစင်စိုးမြင့်နဲ့ ဖြူစင်လမင်းတို့ညီအစ်မနှစ်ယောက်။ ဖြူစင်လမင်းမှာ အတိတ်မေ့ဝေဒနာကိုခံစားခဲ့ရပြီး အဝေးတစ်နေရာကို ရောက်ရှိခဲ့ချိန်မှာ သူလက်ထပ်ရမဲ့ ချစ်သူမောင်ကောင်းနဲ့လဲ ဝေးကွာခဲ့ရပါတယ်။ ဖြူစင်လမင်းဘဝကို မေ့ပျောက်ပြီး နှင်းဆီအဖြစ်နဲ့ ရှင်သန်နေထိုင်ရင်း သူ့ကိုကယ်တင်ခဲ့တဲ့ ကိုထွန်းနဲ့ မောင်ငယ်ဆိုတဲ့ သားအဖနှစ်ယောက်နဲ့ ဆုံခဲ့ရပြန်တယ်။ ဒီလိုနဲ့ သူ့ရဲ့အတိတ်ကို ပြန်လည်သတိရချိန် ဖြူစင်လမင်းနဲ့ ချစ်သူ မောင်ကောင်း၊ မနှင်းဆီအဖြစ်နဲ့ သံယောဇဉ်ရှိခဲ့တဲ့ မောင်ငယ် သူတို့သုံးယောက်ကြားက သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းလေးရဲ့အဆုံးမှာတော့ ဘယ်လိုဖြစ်လာမလဲဆိုတာ ဖန်သားပြင်ပေါ်မှာ ကြည့်ရှုခံစားပေးပါ"ဟု ဒါရိုက်တာ ထင်အောင်ကျော်က ပြောပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကျော်ရဲအောင်၊ နန်းဆုရတီစိုး၊ ကြည်ဖြူအောင်၊ ဂွန်နိုင်းအောင်၊ ပိုးဝတီသာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Now You See Me-3 ဇာတ်ကား ထုတ်လုပ်မှု ၂၀၂၄ ခုနှစ်တွင် စတင်ရန်စီစဉ်ထား

**နယူးယောက် နိုဝင်ဘာ ၁၂**

Now You See Me-3 ဇာတ်ကား ထုတ်လုပ်မှုလုပ်ငန်းကို ၂၀၂၄ ခုနှစ်တွင် စတင်ရန် Lionsgates ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း နိုဝင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

Lionsgates ကုမ္ပဏီသည် Now You See Me-3 ဇာတ်ကား ထုတ်လုပ်မှုကို ပြီးခဲ့သည့်သုံးနှစ်ခန့်ကပင် ကြေညာခဲ့သော်လည်း ယခုမှသာ ထုတ်လုပ်မှုစတင်နိုင်မည့်အချိန်ကို စီစဉ်ထားခြင်းဖြစ်သည်။


Now You See Me ဇာတ်ကားများသည် လူချမ်းသာများထံမှ ငွေကြေးများကို ပဥ္စလက်နည်းများ သုံး၍ရယူတတ်ကြသည့် မျက်လှည့်ဆရာအဖွဲ့တစ်ဖွဲ့၏အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားများဖြစ်သည်။

အဆိုပါဇာတ်ကားကို Venom ဒါရိုက်တာ ရူဘင်ဖလိုက်ချာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Now You See Me-3 ၌ ယခင် Now You See Me ဇာတ်ကားနှစ်ကားမှ သရုပ်ဆောင်များ ပြန်လည်ပါဝင်လာနိုင်မှုရှိ၊ မရှိကို မသိရသေးကြောင်း သိရသည်။

Now You See Meနှင့် Now You See Me-2 ဇာတ်ကားများတွင် မင်းသား ဂျက်ဆီအိုက်ဆင်ဘာ့၊ ဝုဒ်ဟာရယ်ဆန်၊ မော်ဂန်ဖရီးမင်းနှင့် မာ့ရပ်ဖလိုတို့ ပါဝင်ထားကြောင်း သိရသည်။

**Ref: Russia Today**
**Trs: KKO**




# Miss Universe 2023 ပြိုင်ပွဲတွင် National Costume ကို မြန်မာ့ငွေပဒေသာပင်ဝတ်စုံဖြင့် မြန်မာကိုယ်စားပြုအလှမယ် အမရာဖို ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

Miss Universe 2023 ပြိုင်ပွဲတွင် National Costume ကို မြန်မာ့ငွေပဒေသာပင် ဝတ်စုံဖြင့် မြန်မာနိုင်ငံ ကိုယ်စားပြုအလှမယ် အမရာဖို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အယ်လ်ဆာဗေဒိုးနိုင်ငံတွင် ကျင်းပနေသည့် Miss Universe 2023 ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်မှစတင်ကာ နိုဝင်ဘာ ၁၈ ရက်ထိ ကျင်းပလျက်ရှိပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၈၆ နိုင်ငံမှ နိုင်ငံကိုယ်စားပြုအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်နေကြောင်း သိရသည်။

"National Costume ကို မြန်မာ့ငွေပဒေသာပင်ဝတ်စုံနဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ မြန်မာ့ငွေပဒေသာပင် ဝတ်စုံကတော့ သာသနာထွန်းကားတဲ့ မြန်မာနိုင်ငံမှာ လှူဒါန်းခြင်းဆိုတဲ့ ရိုးရာဓလေ့ တစ်ခုကို ချစ်စဖွယ်ပြုမူလေ့ရှိကြပါတယ်။ အဲဒီထဲမှာမှ ကထိန်ကာလမှာ မိမိတို့ရဲ့ချွေးနဲ့စာနဲ့ သာသနာပြုပုဂ္ဂိုလ်တွေကို ငွေပဒေသာပင်တွေ ပြုလုပ်လှူဒါန်းခြင်းဆိုတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ပြထားတာလဲဖြစ်ပါတယ်။ ဒီနှစ်အတွက် National Costume (အမျိုးသားဝတ်စုံ)ကိုတော့ မြန်မာအမျိုးသမီးတစ်ယောက်ရဲ့ ငွေပဒေသာ လှူဒါန်းခြင်းအသွင်ကို ဒီဇိုင်နာ ကိုပြည့်စုံ (Hpa-An) က ဖန်တီးထားတာဖြစ်ပါတယ်" ဟု အလှမယ် အမရာဖိုက ပြောပြသည်။



Miss Universe 2023 ပြိုင်ပွဲ၏ Final Competition ကို နိုဝင်ဘာ ၁၈ ရက်တွင် အယ်လ်ဆာဗေဒိုးနိုင်ငံ National Gymnasium, San Salvador, El Salvador တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# အီလွန်မတ်စ်၏ဘဝအတ္ထုပ္ပတ္တိကို ရုပ်ရှင်အဖြစ်ရိုက်ကူးမည်

**နယူးယောက် နိုဝင်ဘာ ၁၂**

ကမ္ဘာကျော်နည်းပညာဘီလီယံနာသူကြွယ် အီလွန်မတ်စ်၏ ဘဝအတ္ထုပ္ပတ္တိကို A24 ရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်အဖြစ် ရိုက်ကူးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားသည် အီလွန်မတ်စ်၏ ပုဂ္ဂိုလ်ရေးဘဝနှင့် အာကာသစူးစမ်းလေ့လာရေး၊ အသိဉာဏ်တုနည်းပညာ စသည့်နယ်ပယ်များ၌ အီလွန်မတ်စ်၏စိတ်ဝင်စားမှုများကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အီလွန်မတ်စ်အတ္ထုပ္ပတ္တိ ရုပ်ရှင်ကားကို စာရေးဆရာ ဝေါ်တာအိုင်းဆက်ဆန် ရေးသားထားသည့် အီလွန်မတ်စ် အတ္ထုပ္ပတ္တိစာအုပ်ကိုပင် အခြေခံ၍ ရိုက်ကူးမည်ဖြစ်ပြီး အီလွန်မတ်စ်အတ္ထုပ္ပတ္တိဇာတ်ကားကို ဒါရိုက်တာ ဒါရန်းအာရွန်နော့စကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အီလွန်မတ်စ် အတ္ထုပ္ပတ္တိရုပ်ရှင်ကားသည် A24 ရုပ်ရှင်ကုမ္ပဏီအတွက် ဒါရိုက်တာ ဒါရန်းအာရွန်နော့စကီး ရိုက်ကူးပေးမည့် ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် အီလွန်မတ်စ် အတ္ထုပ္ပတ္တိဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်မည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref: Xinhua News**
**Trs: KKO**





# အလွန် ရုပ်ရှင်ဇာတ်ကား မိတ်ဆက်ပွဲ ကျင်းပပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၁၂**

အလွန် ရုပ်ရှင်ဇာတ်ကား မိတ်ဆက်ပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ HTA Naung Coffee Zayet ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်ကားကို ဖန်တီးရိုက်ကူးမည့် ဒါရိုက်တာ သီဟစိုးက ပြောပြ၍ သိရသည်။


အလွန် ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ဒါရိုက်တာ သီဟစိုးက တာဝန်ယူ ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပရိသတ်များ မြင်တွေ့နေကျမဟုတ်သည့်ဇာတ်အိမ်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားကတော့ ကျွန်တော့်ရဲ့တတိယမြောက်ရုပ်ရှင်ဇာတ်ကားပါ။ ရုပ်ရှင်ဇာတ်ကားတစ်ကားမှာ ဇာတ်ညွှန်းကတော့ အသက်ပါပဲ။ ဇာတ်ညွှန်းပိုင်းကို လွန်ခဲ့တဲ့ ခြောက်လကျော်လောက်ကတည်းက ကြိုတင်ပြင်ဆင်ထားတာပါ။ ဇာတ်ကောင်တွေနဲ့ လိုက်ဖက်တဲ့ သရုပ်ဆောင် ရွေးချယ်ထားပါတယ်။ သရုပ်ဆောင်တွေကလဲ ဇာတ်လမ်းကို သဘောကျလို့ လက်ခံရိုက်ကူးကြတာပါ။ ဒီဇာတ်ကားကတော့ ပရိသတ်တွေ မြင်တွေ့နေကျမဟုတ်တဲ့ဇာတ်လမ်းမျိုးပါ"ဟု ဒါရိုက်တာ သီဟစိုးက ပြောပြသည်။

အလွန် ရုပ်ရှင်ဇာတ်ကားကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့တွင် ဇာတ်အိမ်တည်ကာ နိုဝင်ဘာလအတွင်း ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် မင်းဦး၊ ဟင်နရီစန်း၊ ဝေလီ၊ လီလီကျော်ခိုင်၊ ဆောင်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Water course measurement conducted in Ayeyawady River from 8 November


Boats and ships seen in the Ayeyawady River.

**Mandalay November 12**

The water course measurement is being conducted along Ayeyawady River starting from 8 November, said U Thein Khaing Win, assistant director from the Mandalay Region Department of Water Resources and Improvement of River Systems.

Ayeyawady River will face lower water level soon. So, starting from 8 November, the water course measurement is being conducted in the river. As sandbanks will emerge in the river when water level declines, such a measurement is being conducted in the river for ensuring safety driving of vessels.

"We measure the area of water course where sandbanks can emerge," he explained.

Currently, departmental officials are conducting the measurements of water courses at Mandalay water course, Letsaungyu water course of TadaU Township and Pakokku water course.

"Such a project aims to know where sandbanks can emerge and where draughts will be shallow," he added.

184

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tachilek Trade Station may become Myanmar-Thai-Lao-China trade center if transit trade system is to be implemented

**Tachilek November 12**

Tachilek Trade Station can become a Myanmar-Thai-Lao-China trade center if a transit trade system can be implemented as the infrastructure has been ready, according to reports from the Tachilek border trade station.

Tachilek Border Trade Station is located beside Kengtung-Tachilek Union Road in eastern Shan State, and it is the third largest trading post among the six Myanmar-Thai border trade stations.

As it is bordered by Mae Sai in Thailand, there are border trade activities with Thailand. In addition, Tachilek Wan San Phu Highway is 18 miles away from Tachilek. On the side of Myanmar, there is the village of Wangpon, where there is an international port. Since the opening of Tachilek Trade Station, Wangpon International Port has been a port that has been carrying out trade activities with China by sea. The port can trade with China's Jinghon Port and Thailand's Jinsan Port along the Mekong River. At present, Tachilek is a border trading station that trades with Thailand in Thai Baht and with China in Chinese Yuan.



The gate of Tachilek Border Trade Station.

Tachilek border trade station sells products from Shan State (East) to Thailand, and products such as rice and corn from central Myanmar are exported to China. The main products exported from Tachilek trade station with Thailand are corn, garlic, rubber, onions, coffee beans. Metals, ores, fuel oil, cement and construction materials are major import items.

336

# Yangon buys 71,000 visses of freshwater catfish from Bogale Township during Oct

**Bogale November 12**

Up to 71,000 visses of freshwater catfish were transported from Bogale Township, Pyapon District, Ayeyawady Region to Yangon during October, said Daw Htay Htay, owner of fish wholesale center in Bogale.

Only 49,000 visses of freshwater catfish from Bogale Township were sold in September, and from October 1 to 31, 71,000 visses of freshwater catfish were sold. It is reported that because the sale of catfish from the catfish farm is good, the job opportunities for the people working in the fishery industry are convenience.

"Freshwater catfish, which has increased in sale, is a kind of fish for domestic consuming. Although the sale increased significantly, the price remained normal. We have a good price in the Yangon market and can be sent without any difficulty. All fishery products from this side are transported to Yangon in addition to the local market," she said.

It is reported that freshwater catfish produced in Bogale Township fetches up to 120,000 kyats per 10 visses.

KKL


Freshwater catfish.

# Chinese Garlic sales getting good in Mandalay markets

**Mandalay November 12**

The sales of garlic imported from China to the Thiri Mingalar Greens Market in Aungmyethazan District of Mandalay City are good, said U Aung Moe Naing, the owner of Aung Brokerage in Mandalay.

At present, about 3 to 4 trucks loaded with garlic coming from China regularly enter Mandalay's greens market. Garlic has entered the market in droves, and the current garlic prices depend on the size. Sales are good with a price of 7,500 kyats per viss.

"Chinese garlic is entering the Mandalay market and fetching a good price. Garlic is good for health because it is free of chemicals and tastes good. It also makes us healthy. Every day, Chinese garlic enters the market in droves. There is less entry from the local market. Therefore, the garlic trade is good. Other crops such as tomato, cabbage, potatoes, mustard, long beans, and bitter gourds are also selling well," he said.

These garlics are imported from China and can be grown in mountainous areas in the country. It is mainly grown in Shan State (South) and (North), Mandalay Region and Sagaing Region. The greens market is open as usual and it is busy. At present, cargo trucks entering the market with various goods are as regular as ever.

185

# China-Myanmar Textile and Machinery Expo to take place at Inya Lake Hotel in Mayangon Township




A press conference in progress to hold the China-Myanmar Textile and Machinery Expo.

**Yangon November 12**

The China-Myanmar Textile and Machinery Expo will be held at Inya Lake Hotel in Mayangon Township of Yangon Region, according to Daw Khine Khine Nwe, General Secretary of Myanmar Garment Entrepreneurs Association.

The expo will last for three days from 8 to 10 December. It will be jointly organized by Korea Garment Association in Myanmar (KOGAM), Japan Garment Manufacturers Association in Myanmar (JGMA) and Hong Kong Myanmar Manufacturers' Association Limited-HKMMA with the assistance of the Commercial Department of Zhejiang Province of China.

"Every country prefers textile but is different in colours, fashion and designs. Actually, they all prefer to use high quality and newer ones. Myanmar will showcase its products as made in Myanmar at the expo. In this regard, different quality and designs of textiles, sandals and slim bags from China, Korea, Japan and Hong Kong will be displayed at the export," she explained.

Moreover, China will showcase 25 brands for products of more than 100 textile, clothes, sandals and slim bag producers where Myanmar will put garment products, domestic produced sandals and slim bags on display.

Representatives from ASEAN AFTEX will share future prospects of textile and clothes at the panel discussions, and visitors will have the chance to directly contact representatives from relevant booths so as to initiate mutual cooperation in relevant projects.

Myanmar Garment Manufacturers Association and KOGAM, JGMA and HKMMA from foreign garment manufacturers association will display their products at relevant booths.

A press conference on the expo took place at Time City in Kamayut Township of Yangon Region on 10 November. ASH

# Biden to Urge Xi to Advise Iran Against Further Middle East Escalation, Report Reveals

**San Francisco November 12**

US President Joe Biden and Chinese President Xi Jinping will hold a meeting in San Francisco on 15 November on the margins of the APEC Leaders' Summit to discuss a whole host of bilateral, regional and global issues as the Palestine-Israel conflict comes dangerously close to spreading to neighboring countries.

US President Joe Biden reportedly intends to urge his Chinese counterpart Xi Jinping to wield his clout with Iran to prevent the Palestine-Israel conflict from escalating into a wider regional one.

During his forthcoming one-on-one with the Chinese President, Biden "will underscore our desire for China to make clear in its burgeoning relationship with Iran that it is essential that Iran not seek to escalate or spread violence in the Middle East," a senior administration official was cited as telling 'Politico'. Furthermore, a warning is to be conveyed that any "provocative actions" on the part of Tehran will trigger an immediate US response, the official said.

The relationship between China and Iran will be the focus of "tough conversations" between Biden and Xi, another senior administration official was quoted as telling reporters. The Biden administration is increasingly concerned that Iran's ally – the Lebanon-based Hezbollah militant group – could wade into the continuing flare-up in the Middle East by opening a second front against Israel, the US report stated citing Washington officials. Sputnik

# More than 13,000 tons of green gram worth US$9 million exported abroad in October

**Nay Pyi Taw November 12**

More than 13,000 tons of green gram worth mover US$9 million was exported to foreign markets in October, according to the Ministry of Commerce.

Myanmar sells more than 20 kinds of pulses and beans to foreign customer countries. Of them, green gram is three largest export volume beans of the nation. So, it is sent to customer countries through land borders and maritime trade route weekly.

The country exports 13,844 tons of green gram abroad to earn US$9.36 million. In this regard, 7,550 tons of green gram went to Vietnam, 2,400 tons to China, 1,200 tons to the Philippines, 800 tons to Malaysia, 750 tons to Singapore, 450 tons to Thailand and 250 tons to EU countries, totalling 13,400 tons through maritime trade route.



A green gram plantation.

At the same time, 444 ton of bean was also sent to China through land border in October. 336

# Russia Repels 5 Ukrainian Attacks in Donetsk Direction in Past 24 Hours - MoD

**Moscow November 12**

Russian armed forces repelled five attacks by Ukraine in the Donetsk direction over the past 24 hours, inflicting heavy casualties on the Ukrainian army, the Russian Defense Ministry said on Sunday.

"In the Donetsk direction, Southern group units repelled five enemy attacks near the villages of Kurdyumovka and Klishcheevka in the Donetsk People's Republic with aviation and artillery assistance. The Ukrainian armed forces lost up to 250 military personnel killed and wounded, three armored combat vehicles and three pickup trucks," the ministry said.

Ukrainian losses also included a Polish-made Krab self-propelled tracked gun-howitzer, a US-made M119 howitzer, three D-30 guns and one D-20 howitzer.

In addition, in the Kupyansk direction, Russian troops used aviation and artillery strikes to repel two attacks by Ukrainian assault groups of the 54th mechanized brigade near the village of Zagoruykovka in Kharkov region, leaving 40 Ukrainian troops dead or wounded.

Russian troops also repelled two attacks by Ukraine in the Liman direction, leaving up to 210 Ukrainian troops killed or wounded.

Sputnik



# K19.3 million loans provided to winter sunflower growers in Mandalay Region

**Mandalay November 12**

Farmers in Mandalay Region have been loaned K19.3 million for their special acreage of winter sunflower during the winter crop season, according to Mandalay Region Myanmar Agricultural Development Bank.

The bank has set aside loans for more than 800 acres for winter sunflowers, and since the second week of October, it has been lending loans to farmers for cultivation costs. In four villages, K19.3 million has already been loaned to 37 farmers. It is reported that the remaining farmers are still being given loans.

"We cooperate with related departments to provide loans to farmers who cultivate winter sunflowers in the region. Loans were granted from the second week of October. The bank lends to farmers at a low interest rate. We mainly lend to farmers in 13 townships who cultivate winter sunflowers. We provide loans at a rate of K100,000 per acre. For the convenience of farmers, we are taking a step to help them grow their crops and get good varieties from Mandalay Region," said U Soe Ko Ko Win, regional manager of the MADB.

The loans for growing winter sunflowers will be loaned for more than 800 acres in 13 townships of Mandalay Region.

185

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တာဝေးပျံသန်းစစ်ဆင်နိုင်မည့် ဗုံးကြဲလေယာဉ်သစ် အမေရိကန်လေတပ် ပထမဆုံးစမ်းသပ်ပျံသန်း



အမေရိကန် စစ်လက်နက်ကုမ္ပဏီ Northrop Grumman က ထုတ်လုပ်မည့် စစ်ဆင်ရေးသုံး ရှေ့ပြေးပုံစံ ခြောက်မျိုးထဲမှ တစ်ခုဖြစ်သော တာဝေးပျံသန်းစစ်ဆင်နိုင်မည့် ဗုံးကြဲလေယာဉ်သစ်၏ ပထမဆုံး စမ်းသပ်ပျံသန်းမှုကို အမေရိကန်လေတပ်က ပြုလုပ်ခဲ့ကြောင်း ရုရှားနိုင်ငံ RT သတင်းဌာနက နိုဝင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

B-21 Raider ဟုအမည်ပေးထားသည့် အဆိုပါ ဗုံးကြဲလေယာဉ်ကို ကယ်လီဖိုးနီးယားပြည်နယ် Northrop's Palmdale သုတေသနဌာန၌ နိုဝင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းဓာတ်ပုံဆရာ Matt Hartman က ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်၌ လေယာဉ်ပျံသန်းနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းတွင် အမေရိကန်လေတပ်က ပျံသန်းမှုကိုအတည်ပြုခဲ့ပြီး အဆိုပါစမ်းသပ်ပျံသန်းမှုကို လေတပ်စမ်းသပ်ရေးစင်တာနှင့် အမှတ်(၄၁၂) စမ်းသပ်ရေးအုပ် B-21 ပေါင်းစပ်စမ်းသပ်မှုတပ်ဖွဲ့က ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အရေးကြီးသောပထမခြေလှမ်းဟုခေါ်ဆိုခဲ့သည်။

အဆိုပါ ဗုံးကြဲလေယာဉ်သစ်သည် အမေရိကန်၊ မဟာမိတ်များနှင့် မိတ်ဖက်နိုင်ငံများအပေါ် ရန်လိုမှုနှင့် မဟာဗျူဟာမြောက် တိုက်ခိုက်မှုများကို ဟန့်တားရန်အတွက် ရပ်တည်ရှင်သန်နိုင်စွမ်း၊ တာဝေးပျံသန်း၍ ထိုးဖောက်တိုက်ခိုက်မှုစွမ်းရည်များကို ပေးစွမ်းနိုင်လိမ့်မည်ဟု အမေရိကန်လေတပ်ပြောရေးဆိုခွင့်ရှိသူ Ann Stefanek က ထည့်သွင်းပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ်က စတင်ခဲ့သည့် ပင်တဂွန်စစ်ဌာနချုပ်၏ Long Range Strike Bomber တာဝေးပျံသန်း တိုက်ခိုက်နိုင်သော ဗုံးကြဲလေယာဉ် အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော B-21 ဗုံးကြဲလေယာဉ်သည် ၂၀၂၇ ခုနှစ်တစ်ချိန်ချိန်၌ တာဝန်ထမ်းဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း မဟာဗျူဟာမြောက် တားဆီးကာကွယ်ရေးနှင့် ချုကလီးယားပေါင်းစည်းရေးဆိုင်ရာ လက်ထောက်အရာရှိ ဒုတိယဗိုလ်ချုပ်ကြီး James C. Dawkins က ပြောကြားခဲ့သည်။

B-1 Lancer၊ B-52 Stratofortress နှင့် B-2 Spirit ဗုံးကြဲလေယာဉ်များ အပါအဝင် လာမည့်ဆယ်စုနှစ်များအတွင်း သက်တမ်းကြာမြင့်နေပြီဖြစ်သော ဗုံးကြဲလေယာဉ်အများအပြားကို အစားထိုးရန် တာဝန်ရှိသူများက မျှော်လင့်ထားကြကြောင်း သိရသည်။

B-2 ဗုံးကြဲလေယာဉ်ကို ဒီဇိုင်းထုတ်သည့် Northrop Grumman ကုမ္ပဏီက နိုဝင်ဘာ ၁၀ ရက်တွင် စမ်းသပ်ပျံသန်းမှုကို အသိအမှတ်ပြုခဲ့ပြီး ၎င်းသည် ကျွန်ုပ်တို့၏ ဒစ်ဂျစ်တယ်လေယာဉ် အမျိုးအစားများကိုတရားဝင်ဖြစ်စေကာ လုပ်ငန်းလည်ပတ်နိုင်သည့်အဆင့်သို့ရောက်ရန် နောက်ထပ် ခြေတစ်လှမ်း ပိုနီးကပ်လာခြင်းလည်းဖြစ်သည်ဟု အမေရိကန်လေတပ် ပြောရေးဆိုခွင့်ရှိသူ Ann Stefanek က ပြောကြားခဲ့သည်။

ဗုံးကြဲလေယာဉ်သစ်သည် ၎င်း၏ ဖွံ့ဖြိုးတိုးတက်မှုတစ်လျှောက်တွင် မအောင်မြင်မှုများ၊ ချို့ယွင်းအားနည်းချက်များ၊ ပြဿနာများစွာနှင့် ရင်ဆိုင်ခဲ့ရပြီး အမေရိကန်လေတပ်သည် ပထမဆုံးပျံသန်းမှုကို အတိအကျထုတ်ဖော်ပြောကြားခြင်း မရှိသော အကြောင်းပြချက်များ၊ အထိခိုက်မခံသော ထိပ်တန်းလျှို့ဝှက် ပရိုဂရမ်အချက်အလက်များကို ရန်ဘက်နိုင်ငံများထံ ပေါက်ကြားခြင်းမရှိစေရေး ကာကွယ်ရန်လိုအပ်ကြောင်းစသည်တို့ကြောင့် ယခင်နှစ်က ဗုံးကြဲလေယာဉ်၏ ပထမဆုံးပျံသန်းမှုကို ရွှေ့ဆိုင်းခဲ့ရသည်။

**New US strategic bomber takes first flight ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက Army of Drones စီမံကိန်းမှ ဒရုန်းအစင်း ၉၀၀ ကျော်ကို လက်ခံရရှိခဲ့

ယူကရိန်းတပ်ဖွဲ့ဝင်များသည် Army of Drones စီမံကိန်းမှ ဒရုန်းအစင်း ၉၀၀ ကျော်ကို လက်ခံရရှိခဲ့ကြောင်း နိုဝင်ဘာ ၈ ရက်က ယူကရိန်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mykhailo Fedorov ၏ တွစ်တာအကောင့်တွင် ဖော်ပြသထားသည့် အချက်အလက်များအရ သိရသည်။

အဆိုပါဒရုန်းအစင်း ၉၀၀ ကျော်တွင် တိုက်ခိုက်မှုနှင့်ထောက်လှမ်းရေးဒရုန်းများ၊ Kamikaze ဒရုန်းများနှင့် ဗုံးကြဲ ဒရုန်းများ အပါအဝင် ဤဒရုန်းများ၏အရေးပါသော အစိတ်အပိုင်းများကို ယူကရိန်းနိုင်ငံတွင် ထုတ်လုပ်ခဲ့သည်ဟု သိရသည်။

ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး ဝန်ကြီးအဖြစ်လည်း တာဝန်ယူထားသူ ဒုတိယဝန်ကြီးချုပ် Mykhailo Fedorov က ထုတ်ပြန်ကြေညာခဲ့သော Army of Drones ပဏာမအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ယူကရိန်းကာကွယ်ရေးတပ်ဖွဲ့များကို ဒရုန်းများ တစ်သုတ်ပြီး တစ်သုတ် ပံ့ပိုးပေးနေခြင်းလည်းဖြစ်သည်။

ယခုနောက်ဆုံးပေးပို့မှုတွင် ယူကရိန်းစစ်ဘက်သည် ရည်ရွယ်ချက်အမျိုးမျိုးအတွက် ဒီဇိုင်းထုတ်ထားသည့် ဘက်စုံသုံး ဒရုန်းအစင်း ၉၀၀ ကျော်ကို လက်ခံရရှိခဲ့ခြင်းဖြစ်သည်။ လူမှုကွန်ရက်တွင် လွှင့်တင်ထားသော ဗီဒီယိုဖိုင်တွင် DJI Mavic 3 Quadcopters၊ Nemesis နှင့် Vampire ဗုံးကြဲဒရုန်းများ၊ Avenger တိုက်ခိုက်ရေးဒရုန်းများကို တွေ့မြင်ခဲ့ရသည်။

"ဒီအသုတ်မှာ နာမည်ကြီး Mavics၊ Vampires နဲ့ Avengers တွေ ပါဝင်ပါတယ်။ ရှေ့တန်းမှာ သူတို့ရဲ့ထိရောက်မှုကို သက်သေပြထားပြီးသားပါ။ တခြားဒရုန်းရာပေါင်းများစွာကိုလဲ ပေးပို့ထားပြီး လျှို့ဝှက်ထားသင့်တဲ့ အသေးစိတ်အချက်အလက်တွေကိုတော့ အခုအချိန်ထိလျှို့ဝှက်ထားပါတယ်"ဟု Mykhailo Fedorov က ပြောကြားခဲ့သည်။

Army of Drones ကြည်းတပ်သုံး ဒရုန်းတပ်ဖွဲ့စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အောက်တိုဘာလက ယူကရိန်းကာကွယ်ရေးတပ်ဖွဲ့များသည် ရည်ရွယ်ချက်အမျိုးမျိုးအတွက် အသုံးပြုနိုင်မည့် ဒရုန်းအများအပြားကို လက်ခံရရှိထားခဲ့ပြီးဖြစ်သည်။ ၎င်းတွင် ဝေဟင်ထောက်လှမ်းခြင်းအတွက် DJI Mavic 3 Quadcopters အစင်း ၅၀၀၊ မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ရန်အတွက် Phoenix 03 Heavy FPV ဒရုန်းအစင်း ၃၀၀ နှင့် Vampire ဗုံးကြဲဒရုန်းအစင်း ၄၀ တို့ ပါဝင်သည်။ စက်တင်ဘာလကုန်ပိုင်းတွင်ပင် ယူကရိန်းစစ်ဘက်သည် Vampire Hexacopters၊ Phoenix FPV ဒရုန်းများ၊ မြန်နှုန်းမြင့် Penguins၊ Avengers၊ Mavic နှင့် Matrice Copters များအပါအဝင် ဒရုန်းအမျိုးမျိုး လက်ခံရရှိထားသည်။



DJI Mavic 3 ဒရုန်းသည် ၎င်း၏ ကြည်လင်ပြတ်သားမှုမြင့်မားသော ကင်မရာကြောင့် ရေပန်းစားနေသည့် ဝေဟင်မှ ကင်းထောက် Quadcopter အမျိုးအစားတစ်ခုဖြစ်ပြီး အကွာအဝေးတော်တော်များများမှ တိုက်ရိုက် ရိုက်ကူးထားသည့် ဓာတ်ပုံများကို အော်ပရေတာထံ ထုတ်လွှင့်ပေးနိုင်သည်။ ထို့ကြောင့် ထောက်လှမ်းရေးနှင့် ကင်းထောက်မစ်ရှင်များအတွက် အထူးအသုံးဝင်သည်။

Nemesis ဒရုန်းသည် တိကျသော တိုက်ခိုက်မှုများအတွက် ဒီဇိုင်းထုတ်ထားသည့် နည်းဗျူဟာမြောက် ဗုံးကြဲဒရုန်းဖြစ်သည်။ ၎င်းကို ခဲယမ်းအမျိုးအစားအမျိုးမျိုးဖြင့်တပ်ဆင်နိုင်ပြီး ပစ်မှတ်များကို တိကျမှန်ကန်စွာ တိုက်ခိုက်နိုင်စွမ်းရှိသောကြောင့် ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြင့် ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည့် စံပြုတိုက်ခိုက်ရေး ဒရုန်းအမျိုးအစားဖြစ်သည်။

Vampire ဒရုန်းသည် Kamikaze ဒရုန်းနှင့် ထောက်လှမ်းဒရုန်းအဖြစ် နှစ်မျိုးစလုံး လုပ်ဆောင်နိုင်သော Hexacopter ဒရုန်းအမျိုးအစားဖြစ်သည်။ Kamikaze ဒရုန်းအနေဖြင့် ၎င်းသည် ပေါက်ကွဲစေတတ်သော ခဲယမ်းများသယ်ဆောင်၍ ပစ်မှတ်ပေါ်သို့ ထိုးဆင်းတိုက်ခိုက်နိုင်စွမ်းရှိသလို ကင်းထောက်ဒရုန်းအနေဖြင့်ရန်သူနေရာများကို ထောက်လှမ်းပေးနိုင်သည်။

Avenger ဒရုန်းသည် မြေပြင်ပစ်မှတ်များကို တိကျစွာတိုက်ခိုက်ဖျက်ဆီးနိုင်ရန် တိုက်စစ်မစ်ရှင်များအတွက် ဒီဇိုင်းထုတ်ထားသော တိုက်ခိုက်ရေးဒရုန်းဖြစ်သည်။

Phoenix FPV ဒရုန်းသည် မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ရန် ထုတ်လုပ်ထားပြီး ခဲယမ်းများကို လမ်းညွှန်ထိန်းချုပ်မှုတွင် ပိုမိုတိကျစေရန် အော်ပရေတာများကို တိုက်ရိုက်ထိန်းချုပ်ပျံသန်းနိုင်သော First-Person View (FPV) အမျိုးအစားဖြစ်သည်။ ရွေ့လျား၊ မိုဘိုင်းပစ်မှတ်များကို တိုက်ခိုက်ရန် တိုက်ရိုက်ထိန်းချုပ်မှုနှင့် တုံ့ပြန်မှုလိုအပ်သည့် မစ်ရှင်များအတွက် အထူးသင့်လျော်သည်။

**Ukraine receives over 900 UAVs thanks to 'Army of Drones' project ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၁၂၅၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၁၂၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၁၄၃၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၁၂၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံ ၅၁၄၃၈ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၅၁၂၅၂ ဧကထိ စိုက်ပျိုးပြီးပါပြီ။ ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံသီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၁၁၃၆၆ ဧက၊ စွန်တာပြာ ၄၀၆၇ ဧက၊ ပဲစင်းငုံ ၃၄၄၉၇ ဧက၊ ပဲကြီး ၁၃၂၂ ဧက စုစုပေါင်း ၅၁၂၅၂ ဧကဖြစ်ကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံသီးနှံအလိုက် လျာထားမှုအနေဖြင့် မတ်ပဲ ၃၆၈ ဧက၊ ပဲတီစိမ်း ၁၁၃၃၄ ဧက၊ စွန်တာပြာ ၄၆၇၇ ဧက၊ ပဲလွမ်းဧက ၁၃၀၊ ပဲစင်းငုံ ၃၃၃၀၈ ဧက၊ ပဲကြီး ၁၆၂၁ ဧက စုစုပေါင်း ၅၁၄၃၈ ဧကဖြစ်ကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေးနှင့် တစ်ဧကအထွက်နှုန်း ကောင်းမွန်ရေး ကွင်းဆင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်ဆည်မြို့နယ် ရှမ်းသူငယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျောက်ဆည် နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းသူငယ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရှမ်းသူငယ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။



ကျောက်ဆည်မြို့နယ် ရှမ်းသူငယ်ကျေးရွာ၌ အရှည် ပေ ၁၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၇ ဒသမ ၁၄၁ သန်း စုစုပေါင်းငွေကျပ် ၁၆၇ ဒသမ ၁၄၁ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်စိုး**

# လှိုင်လင်မြို့နယ် ကောင်းငိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်လင် နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟဲနန်းကျေးရွာအုပ်စု ကောင်းငိုကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က ကောင်းငိုကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ရန်ပုံငွေထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မေပိုးဦးနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၁၉၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကောင်းငိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၉၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၂-၁၁-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၀၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

[illegible] **အမိန့်အမှတ် ၁၀/၂၀၂၃ မှ**

(ဂ) နမ့်ခမ်းမြို့နယ်
(ဃ) မူဆယ်မြို့နယ်
(င) လားရှိုးမြို့နယ်
(စ) သိန္နီမြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law)အာဏာကို ကျင့်သုံးနိုင်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

❍ **အမိန့်အမှတ် ၁၁/၂၀၂၃ မှ**

၂။ ဒေသကွပ်ကဲရေးမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေ အရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍ လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law)အာဏာကို ကျင့်သုံးနိုင်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❒ **အမိန့်အမှတ် ၁၂/၂၀၂၃ မှ**

၄။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသ အတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော် လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင်ဆောင် ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**

(၁) လုံခြုံရေးကိစ္စရပ်များ၊
(၂) လူမှုရေးကိစ္စရပ်များ၊
(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း။** တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာ မှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှု တစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှု ထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-

(ကက) သေဒဏ်၊
(ခခ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်
(ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများကချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေ ရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်း သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့် အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူး တို့၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး ဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစား သို့ လျှော့ပေါ့ပြောင်းလဲခြင်း။
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့် မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ် စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ၁၅ ရက် အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ သို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူး များထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင် သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာတိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲ ရေးမှူးများသည် မိမိသဘောအလျောက်လည်း ပြင်ဆင် မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစား သို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများ က မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက် သည့်ကိစ္စတွင် အထက်အပိုဒ်ငယ် (၆) တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် မိမိ၏တာဝန်ဝတ္တရား များကိုဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် စစ်အုပ်ချုပ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသ အတွင်းဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု (ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောက်ယှက်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းများကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ)အက်ဥပဒေအရ ပြစ်မှုများ။
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရ ပြစ်မှုများ၊
၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများ၊

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မိုင်းခွဲခြင်း၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ






ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအနီးတွင် ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကို ဆန့်ကျင်ရှုတ်ချကြပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများအား ထောက်ခံအားပေးပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအနီးတွင် ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကို ဆန့်ကျင်ရှုတ်ချကြပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများအား ထောက်ခံအားပေးပွဲ ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံးကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိကြသည်။

ထိုသို့ အားပေးထောက်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအနီးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက တိုင်းပြည်အလုံးစုံပျက်စီးရေးလုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကို ဆန့်ကျင်ရှုတ်ချကြပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ကြသည်။

အဆိုပါပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်းယခုလိုတင်ပြလိုက်ပါသည်-

**ကိုမင်းမင်း**



ကျွန်တော်ကတော့ အမျိုးသားရေးညီကိုမောင်နှမများ ရန်ကုန်ရဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားရေးအစည်းအရုံး-MM0 အထွေထွေအတွင်းရေးမှူးလည်းဖြစ်ပါတယ်။ နယ်စပ်မှာဝင်ပြီးတော့ တိုက်ခိုက်နေတဲ့ KIA အပါအဝင် TNLA၊ MNDAA၊ AA အဲ့ဒီအဖွဲ့တွေကို ကျွန်တော်တို့ ရှုတ်ချခြင်းနဲ့ ရှေ့တန်းရောက် မြန်မာ့တပ်မတော်ကို ထောက်ခံတဲ့ပွဲလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလို တပ်မတော်ကိုထောက်ခံတဲ့ပွဲလေးလုပ်ပေးတော့ ရှေ့တန်းမှာရောက်နေတဲ့ မြန်မာ့တပ်မတော်သားတွေပေါ့နော်။ သူတို့ကအသက်စွန့်ပြီးတိုက်ခိုက်ပေးနေတဲ့အတွက် သူတို့တိုက်ခိုက်လို့လည်း ခုကျွန်တော်တို့ သွားသွားလာလာ လုံလုံခြုံခြုံနဲ့ အေးအေးချမ်းချမ်းနဲ့ သွားလာနေထိုင်နိုင်တာပေါ့နော်။ အဲ့လိုမျိုး သူတို့လည်းအားတတ်အောင် ကျွန်တော်တို့ ဒီကနေ ထောက်ခံပါတယ်။ သူတို့နောက်မှာ ကျွန်တော်တို့လည်းရှိပါတယ်။ လိုအပ်ရင် လိုအပ်သလို ကျွန်တော်တို့လည်း လက်နက်ကိုင်တိုက်နိုင်ပါတယ် ဆိုတဲ့ဟာကို ကျွန်တော်တို့ အဓိက ဒါပြောခြင်းဖြစ်ပါတယ်။

**ကိုကြည်လွင်**

ကျွန်တော်ကတော့ ပြည်သူပါပဲ။ အမျိုးသားရေးစိတ်ရှိတဲ့ ပြည်သူတစ်ယောက်အနေနဲ့ ဒီမှာလာပြီးတော့ ဝန်းရံတာပါ။ ဒီနေ့အခမ်းအနားကတော့ အရမ်းကောင်းပါတယ်။ ဘာကြောင့်လည်းဆိုတော့ ရှေ့တန်းရောက်နေတဲ့ တပ်မတော်သားတွေကို ကျွန်တော်တို့ပြည်သူတွေကလည်း ထောက်ခံတယ်ဆိုတာကို ကျွန်တော်တို့လည်း လာပြတာပါနော်။ ကျွန်တော်တို့လို ပြည်သူတွေရှိတယ်။ အနောက်မှာ အမြဲတမ်းထောက်ခံနေတယ်။ လိုအပ်ရင်လည်း အမြဲတမ်းကူညီမယ်ဆိုတဲ့ အကြောင်းကို သိအောင်လို့ ကျွန်တော်တို့က ဒီလိုပွဲမျိုးတွေနဲ့ အားပေးတာပါ။

ထို့ပြင် နိုဝင်ဘာ ၈ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင်လည်း ကချင်ပြည်နယ်



မြစ်ကြီးနားမြို့ မနောကွင်းနှင့် မန္တလေးမြို့ပေါ်ရှိ လမ်းများ၊ မန္တလေးမြို့အဝင်အဝိုင်းထိပ်၊ မန္တလေးကျုံးဘေး၊ ရောဝတီ ရတနာပုံတံတား၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ လူငယ်ဘောလုံးကွင်းတို့တွင် အေးချမ်းစွာနေထိုင်လိုကြသည့် ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား အလိုမရှိကြောင်း ရှုတ်ချကြပြီး ရှေ့တန်းရောက်တပ်မတော်သားများက ထောက်ခံအားပေးမှုကို ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ပွဲများ ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Hay Mar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၀) ရပ်ကွက်နေ ဟေမာ (ခ) ချယ်ရီဝင်းအား မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Phyo (Emily)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ သယ်္ဃန်းကျွန်းမြို့နယ်(၁၆/၄) ရပ်ကွက်နေ အိဖြိုးနိုင်အား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Myo Maung Maung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ သုံးခွမြို့နယ် အမှတ်(၂) ရပ်ကွက်နေ မျိုးသူ (ခ) သံလုံးကို ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "ရှုံလေး ရှုံလေး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ထန်းတောကြီးကျေးရွာနေ စိမ့်စိမ့်မိုးအား ညနေ ၃ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့် အညီဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ကိုးကန့်ဒေသ ပါစင်ကျော်၊ ကွမ်းလုံ၊ သိန်းနီနှင့် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်ဒေသဘက်တို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ပြောကြားချက်




ဒီနေ့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေကတော့ နိုဝင်ဘာ ၁၂ ရက် ညပိုင်းအထိ ရှမ်းပြည်နယ်အရှေ့မြောက်ဘက် ကိုးကန့်ဒေသ ပါစင်ကျော်နားမှာ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေတာရှိပါတယ်၊ တပ်မတော်အနေနဲ့ ထိန်းသိမ်းဆောင်ရွက်လျက်ရှိတယ်။ နောက်တစ်ခုကတော့ MNDAAအဖွဲ့အနေနဲ့ နယ်ခြားမှတ်တိုင် ၁၂၅ နားမှာရှိတဲ့ စစ်ဘေးရှောင်အဖွဲ့တွေကို နှစ်နိုင်ငံ အထင်အမြင်လွဲမှားအောင် လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့တာရှိတယ်။ ကွမ်းလုံမှာတော့ တပ်မတော်အနေနဲ့ စစ်ဗျူဟာအရ ဟပေးခဲ့တာတွေရှိပါတယ်။ အဆိုပါနေရာတွေကို MNDAA အဖွဲ့က ဒိုးကြောင်ခိုးဝှက်လာပြီး ဓာက်ပုံရိုက်ပုံစံမျိုးတော့ရှိပါတယ်။သိန်းနီဘက်မှာတော့ တပ်မတော်အနေနဲ့ နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ဒီနေ့တစ်နေကုန်မှာတော့ ကယားပြည်နယ် လွိုင်ကော်မြို့မှာတော့ မြို့အပြင်မှာလာပြီးတော့ အဝေးမှ ပစ်ခတ်မှုတွေရှိတယ်။ တပ်မတော်မှလည်း ပြန်လည်ပစ်ခတ်တာတွေရှိတယ်။ အကြမ်းဖက်သောင်းကျန်းသူတွေ အလောင်း၊လက်နက်ကျန်ခဲ့တာတွေရှိခဲ့ပါတယ်။ ထီးချိုင့်မြို့ပေါ်တော့ တစ်ရက်တုန်းက ထီးချိုင့်မြို့ထဲအထိ KIA၊PDFတွေဝင်ရောက်လာတာရှိတယ်။ ဒါတွေကို တပ်မတော်အနေနဲ့ ဒီနေ့မှာ ပြန်လည် တိုက်ထုတ်လိုက်ပြီဖြစ်ပါတယ်။ သူတို့ဆီက အလောင်း၊ လက်နက်တော်များများရလိုက်တာရှိပါတယ်။ထီးချိုင့်မြို့မှာ၊ လွိုင်ကော်ဘက်မှာပါ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်ဒေသ ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေဒေသအသီးသီးမှ နိုင်တော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နယ်မြေလုံခြုံရေး၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်ကြတဲ့ တပ်မတော်သားများ၊ လုံခြုံရေးဆောင်ရွက်နေကြတဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဆက်စပ်မဟာမိတ် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအားလုံးကို ဒီနေရာမှ အသိအမှတ်ပြုကြောင်းနှင့် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ပြီးရင်တော့ ငြိမ်းချမ်းတည်ငြိမ်တဲ့အခြေအနေမျိုးကို ဆက်လက်တည်ဆောက်သွားပါမယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

➤ ➤ ➤

# စက်သုံးဆီနှင့်ပတ်သက်၍ ကောလာဟလသတင်းများထွက်ပေါ်နေမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




စက်သုံးဆီနဲ့ပတ်သက်ပြီး ပြည်တွင်းမှာလည်း ကောလာဟလထုတ်လွှင့်နေတာရှိပါတယ်။ အချိန်ကိုက်ဘဲ ပြည်ပက ပြည်ဖျက်မီဒီယာတွေကလည်း ကောလာဟလထုတ်လွှင့်နေတာရှိတယ်။ အဓိကကတော့ အခြေခံအကြောင်း နှစ်ခုအပေါ်မှာ ကောလာဟလ ထုတ်လွှင့်တာဖြစ်တယ်။ နံပါတ်(၁)ကတော့ ဆီခွဲတမ်းပေါ့။ စက်သုံးဆီရောင်းချတဲ့ ခွဲတမ်းတွေလျှော့တယ်ဆိုပြီး ထုတ်လွှင့်နေတာရှိတယ်။ နံပါတ်(၂)ကတော့ ဆီအလုံအလောက်မရှိဘူး၊ဆီဝယ်ယူဖို့အတွက် အစိုးရအနေနဲ့ ဒေါ်လာချမပေးဘူးဆိုတာမျိုး ထုတ်လွှင့်နေတာရှိတယ်။ပြီးရင် စက်သုံးဆီဆိုင်တွေမှာ ဆီပြတ်လပ်နေပြီ၊ပြန်မဖြည့်နိုင်တော့ဘူးဆိုတဲ့ဟာတွေပဲဖြစ်ပါတယ်။ ပထမဦးဆုံးပြောချင်တာက ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ပြောခဲ့တဲ့အတိုင်း ပြည်တွင်းမှာဆီနှစ်ဆီဖြစ်တဲ့ စက်သုံးဆီ၊စားသုံးဆီနဲ့ပတ်သက်ပြီး အလေးထားဆောင်ရွက်လျက်ရှိတယ်။ ဆီခွဲတမ်းများနဲ့ပတ်သက်ပြီး စိစစ်တာတစ်ခုပဲရှိတယ်။ ယခင်အတိုင်းပဲဖြစ်တယ်။ လျှော့ပြီးလုပ် ပေးတာမရှိဘူး။ ပြည်တွင်းမှာ စက်သုံးဆီအလုံအလောက်ရှိပါတယ်။ အများသုံးနေတဲ့စက်သုံးဆီဖြစ်တဲ့ 92 ဆိုရင် ပြည်တွင်းလက်ကျန် ဂါလန် ၁၃ သန်းကျော်ရှိပြီးဖြစ်တယ်။ ဒီဇယ်ဆိုရင် ဂါလန် သန်း ၃၀ ကျော် ရှိပြီးဖြစ်တယ်။ ပြီးရင် ထပ်မံရောက်ရှိလာမယ့် ဆီတင်သင်္ဘော ၁၅ စီးနီးပါးရှိပါတယ်။ကျွန်တော်တို့အနေနဲ့ စက်သုံးဆီကို မည်သည့်စက်သုံးဆီအမျိုးအစားမဆို ပြည်တွင်းမှာ တစ်လစာအရန်ရှိအောင် အမြဲတမ်းဆောင်ရွက်လျက်ရှိတယ်။ ဒါ့ပြင် စက်သုံးဆီနဲ့ပတ်သက်ရင် နိုင်ငံတော်အစိုးရအနေနဲ့ အထူးအလေးထားဆောင်ရွက်ပေးနေတဲ့အတွက် ယခင်အတိုင်းပဲ ဒေါ်လာရောင်းချပေးတာတွေ ဆောင်ရွက်လျက်ရှိတယ်။ ပြည်သူလူထုအနေနဲ့ တစ်ခုသတိထားသင့်တာကတော့ ဒီအချိန်မှာ ဘက်ပေါင်းစုံကနေ အချိန်ကိုက်နိုင်ငံရေးအရ၊စီးပွားရေးအရ၊လူမှုရေးအရ၊ကာကွယ်ရေးအရ ဘက်ပေါင်းစုံကနေ သတင်းအမှားတွေထုတ်လွှင့်ပြီး ဆောင်ရွက်နေတာမျိုးရှိပါလိမ့်မယ်။ ဒီသတင်းအမှားတွေကို ကြည့်ပြီး သတင်းအဆိပ်မသင့်ဖို့ အရေးကြီးပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့လည်း အချိန်မီ ပြန်ကြားထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ အနှစ်ချုပ်ပြောရရင်တော့ စက်သုံးဆီ၊စားသုံးဆီ၊စီးပွားရေးလုပ်ငန်းတွေ၊ ရှမ်းပြည်နယ်(အရှေ့မြောက်ဘက်)မှာ တိုက်ပွဲတွေဖြစ်ပွားနေတဲ့အတွက် Boder Trade ကုန်သွယ်မှုနဲ့ပတ်သက်လာရင် ရပ်တန့်နေတာမှအပ ကျန်တဲ့လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိတယ်လို့ အသိပေးပြောကြားလိုပါတယ်။ ဒီအဖျက်အမှောင့်လုပ်ငန်းတွေကိုလည်း လုံခြုံရေးတပ်ဖွဲ့တွေနဲ့ ပြည်သူလူထုပူးပေါင်းပြီး ကာကွယ်ဆောင်ရွက်သွားဖို့ လိုအပ်တယ်လို့ပြောချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ခန္တီးမြို့နယ် စိန်နန်းကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် စိန်နန်းကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ခန္တီးတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် စိန်နန်းကျေးရွာရှိ ဒေသခံပြည်သူများကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် အဆိုပါကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၈၁ ဦးတို့ကို သွေးတိုးရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ခန္တီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပမည့် ကလေးကျန်းမာရေးဆိုင်ရာ သုတေသနနှင့် လက်တွေ့လေ့ကျင့်ရေးဆွေးနွေးပွဲများသို့ ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားလှယ်များ တက်ရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ကျန်းမာရေးဝန်ကြီးဌာနသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်များ၊ ဆေးသုတေသနနှင့် ဆေးပညာလေ့ကျင့်သင်ကြားရေးနယ်ပယ်များတွင် အတွေ့အကြုံဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနမှ ကလေးအထူးကုဆရာဝန်ငါးဦးတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် နိုဝင်ဘာ ၁၃ ရက်မှ ၂၅ ရက်ထိပြုလုပ်မည့် ကလေးကျန်းမာရေးဆိုင်ရာသုတေသနနှင့် လက်တွေ့လေ့ကျင့်ရေးဆွေးနွေးပွဲများသို့တက်ရောက်ရန် ယနေ့တွင် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါသုတေသနနှင့် လက်တွေ့လေ့ကျင့်ရေးဆွေးနွေးပွဲများတွင် မွေးကင်းစနှင့် ငါးနှစ်အောက် ကလေးများအတွက် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ကလေးငယ်များနှင့်ပတ်သက်သော ဆေးပညာ၊ ကူးစက်လွယ်သောရောဂါများနှင့်စပ်လျဉ်းသည့် အတတ်ပညာဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အပါအဝင် ဆေးဘက်ဆိုင်ရာအသိပညာနှင့်လက်တွေ့အရည်အချင်းများတိုးတက်ရေးတို့အတွက် သင်ကြားဆွေးနွေးကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ဘူးများ ပေးပို့လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများက အလှူငွေများပေးအပ် လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။


ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စေတနာရှင်ပြည်သူများလှူဒါန်းသည့် ဒံပေါက်ဘူးများကို တာဝန်ရှိသူများက လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက်လိုက်လံပို့ဆောင်ပေးကြသည်။







**အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက လှူဒါန်းထားသည့် ဒံပေါက်ဘူးများကို တပ်မတော်လေယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်။**

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့်ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကင်းရှင်းစေကြောင်း၊ တရားသောစစ် မေတ္တာစာလွှာများပါရှိကြောင်း သတင်း ကျန်းမာရွှင်လန်းစေကြောင်း၊ ဘေးအန္တရာယ် အောင်မြင်ပါစေကြောင်း"စသည့် ဆုတောင်း ရရှိသည်။






ဒို့တာဝန် အရေးသုံးပါးကို အမြဲထမ်းဆောင်ရင်း
တိုင်းပြည်နဲ့ လူမျိုးအတွက်
အသက်ကို ပဓာနမထားဘဲ
တရားသောစစ်ကို ဆင်နွှဲနေကြတဲ့
ရှေ့တန်းရောက် တပ်မတော်သားအားလုံး
ဘေးရန်ကင်းကွာပြီး
ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း
ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။





သို့

Fighting ပါ တပ်မတော်သားတို့ရေ ။

Moe Swe







**အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့်ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများကို တွေ့ရစဉ်။**

# မန္တလေးတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်း၌ မန္တလေးမြို့ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကုန်သွယ်ရေးဦးစီးဌာန၊စားသုံးသူရေးရာဦးစီးဌာန၊မူပိုင်ခွင့်ဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန် မြန်ဆန်စေရေးလုပ်ငန်းကော်မတီရုံး(မန္တလေးရုံးခွဲ)တို့မှဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ စားသုံးသူများ ပစ္စည်းအရည်အသွေးမှန်ကန်စွာဝယ်ယူနိုင်ရေး၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအပါအဝင် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို ဥပဒေ၊နည်းဥပဒေနှင့်အညီဆောင်ရွက်ရေးအတွက် လုပ်ငန်းတာဝန်များကို စေတနာထားဆောင်ရွက်ပေးကြရန်၊ တာဝန်များဆောင်ရွက်ရာတွင် အဂတိလုံးဝကင်းရန်၊ဥပဒေ၊နည်းဥပဒေ၊စည်းမျဉ်းစည်းကမ်း၊လုပ်ထုံးလုပ်နည်းများနှင့်အညီ စွမ်းအားပြည့်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန်ရှိ အာရှလိုင်းကျော် ပဲခွဲစက်ရုံအတွင်း ပဲများသန့်စင်၊ ကြိတ်ခွဲ၊ ထုတ်ပိုးနေမှုများကို ကြည့်ရှုစစ်ဆေး၍ ပြည်တွင်းဖူလုံမှုရှိရေး၊ပြည်ပသို့ ပို့ကုန်မြှင့်တင်ပေးပို့ရေး၊ ပြည်ပဈေးကွက်ရရှိရေးတို့ကိုသတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့် နေ့လယ်စာအတူတကွစားသုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် စက်သုံးဆီတင် သင်္ဘောလေးစီးဆိုက်ကပ်ခဲ့ပြီး စက်သုံးဆီတင်သင်္ဘော ၁၅ စီး မကြာမီထပ်မံရောက်ရှိဆိုက်ကပ်မည်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ရန်ကုန်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ၁၄၆ ဆိုင်အနက် အချို့ဆိုင်များ၌ နိုဝင်ဘာ ၁၀ ရက်တွင် ဓာတ်ဆီ 92 RON သည် နေ့စဉ်ပုံမှန်ရောင်းအားထက် ပိုမိုရောင်းအားမြင့်တက်ခဲ့ပြီး ပြည်တွင်းစက်သုံးဆီသိုလှောင်ထားသည့် Terminal သုံးခုမှ အရောင်းဆိုင်များအားလုံးသို့ဖြန့်ဖြူးပေးရာတွင်ဖြန့်ဖြူးနိုင်မှုစွမ်းအားအရ အလျင်မမီခဲ့ခြင်းကြောင့် စက်သုံးဆီပြတ်လပ်မှုဖြစ်ပေါ်ခဲ့ရာ ယင်းနေ့ညတွင်းချင်းပင် Urgendစနစ်ဖြင့် ဖြည့်တင်းပေးခဲ့ကြောင်း သိရသည်။



Elite Petrochemical(Max Terminal)၌ MT-Lucia Solis သင်္ဘောဆိုက်ကပ်ထားမှုကို တွေ့ရစဉ်။

ပြည်တွင်း၌ စက်သုံးဆီလုံလောက်မှုရှိအောင် စီမံဆောင်ရွက်ထားရှိပြီး လက်ရှိတွင် အများသုံးဓာတ်ဆီဖြစ်သော 92 RON ဂါလန် ၁၃ သန်းကျော်၊ 95 RON ဂါလန် သုံးသန်းကျော်၊ 97 RON ၁ ဒသမ ၄ သန်းကျော်၊ ရိုးရိုးဒီဇယ် ၂၉ သန်းကျော်နှင့် ပရီမီယမ်ဒီဇယ် သန်း ၂၀ ကျော်ကျန်ရှိကြောင်းသိရကာ ပြတ်လပ်မှုမရှိစေရေး အချိန်မီဆက်လက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင်လည်း ဆီတင်သင်္ဘောလေးစီးဆိုက်ကပ်ခဲ့ပြီး ထပ်မံရောက်ရှိလာမည့် ဆီတင်သင်္ဘော ၁၅ စီးရှိကြောင်းနှင့် ထပ်မံရောက်ရှိလာမည့်ဆီတင်သင်္ဘောများမှ စက်သုံးဆီများကိုလည်းအချိန်နှင့်တစ်ပြေးညီဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စက်သုံးဆီများဖူလုံစွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း၌မည်သည့်စက်သုံးဆီအမျိုးအစားမဆို အရန်တစ်လစာကျန်ရှိအောင် အမြဲဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကာလသည် ခရီးသွားရာသီဖြစ်၍ ခရီးသွားများနှင့် အများပြည်သူများ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှအနီးကပ် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



Brighter Energy Terminal(Thilawar) ၌ MT-Great Sailor သင်္ဘောဆိုက်ကပ်ထားမှုကို တွေ့ရစဉ်။



Apex Terminal ၌ MT-Glory Ocean သင်္ဘောဆိုက်ကပ်ထားမှုကို တွေ့ရစဉ်။



Denko Terminal ၌ MT-Harmony သင်္ဘောဆိုက်ကပ်ထားမှုကို တွေ့ရစဉ်။



Padauk Shwe War Terminal ၌ MT-Laphroaig သင်္ဘောဆိုက်ကပ်ထားမှုကို တွေ့ရစဉ်။

# မြန်မာ့နိုင်ငံရေးပါတီများနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်

မောင်ရွှေရိုး

နိုင်ငံရေးပါတီများသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုထားသော နိုင်ငံရေးအဖွဲ့အစည်းများ ဖြစ်သည်။ နိုင်ငံရေးပါတီများတွင် ပြည်ထောင်စုတစ်ခန်းလုံးတွင် စည်းရုံးဆောင်ရွက်မည့် နိုင်ငံရေးပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးဆောင်ရွက်မည့် နိုင်ငံရေးပါတီဟူ၍ရှိပါသည်။ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်၊ ပါတီဝင်အင်အားဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်း၊ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းများ ပါတီဌာနချုပ်နှင့် ပါတီရုံးခန်းများစသည်ဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ဆောက်ကြရပါသည်။ တစ်နည်းအားဖြင့် နိုင်ငံရေးပါတီဆိုသည်မှာ ပြည်သူလူထုအတွင်း စည်းရုံးဆောင်ရွက်ပြီး ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်များအား ပြည်သူလူထု၏ထောက်ခံမဲဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခွင့်ရမည့် အဖွဲ့အစည်းများ ဖြစ်ပါသည်။

### ပါလီမန်ဒီမိုကရေစီခေတ်နိုင်ငံရေးပါတီများ

ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် အမျိုးသားရေးစိတ်ဓာတ် ရှင်သန်နိုးကြားလာရာမှ နိုင်ငံရေးပါတီများ စတင်ပေါ်ပေါက်လာခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ပေါ်ပေါက်ခဲ့ပြီး ဘာသာရေး၊လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှတစ်ဆင့် နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်ခဲ့ရာ "နိုင်ငံရေးအစ ဝိုင်အမ်ဘီအေ" က ဟု ဆိုစမှတ်ပြုခဲ့ကြသည်။

လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ဦးကာလတွင် နိုင်ငံရေးပါတီနှင့် နိုင်ငံရေးအင်အားစုအဖွဲ့များ အမြောက်အမြားပေါ်ပေါက်ခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဥပဒေအာဏာတည်သည့်နေ့မှစ၍ ၁၈ လအတွင်း ရွေးကောက်ပွဲကျင်းပပေးရမည်ဖြစ်သော်လည်း နိုင်ငံရေးအင်အားစုများတွင် ဝါဒစွဲ၊ ဂိုဏ်းကွဲ၊ အုပ်စုကွဲများအခြေအနေ၊ တောခိုလက်နက်ကိုင်သောင်းကျန်းမှုအခြေအနေများကြောင့် ၁၉၅၁-၁၉၅၂ ခုနှစ်မှသာ ပထမအကြိမ်ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပြီး ထိုရွေးကောက်ပွဲတွင် ဖဆပလအနိုင်ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ် ဒုတိယအကြိမ်ရွေးကောက်ပွဲတွင် ဖဆပလနှင့် ပမညတ အတိုက်အခံ ညွန့်ပေါင်းအင်အားစုတို့ အဓိကအားပြိုင်ခဲ့ရာ ဖဆပလသည် အမတ်နေရာအများစုဖြင့် အနိုင်ရခဲ့ပြန်သည်။ လွတ်လပ်ရေးရပြီး ၁၀ နှစ်အကြာ ၁၉၅၈ ခုနှစ်တွင် ဖဆပလအစိုးရအတွင်း ပုဂ္ဂိုလ်ရေးနှင့် အာဏာရရေးအခြေခံသည့် သန့်ရှင်းနှင့်တည်မြဲဟူ၍ နိုင်ငံရေးအုပ်စုကွဲယက်နှင့် အစိုးရယန္တရားပျက်ယွင်းတော့မည့် အခြေအနေတို့ကြောင့် တပ်မတော်က အိမ်စောင့်အစိုးရဖွဲ့ကာ နိုင်ငံ့တာဝန်ယူခဲ့ရပြီးနောက် ပြန်လည်ကျင်းပပေးခဲ့သည့် ၁၉၆၀ ပြည့်နှစ် တတိယအကြိမ်ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလအနိုင်ရရှိခဲ့သည်။ သန့်ရှင်းဖဆပလတို့က ပြည်ထောင်စုပါတီအမည်ပြောင်း၍ အစိုးရအာဏာရယူပြီး မကြာမီမှာပင် နိုင်ငံရေးအာဏာလုပွဲအကွဲအပြဲဖြစ်ရပ်များ၊ ဖက်ဒရယ်ပြဿနာနှင့် ပြည်ထောင်စုမှခွဲထွက်ရေး ကြိုးပမ်းလာမှုများကြောင့် ၁၉၆၂ ခုနှစ်တွင် တပ်မတော်က တော်လှန်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ကို ရယူခဲ့ရသည်။ ပါလီမန်ဒီမိုကရေစီပထမခေတ်ကာလတွင် လွတ်လပ်ရေးနှင့်အတူ ပါလာသည့် ပြည်တွင်းရောင်စုံသောင်းကျန်းမှု၊ တရုတ်ဖြူ ပြည်ပကျူးကျော်မှု၊ နိုင်ငံရေးအုပ်စုကွဲ၊ ဂိုဏ်းကွဲများနှင့် အုပ်ချုပ်ရေးယန္တရားပျက်ပြားမှု၊ အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲမှုနှင့် ပြည်ထောင်စုမှခွဲထွက်ရေးကြိုးပမ်းမှုအန္တရာယ်တို့ဖြင့် ဖြတ်သန်းခဲ့ရပြီးနောက် ၁၉၆၂ ခုနှစ်တွင် ပါလီမန်ဒီမိုကရေစီပထမခေတ် တစ်ခန်းရပ်ခဲ့ရလေသည်။

### မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ

၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမြုတေပါတီအဖြစ် ဖွဲ့စည်းခဲ့သည်။ ၁၉၇၁ ခုနှစ် ပါတီညီလာခံတွင် ပြည်သူ့ပါတီအဖြစ် ဖွဲ့စည်းနိုင်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ စီးပွားရေးမူဝါဒများ ယိုယွင်းလာမှုကို အကြောင်းပြု၍ ၁၉၈၈ ခုနှစ်တွင် အရေးအခင်းများ ပေါ်ပေါက်လာခဲ့သည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီခေတ်မှသည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တစ်ပါတီဆိုရှယ်လစ်စနစ်ဖြင့် ၁၉၈၈ ခုနှစ်အထိ ၂၆ နှစ် ကြာမြင့်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအနေဖြင့် ဆိုရှယ်လစ်စနစ်ကို ကြိုးစားတည်ဆောက်ရင်း ကွန်မြူနစ်တို့၏ အန္တရာယ်များကို တွန်းလှန်ဖယ်ရှားခဲ့ရသည်။ အလံနီကွန်မြူနစ်၊ အလံဖြူ(ဗကပ) ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်(ရဲဘော်ဖြူ)နှင့် ယင်းတို့၏ပါတီကွဲ၊ အုပ်စုကွဲ၊ ပုဂ္ဂိုလ်ကွဲများ မြေပေါ်ဆိုရှယ်နီ(ပမညတ) များက ဝိုင်းဝန်းဆန့်ကျင်တိုက်ခိုက်ကြသည်။ ဗကပ UG များအပြင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပြည်တွင်း၊ ပြည်ပ၊ လက်ဝဲ၊ လက်ယာ၊ မြေပေါ်မြေအောက် အနှောင့်အယှက်များကြောင့် လိုရာသို့ မရောက်ဘဲ နိုင်ငံ၏စီးပွားရေး အားနည်းခဲ့ရသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလ နိုင်ငံတော်၏ အဘက်ဘက်မှ ပျက်စီးယိုယွင်းနေသောအခြေအနေ၊ တိုင်းပြည်ပြိုကွဲတော့မည့် အခြေအနေ၊ ပြည်ပမှ ဝင်ရောက်စွက်ဖက်လာမှုကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးမည့် အခြေအနေတို့ကို အချိန်မီထိန်းသိမ်းနိုင်ရန် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်၏အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့ရပြီး တစ်ပါတီအုပ်ချုပ်ရေးစနစ် ချုပ်ငြိမ်းသွားခဲ့ရသည်။

### ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလ နိုင်ငံရေးပါတီများ

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပပေးရမည်ဟု ကြေညာခဲ့ပြီး ဦးဘငွေး အမှူးပြုသော ရွေးကောက်ပွဲကော်မရှင်ကို တာဝန်ပေး၍ နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပြုခဲ့ရာ နောက်ဆုံးမှတ်ပုံတင်ခွင့်ပြုသည့် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ထိ အချိန် ၅ လအတွင်း နိုင်ငံရေးပါတီပေါင်း ၂၃၉ ပါတီမှတ်ပုံတင်ခဲ့ပါသည်။ ဦးသုဝေ၏ ဒီမိုကရေစီပါတီက ပထမဆုံးမှတ်ပုံတင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ သုံးအုပ်စုပူးပေါင်း၍ အောင်စုတင်) ပါတီက ဒုတိယမှတ်ပုံတင်သည်။ ဒေါက်တာစိန်ဝင်း ခေါင်းဆောင်ပြီး အမျိုးသားဒီမိုကရေစီပါတီကို ဖွဲ့စည်းမှတ်ပုံတင်သည်။ ဒီမိုကရေစီပါတီတွင် ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့က နာယကများဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မှတ်ပုံတင်စအချိန်က ဦးအောင်ကြီးဥက္ကဋ္ဌ၊ ဦးတင်ဦး ဒု-ဥက္ကဋ္ဌ၊ ဒေါ်အောင်ဆန်းစုကြည် အထွေထွေအတွင်းရေးမှူးတို့ဖြစ်သည်။ အတွင်းရေးမှူး အဖွဲ့ဝင် ၃ ဦးမှာ ဗိုလ်မှူးကြီးဟောင်း ကြည်ဟန်၊ ဒုတိယဗိုလ်မှူးကြီးဟောင်း ချစ်နိုင်၊ ဟံသာဝတီ ဦးဝင်းတင်တို့ ဖြစ်သည်။ ဒေါ်မြင့်မြင့်ခင် စည်းရုံးရေးမှူး၊ ဦးလွင် ဘဏ္ဍာရေးမှူး၊ ဦးအောင်လွင် ပြန်ကြားရေးမှူး၊ ဗိုလ်မှူးချုပ်ဟောင်း အောင်ရွှေ စည်းရုံးရေးဌာနမှူး၊ ဦးကြည်မောင် သုတေသနဌာနမှူး၊ ဦးဘရွှေ အုပ်ချုပ်ရေးဌာနမှူးတို့ဖြစ်သည်။ မှတ်ပုံတင်ပေးပြီးသည့် ပါတီများထဲတွင် အချို့ပါတီများမှာ တောတွင်းကွန်မြူနစ်ပါတီ ဗကပ၏ ဒီမိုကရေစီအရေခြုံဖွဲ့စည်းခိုင်းထားသောပါတီများဖြစ်နေကြောင်း စိစစ်တွေ့ရှိရသည့် ပြည်သူ့တိုးတက်ရေးပါတီ(ရန်ကုန်)၊ အမြဲစိမ်းလူငယ်များပါတီ(မုံရွာ)၊ မြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မန္တလေး)တို့အား မှတ်ပုံတင်ခွင့် ဖျက်သိမ်းခဲ့သည်။ ဒေါက်တာစိန်ဝင်းနှင့် NLD ပါတီအမတ် အများအပြားတောခို၍ နယ်စပ်တွင် NCGUB ယှဉ်ပြိုင်အစိုးရဖွဲ့စည်းသဖြင့် NLD ပါတီမှ ထိုသူများအား ထုတ်ပယ်ပြီးဖြစ်ကြောင်း ကော်မရှင်သို့ စာဖြင့်တင်ပြခဲ့သည်။ အောင်စုတင် ခေါ် NLD သည်လည်း ဦးအောင်ကြီးအုပ်စုနှင့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ အုပ်စုကွဲခဲ့ကြသည်။ ဦးတင်ဦးက မျိုးချစ်ရဲဘော်များ အဖွဲ့ချုပ်ဝင် တပ်မတော်အရာရှိဟောင်းနှင့် တစ်အုပ်စု၊ ဦးအောင်ကြီးက ဦးကြည်မောင် အပါအဝင် ဗိုလ်မှူးကြီးဟောင်းများစသည့် ၁၃ ဦးနှင့် တစ်အုပ်စု၊ ဒေါ်အောင်ဆန်းစုကြည်က ရှစ်လေးလုံးကာလ သူ့ကိုဝန်းရံသော လက်ဝဲမျိုးစုံ ဦးကိုယု၊ ရဲဘော်ချမ်းအေး၊ ဟံသာဝတီ ဦးဝင်းတင်၊ ရှေ့နေ ဒေါ်မြင့်မြင့်ခင်၊ ဦးအောင်လွင်၊ မောင်သော်က၊ ဦးထွန်းတင်တို့ဖြစ်သည်။ ဦးအောင်ကြီးက ဒေါ်အောင်ဆန်းစုကြည်ကို ကွန်မြူနစ်များ ဖယ်ရှားရန် တိုက်တွန်းသည်။ ဦးအောင်ကြီးသည် တိုက်တွန်းချက်မအောင်မြင်ဘဲ NLD ပါတီမှ ထွက်ခဲ့ရပြီး ပြည်ထောင်စုတိုင်းရင်းသားများ ဒီမိုကရေစီပါတီကို ထူထောင်သည်။ ထိုစဉ်က ထူထောင်ခဲ့သည့် ၂၃၉ ပါတီထဲမှ စည်းကမ်းနှင့်မညီညွတ်သဖြင့် မှတ်ပုံတင်ခွင့် ငြင်းပယ်ခဲ့သည့်ပါတီ ၄ ပါတီ၊ ပါတီတွင်း မရပ်တည်နိုင်သည့်အခြေအနေများအရ ပါတီမှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသဖြင့် ယင်းတို့၏ဆန္ဒအရ ဖျက်သိမ်းခဲ့ရသည့် ပါတီ ၁၀၂ ပါတီရှိခဲ့သည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ နိုင်ငံတော်အား လက်နက်စွဲကိုင်တိုက်ခိုက်နေသော သောင်းကျန်းသူအဖွဲ့အစည်းများ၏ မြေပေါ်မြေအောက် အဖွဲ့အစည်းများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည့်ပါတီ ၃ ပါတီကို ဖျက်သိမ်းခဲ့ရသည်။ ရွေးကောက်ပွဲတွင် အနည်းဆုံးမဲဆန္ဒနယ် ၃ နယ်မှာပင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်သည့် ပါတီ ၃၇ ပါတီကိုလည်း ပယ်ဖျက်ခဲ့ရသည်။ ရွေးကောက်ပွဲမကျင်းပမီမှာပင် ပါတီ ၁၄၂ ပါတီကို ဖျက်သိမ်းခဲ့ရပြီး ၁၉၉၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ၉၃ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ရွေးကောက်ပွဲကျင်းပပြီးနောက် ပါတီဖျက်သိမ်းပေးရန် ဆန္ဒအလျှောက်တင်ပြလာသည့် ပါတီ ၁၅ ပါတီ၊ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ပါတီ ၅ ပါတီ၊ ပါတီလှုပ်ရှားမှုနှင့် အလုပ်အမှုဆောင်အဖွဲ့မရှိတော့သည့် ပါတီ ၇ ပါတီ၊ နိုင်ငံရေးပါတီ အင်္ဂါရပ်နှင့် မညီညွတ်တော့သည့် ပါတီ ၅၆ ပါတီတို့ကိုလည်း ကော်မရှင်က ဥပဒေနှင့်အညီ ဖျက်သိမ်းခဲ့ရသဖြင့် မူလကမှတ်ပုံတင်ခဲ့သည့် ပါတီပေါင်း ၂၃၅ ပါတီတွင် တရားဝင်ရပ်တည်နိုင်သည့် ပါတီ ၁၀ ပါတီသာကျန်ရှိပြီး ယင်းတို့အနက် ၅ ပါတီသာ ၂၀၁၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် မှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခဲ့သည်။ ထိုအချိန်က ပါတီမှတ်ပုံတင်ကြေး ၅၀၀ ကျပ် ပေးသွင်းကာ ပါတီအမည်၊ အမှုဆောင်အဖွဲ့တစ်ဖွဲ့ရှိလျှင် လွယ်လွယ်မှတ်ပုံတင်နိုင်သည်ဟု ပြောစမှတ်ပြုခဲ့သည်။ ပါတီမူဝါဒ၊ လမ်းစဉ်၊ အင်အား လောက်လောက်လားလား ပီပီပြင်ပြင်မရှိဘဲ လူဆယ်ယောက် ငွေငါးရာရှိလျှင် ပါတီတစ်ခုဖွဲ့နိုင်သလို ဖြစ်ခဲ့သည်။

### ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ

၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီ ၉၃ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွေးကောက်ပွဲတွင် အနိုင်ရပါတီအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အစိုးရတာဝန်လွှဲအပ်နိုင်ရေးအတွက် လိုအပ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အမျိုးသားညီလာခံကို ကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် အမတ်နေရာအများဆုံးရရှိခဲ့သည့် NLD ပါတီနှင့် ယင်းပါတီအမတ်များက အမျိုးသားညီလာခံမှ ကျောခိုင်းထွက်ခွာသွားခဲ့သဖြင့် ပါတီစုံခေတ် ပြန်လည်ရှင်သန်စေမည့် လမ်းကြောင်းဖြစ်သော ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲရလဒ်သည်လည်း ပျက်ပြယ်သွားခဲ့ရပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၂ ခုနှစ်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ ၇ ချက်ကို ချမှတ်၍ အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့သည်။ အမျိုးသားညီလာခံမှ ပေါ်ထွက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) မူကြမ်းကို ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ကျင်းပသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ထောက်ခံဆန္ဒမဲ ၉၂ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အတည်ပြုနိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ကို အသစ်ပြဋ္ဌာန်းပြီး ပထမအကြိမ်လွှတ်တော်သက်တမ်းအတွက် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပေးခဲ့သည်။ တပ်မတော်က နိုင်ငံ့တာဝန်ယူခဲ့ရသည့် အုပ်ချုပ်ရေးစနစ်မှ ပြည်သူကရွေးကောက်တင်မြှောက်သည့် ပါတီစုံဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သို့ ညင်သာချောမွေ့စွာဖြင့် ကူးပြောင်းပေးနိုင်ခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် စာမျက်နှာ ၂၄ သို့

> "ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ကို အသစ်ပြဋ္ဌာန်းပြီး ပထမအကြိမ် လွှတ်တော်သက်တမ်းအတွက် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပေးခဲ့သည်။ တပ်မတော်က နိုင်ငံ့တာဝန်ယူခဲ့ရသည့် အုပ်ချုပ်ရေးစနစ်မှ ပြည်သူကရွေးကောက် တင်မြှောက်သည့် ပါတီစုံဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သို့ ညင်သာချောမွေ့စွာဖြင့် ကူးပြောင်းပေးနိုင်ခဲ့သည်"

**စာမျက်နှာ ၂၃ မှအဆက်**

ပါတီစုံဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရန် အတွက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး၊ တည်ဆောက်ရေးနှင့် အေးချမ်း သာယာရေးလုပ်ငန်းများကို ပြီးပြည့်စုံအောင် ဆောင်ရွက်ပြီး ပြည်သူတို့ လိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ် ဒုတိယခေတ်ကာလကို ပြန်လည်လမ်းခင်းပေး၍ အေးချမ်းတည်ငြိမ်စွာ လွှဲပြောင်းပေးခဲ့ပါသည်။

**ပါတီစုံဒီမိုကရေစီခေတ် နိုင်ငံရေးပါတီများ**

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၂၉၈၇ ဦး၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင် ခဲ့သည်။ နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ် ၁၁၄၈ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၆ ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၃၂၅ နေရာတွင် ၂၅၉ နေရာ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ နေရာတွင် ၁၂၉ နေရာ အနိုင်ရရှိခဲ့ပြီး လွှတ်တော် ၂ ရပ်ပေါင်း ၄၉၃ နေရာအနက် ၃၈၈ နေရာရရှိခဲ့ သည်။ ပထမအကြိမ် လွှတ်တော်သက်တမ်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဦးဆောင်ကာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့တွင် နိုင်ငံရေးပါတီ အဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ခဲ့ပြီး ဇွန်လ ၈ ရက်နေ့တွင် နိုင်ငံရေးပါတီ အဖြစ် မှတ်ပုံတင်ခွင့်ရရှိကာ ပါတီဥက္ကဋ္ဌ ဦးသိန်းစိန် နှင့် ပါတီဗဟိုအလုပ်အမှုဆောင် ၂၇ ဦးဖြင့် ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအစိုးရ သည် တပ်မတော်အစိုးရက လမ်းခင်းပေးခဲ့သော ပါတီစုံဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်း များကို ဖော်ဆောင်ရင်း လူ့အခွင့်အရေး၊ တန်းတူ ညီမျှရေး၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအခွင့် အရေး၊ ဖက်ဒရယ်အရေး၊ လူသားချင်းစာနာထောက် ထားရေး စသည်တို့ကို အကြောင်းပြု၍ နိုင်ငံတကာ အဖွဲ့အစည်းမျိုးစုံနှင့် အနောက်အုပ်စုများ နည်းလမ်း မျိုးစုံဖြင့် ဝင်ရောက်ဆောင်ရွက်ခဲ့ပြီး အကြံပြုချက် များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးအစီ အစဉ်များဖြင့် အသွင်ကူးပြောင်းရေးဆွေးနွေးကြ ရင်းနှင့်အချိန်ကုန်ဆုံးခဲ့ရပြီး တည်ငြိမ်အေးချမ်းရေး နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်များ လျော့နည်းကာ မိတ္ထီလာကိစ္စ၊ ရခိုင်အရေးအခင်း၊ လက်ပံတောင်းတောင်ဆန္ဒပြပွဲများ စသည့် လူမျိုး ရေး၊ ဘာသာရေး၊ ဒေသတွင်းပဋိပက္ခများ စတင် ဖြစ်ပွားလာခဲ့ရသည်။ မြစ်ဆုံစီမံကိန်းလည်း ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိဘဲ ရပ်နားခဲ့ရ သည်။ အစိုးရအဖွဲ့အတွင်း ပြုပြင်ပြောင်းလဲရေး သမားများ၊ မူဟောင်းထိန်းသမားများ၊ ကြားနေသူများဟု အုပ်စု ၃ စုကွဲခဲ့ကြောင်း ဝန်ကြီး ဦးအောင်မင်းမှ ပြုပြင်ပြောင်းလဲရေးသမား ၁၀ ရာခိုင်နှုန်း၊ မူဟောင်းထိန်းသမား ၄၅ ရာခိုင်နှုန်း၊ ကြားနေသူ ၄၅ ရာခိုင်နှုန်း ပါဝင်ကြောင်း သံတမန်များအား ပြောကြားခဲ့သည်။ ထို့အပြင် မြန်မာအီးဂရက်စ် ကဲ့သို့သော အဖွဲ့အစည်းများကို အကြံပေးအဖြစ် လက်ခံခဲ့ပြီးနောက် အစိုးရအဖွဲ့အတွင်း အပျော့ဂိုဏ်း နှင့် အမာဂိုဏ်း ပြဿနာဖြစ်ခဲ့ရသည်။

ထို့အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာ တို့အား ပိုင်းခြားကျင့်သုံးဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးအဖွဲ့ အစိုးရနှင့် ဥပဒေပြုလွှတ်တော်များ ကြား သဘောထားကွဲလွဲကာ ပါတီထိပ်ပိုင်း ခေါင်းဆောင်များအကြား အုပ်စုဖွဲ့အားပြိုင်မှုများ ဖြစ်ပွားခဲ့သည်။ နိုင်ငံတော်သမ္မတက ကန့်ကွက်နေ သည့်ကြားမှ ဥပဒေပြုလွှတ်တော်များမှ ဒေသဖွံ့ဖြိုး ရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ထုတ်ပေးရန် ဆုံးဖြတ်ဆောင်ရွက်ခြင်း၊ လွှတ်တော်အမတ်များ ၏လစာကို တစ်ဆယ်သိန်းကျပ်အထိ တိုးမြှင့်ပြီး နေ့စဉ်ထောက်ပံ့ကြေး တစ်သောင်းကျပ်ရရှိရန် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်သမ္မတက သဘော မတူသဖြင့် လက်မှတ်ရေးထိုးခြင်းမရှိသော ဥပဒေ များပြဋ္ဌာန်းခြင်း၊ ပြည်သူလူထုအကျိုး၊ နိုင်ငံတော် ၏အကျိုးစီးပွားမပါဝင်သည့် ပြည်ထောင်စုအဆင့် အငြင်းပွားခြင်းကိစ္စများ၊ ဆောင်းပါးရှင် ဒေါက်တာ ဆိတ်ဖွားရာပုံတော်ကိစ္စရပ်များ ဖြစ်ပွားခဲ့ရသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအမတ် များသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရ၏ မူဝါဒများကိုဝေဖန်ရာတွင် အတိုက်အခံပါတီမှ အမတ်များထက်ပင် ပိုမိုအသံကျယ်လောင်ခဲ့ ကြကြောင်း ပြောဆိုမှုများရှိခဲ့သည်။ ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအတွင်း ပါတီဥက္ကဋ္ဌရာထူးနေရာ ရယူလိုမှုကိစ္စများဖြင့် အုပ်စုဖွဲ့အားပြိုင်ကာ ပါတီတွင်းစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ရသည်။ ပါတီအတွင်း သူရဦးရွှေမန်းနှင့် ဝန်ကြီးအဟောင်းများပါဝင်သည့် လွှတ်တော် ကိုယ်စားလှယ်များ၊ သမ္မတဦးသိန်းစိန်နှင့် အစိုးရ အဖွဲ့ဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဝန်ကြီးအချို့နှင့် ဗဟိုကော်မတီဝင်များ၊ ကြားနေ အရပ်သား ဗဟိုကော်မတီဝင်များနှင့် အလုပ်အမှု ဆောင်များဟူ၍ ၃ မျိုးကွဲခဲ့ကြသည်။ အထင်ရှားဆုံးမှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တော့မည်မဟုတ်ဟု ပြည်ထောင်စု လွှတ်တော်နာယက သူရဦးရွှေမန်းထံပေးပို့ခဲ့သည့် စာကို သတင်းမီဒီယာများအား ပြန်လည်ဖြန့်ဝေခြင်း၊ သမ္မတ အပါအဝင် အစိုးရအဖွဲ့ဝင်အားလုံး ရွေးကောက်ခံအမတ်ဖြစ်စေရန် လွှတ်တော်အတွင်း ပြင်ဆင်ရန် ကြိုးပမ်းခြင်း စသည့်အချက်များသည် ပါတီခေါင်းဆောင်များအချင်းချင်း အကွဲအပြဲများ ဖြစ်ပွားစေခဲ့သည်။ အဆိုးဆုံးမှာ နိုင်ငံတော်ဖွဲ့စည်း ပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို လွှတ်တော်က စွပ်စွဲ ပြစ်တင်ခြင်းပင်ဖြစ်သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲမှစတင်၍ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးရွှေမန်းတို့ တံခါး ပိတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းကို လွှတ်တော် အတွင်းရှိပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အတွင်း သံသယ ဖြစ်ခဲ့ရသည်။ ထို့အပြင် သမ္မတ၊ ဒုတိယသမ္မတနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ လစာငွေကိစ္စ၊ ပင်စင် လစာတိုးမြှင့်ခြင်းကိစ္စ၊ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို ပြည်ထောင်စုအဆင့် သတ်မှတ်ခြင်း ကိစ္စတို့ပါဝင်သည့် နိုင်ငံတော်သမ္မတ၏လုပ်ဆောင် ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စုံစမ်း ပေးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်နာယကထံ စာရေးသား ပေးပို့ခဲ့သည်။ နောက်ပိုင်းတွင် အစိုးရအဖွဲ့အနေဖြင့် လွှတ်တော်မှ နိုင်ငံတော်သမ္မတကို စွပ်စွဲပြစ်တင်ခြင်း များ ဆောင်ရွက်လာနိုင်သည်ဟူသော သံသယစိတ် များဖြစ်ပွားခဲ့ကြသည်။ ထိုအကွဲအပြဲ ဇာတ်လမ်းများ သည် ရွေးကောက်ပွဲနီးလာသည်နှင့် ပါတီတွင်းစည်းလုံး ညီညွတ်မှုပြိုကွဲခဲ့ရသည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ ည ၉ နာရီအချိန်တွင် ခေတ္တဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဗဟိုအလုပ်အမှုဆောင် ၁၂ ဦးကို ဖယ်ရှားခဲ့သည့် ညတိုက်ပွဲဟူ၍ပင် ပြောစမှတ်တွင်ခဲ့ ရသည်အထိဖြစ်ပွားခဲ့ရသည်။ ပါတီတွင်းစည်းလုံး ညီညွတ်မှု ပျက်ပြားခဲ့သဖြင့် ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် ရှုံးနိမ့်ခဲ့ရသည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး နိုင်ငံရေးပါတီ ၉၁ ပါတီမှ ကိုယ်စား လှယ်လောင်း ၅၇၂၈ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စား လှယ်လောင်း ၃၁၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ် ၁၁၄၅ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၅ ဦး ရွေးကောက်တင် မြှောက်ခံခဲ့ရပြီး NLD ပါတီက အစိုးရဖွဲ့ကာ ဒုတိယ အကြိမ်လွှတ်တော်သက်တမ်းတွင် အာဏာရရှိခဲ့သည်။

NLD ပါတီသည် ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ရန် ပါတီအတွင်း သဘောထား ကွဲလွဲမှုများဖြစ်ခဲ့သည်။ ရွှေဂုံတိုင်ကြေညာစာတမ်း ကို ဆုပ်ကိုင်ထားသည့် ဦးဝင်းတင် ခေါင်းဆောင် သောအဖွဲ့၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး လွှတ်တော်အတွင်းမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်လိုသည့် ဦးခင်မောင်ဆွေနှင့် ဒေါက်တာ သန်းငြိမ်းတို့ ဦးဆောင်သည့်အဖွဲ့၊ ဦးအောင်ရွှေ ခေါင်းဆောင်သော ကြားနေအဖွဲ့ စသည်ဖြင့် သဘောထားကွဲလွဲခဲ့ကြသည်။ ဦးတင်ဦးက ရွေးကောက်ပွဲဝင်ရောက်ရန် ကန့်ကွက်ခဲ့သည်။ နောက်ဆုံးတွင် ဒေါ်အောင်ဆန်းစုကြည်၏ သဘော ဆန္ဒအရ ရွေးကောက်ပွဲမဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ သဖြင့် NLD ပါတီသည် ၂၀၁၀ ပြည့်နှစ် နိုင်ငံရေးပါတီ များမှတ်ပုံတင်ခြင်းဥပဒေအရ ပျက်ပြယ်ခဲ့ပြီးဖြစ် သည်။ ဦးခင်မောင်ဆွေနှင့် ဒေါက်တာ သန်းငြိမ်းတို့ အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီအမည် ဖြင့် ရွေးကောက်ပွဲဝင်ရောက်ရန် မှတ်ပုံတင်ခဲ့သဖြင့် NLD ပါတီမှ ယင်းတို့အပါအဝင် ဗဟိုကော်မတီဝင် ၁၃ ဦးကို ပါတီမှထုတ်ပယ်ခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် သမ္မတဦးသိန်းစိန်က ဝန်ကြီး ဦးအောင်မင်း၊ ဦးစိုးသိန်းနှင့် မြန်မာအီးဂရက်စ် အဖွဲ့တို့တွေ့ဆုံပြီး NLD ပါတီအား နိုင်ငံရေးလုပ်ငန်း စဉ်များတွင် ပြန်လည်ပါဝင်နိုင်ရန် ဆွေးနွေးခဲ့ကြ သည်။ ထို့နောက် ဝန်ကြီး ဦးအောင်ကြည်ကို ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးရန် တာဝန်ပေးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ညှိနှိုင်းရရှိချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတို့နှင့် ဆက်လက် ဆွေးနွေးညှိနှိုင်းခဲ့သည်။ ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင် ခြင်းဥပဒေကို ပြင်ဆင်ရန် လွှတ်တော်သို့တင်ပြခဲ့ သည်။ လွှတ်တော်များမှ ဥပဒေပြင်ဆင်ပေးခဲ့ပြီး NLD ပါတီသည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ကာ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်၍ NLD ပါတီအမတ်များ လွှတ်တော်အတွင်း ရောက်ရှိလာခဲ့ကြသည်။ NLD ပါတီသည် ၈၈ မျိုး ဆက်ကျောင်းသားများအဖွဲ့အပါအဝင် ပါတီကို ထောက်ခံဝန်းရံသူများ၊ နိုင်ငံတကာအဖွဲ့အစည်း များနှင့် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပ၊ ပါတီ အတွင်း၊ ပါတီပြင်ပ စည်းရုံးဆောင်ရွက်မှုများကြောင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး အစိုးရ ဖွဲ့စည်းနိုင်ခဲ့သည်။

NLD ပါတီအစိုးရသက်တမ်းတွင် ပြည်တွင်း ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကြွေးကြော်၍ ဆောင်ရွက်ခဲ့ကြသော်လည်း အောင်မြင်မှုမရရှိဘဲ တိုင်းပြည်တည်ငြိမ်အေးချမ်း ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေနိုင်သည့် ရခိုင်ပြည်နယ်အတွင်း လူမျိုး ရေးပြဿနာများ ဖြစ်ပွားခဲ့ရသည်။ NLD ပါတီ၏ အစိုးရသက်တမ်း ၅ နှစ်တွင် အစိုးရအဖွဲ့နှင့် လွှတ်တော်များအတွင်း နိုင်ငံတကာအဖွဲ့အစည်း များ၊ ပြည်ပနိုင်ငံများ၏ အကြံပေးများ ဝင်ရောက် စွက်ဖက်ဆောင်ရွက်ခဲ့ကြသည်။ ဂျော့ဆိုးရော့စ်နှင့် ပတ်သက်ခဲ့သူ မြန်မာနိုင်ငံအမျိုးသားလုံခြုံရေး အကြံပေးတာဝန်ပေးထားသော ဦးသောင်းထွန်းကို အစိုးရအဖွဲ့ရုံးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းကိစ္စ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် ကိုဖီအာနန်ခေါင်းဆောင်၍ နိုင်ငံခြားသား ၂ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ယင်းကော်မရှင်၏အကြံပြုချက်များဖြင့် ဆောင်ရွက်ခြင်းကိစ္စတို့တွင် လွှတ်တော်အတွင်း ကန့်ကွက်မှုများ ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့ရသည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဗြိတိသျှသံရုံးမှ ဂျိုးဖစ်ရှာကို အနီးကပ်ခေါ်ယူထားခြင်း၊ မြန်မာနိုင်ငံ အပေါ် ဂမ်ဘီယာနိုင်ငံမှ ICJ တွင် တရားစွဲဆိုခြင်း တို့မှာ OIC နှင့်ပတ်သက်ခဲ့ပြီး နိုင်ငံ၏အချုပ်အခြာ အာဏာကိုထိခိုက်စေခဲ့သည်ဟု ဝေဖန်ပြောဆိုမှုများ ပြင်းထန်ခဲ့သည်။ ဝန်ကြီးဌာနများတွင် နိုင်ငံတကာ အကြံပေးများအဖြစ် နိုင်ငံရေးအကြံပေး ဂျိုးဖစ်ရှာ၊ ရခိုင်အရေးကိစ္စ ကိုဖီအာနန်၊ စီးပွားရေး အကြံပေး ရှောင်တနယ်တို့အပါအဝင် နိုင်ငံခြားသား ၉၀ ကျော်ကို ခန့်အပ်ခဲ့ပြီး နိုင်ငံခြားသားငှားရမ်းခ တစ်နှစ်လျှင် ကျပ်နှစ်ဆယ့်ငါးဘီလီယံခန့် သုံးစွဲခြင်းကိစ္စများ အတွက် လွှတ်တော်အတွင်းမေးမြန်း ပြစ်တင်ခံခဲ့ရ သည်။ နိုင်ငံတော်၏ ကြွေးမြီများအနေဖြင့် သမ္မတ ဦးသိန်းစိန် အစိုးရအပါအဝင် ယခင်အစိုးရများ လက်ထက် ၇၃ နှစ်တာကာလအတွင်း စုစုပေါင်း ပြည်ပချေးငွေ အမေရိကန်ဒေါ်လာ ၉၀၈၆ ဒသမ ၇၉၆ သန်း ဖြစ်ခဲ့သော်လည်း NLD အစိုးရသက်တမ်း ၃ နှစ်တာ ကာလအတွင်း ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးသည့် ပြည်ပချေးငွေများမှာ ၁၀၀၀၀ ဒသမ ၂ သန်းအထိ ရှိခဲ့သည်။ နိုင်ငံခြား ချေးငွေများ မြောက်မြားစွာရယူသုံးစွဲခဲ့ရသည်။ NLD အစိုးရသည် အစိုးရတစ်ရပ်ဖြစ်သော်လည်း နိုင်ငံ တကာအဖွဲ့အစည်းများနှင့်ပြည်ပနိုင်ငံများ၏ လွှမ်းမိုး မှု၊ အကြံပြုမှုများဖြင့် ဝင်ရောက်စွက်ဖက်ကာ ယင်းတို့ အလိုကျ ထိန်းကျောင်းဆောင်ရွက်ခြင်းကို ခံခဲ့ရ သည်။ နိုင်ငံတော်၏ လုံခြုံရေး၊ စီးပွားရေး၊ ငြိမ်းချမ်း ရေး၊ ရခိုင်လူမျိုးရေးရာကိစ္စများ၊ အစိုးရအဖွဲ့နှင့် လွှတ်တော်များမှ အကောင်အထည်ဖော် ဆောင်ရွက် ရသောကိစ္စများအတွက် ဒေါ်အောင်ဆန်းစုကြည်၏ အတည်ပြုချက်ဖြင့်သာ ဆောင်ရွက်ကြရသည်ဆိုသော် လည်း မလွန်ဆန်နိုင်သည့် နိုင်ငံတကာအဖွဲ့အစည်း များနှင့် အကြံပေးများ၏ ကြိုးဆွဲရာကရသည့်အဖြစ် မျိုးသို့ ရောက်ခဲ့ရသည်။ **စာမျက်နှာ ၂၅ သို့**

> **"NLD အစိုးရသည် အစိုးရတစ်ရပ်ဖြစ်သော်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများ၏ လွှမ်းမိုးမှု၊ အကြံပြုမှုများဖြင့် ဝင်ရောက်စွက်ဖက်ကာ ယင်းတို့အလိုကျ ထိန်းကျောင်းဆောင်ရွက်ခြင်းကို ခံခဲ့ရသည်။ နိုင်ငံတော်၏ လုံခြုံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ရခိုင်လူမျိုးရေးရာကိစ္စများ၊ အစိုးရအဖွဲ့နှင့် လွှတ်တော်များမှ အကောင်အထည်ဖော် ဆောင်ရွက်ရသောကိစ္စများအတွက် ဒေါ်အောင်ဆန်းစုကြည်၏ အတည်ပြုချက်ဖြင့်သာ ဆောင်ရွက်ကြရသည်ဆိုသော်လည်း မလွန်ဆန်နိုင်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အကြံပေးများ၏ ကြိုးဆွဲရာကရသည့်အဖြစ်မျိုးသို့ ရောက်ခဲ့ရသည်"**

**စာမျက်နှာ ၂၄ မှအဆက်**

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံတော်ကို သမ္မတအုပ်ချုပ်မှာမဟုတ်။ သူအုပ်ချုပ်မှာဖြစ်ကြောင်း ပြောကြားခဲ့ပြီး အစိုးရအဖွဲ့တာဝန်လွှဲပြီးသည်နှင့် သမ္မတနှင့် ဒုတိယသမ္မတများကို ရုံးဖွဲ့စည်းမှုအကြောင်းပြ၍ သူ၏အမိန့်ဖြင့် ရုံးတက်ရောက်ခွင့် ပိတ်ပင်ခဲ့သည့်ကာလများ ရှိခဲ့သည်။ လွှတ်တော်များတွင် ဆွေးနွေးမည့်အစီအစဉ်များကို သူ့ထံ တင်ပြခွင့်ပြုချက်ရရှိမှ ဆောင်ရွက်ရခြင်းများလည်းရှိခဲ့သည်။ လွှတ်တော်အတွင်း မေးခွန်းနှင့် အဆိုများအတွက် ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ ဆွေးနွေးခြင်းတို့တွင် သူနှင့်ပါတီ၏ညွှန်ကြားချက်အတိုင်း လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ရသည်။ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များကို ပါတီမှ ထုတ်ပယ်သည်အထိ အရေးယူခဲ့သည့်သာဓကများရှိခဲ့သည်။

မြန်မာ့နိုင်ငံရေးပါတီများ၏ သမိုင်းစဉ်တစ်လျှောက် ပါတီတွင်းစည်းလုံးညီညွတ်မှု အားနည်းခဲ့ကြသလို ပါတီခေါင်းဆောင်များအချင်းချင်း အကွဲအပြဲများဖြစ်ခဲ့ကြရသည်ကိုလည်း တွေ့ရှိရသည်။ ထိုသို့ဖြစ်ပွားရခြင်းမှာ သဘောတရားအယူဝါဒအကြောင်းခြင်းရာ၊ နိုင်ငံရေးအကြောင်းခြင်းရာ၊ အမျိုးသားရေး အကြောင်းခြင်းရာများကြောင့်ဖြစ်ပေါ်ရခြင်းထက် ပုဂ္ဂလိကရာထူးနေရာရယူလို၍သော်လည်းကောင်း၊ သူ့လူကိုယ့်လူ ဆရာတပည့်မွေး၍ တိုက်ခိုက်ကြခြင်းဖြင့်သော် လည်းကောင်း၊ မိမိပါတီကို အထင်ကြီးလွန်းခြင်း၊ သူတစ်ပါးတိုင်းတစ်ပါးကို အထင်ကြီးလွန်းခြင်းနှင့် အခြားပါတီများကို တိုက်ခိုက်ခြင်းတို့ဖြင့် ပါတီအတွင်း၊ ပါတီပြင်ပစည်းလုံးညီညွတ်မှု ကျဆင်းခဲ့ကြရသည်။ ပါတီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့ရသည်။ နိုင်ငံရေးပါတီများအနေဖြင့် ပါတီအတွင်း ဒီမိုကရေစီနည်းလမ်းကျကျ ဥပဒေနှင့်အညီ ဆောင်ရွက်သင့်သော်လည်း ပါတီခေါင်းဆောင်များအနေဖြင့် အာဏာရှင်ဆန်ဆန် ဆောင်ရွက်မှုနှင့် ပါတီဖွဲ့စည်းပုံစည်းမျဉ်းများကို မျက်ကွယ်ပြုမှုများလည်း ရှောင်ရှားသင့်ပါသည်။ ပြည်သူလူထုအကျိုး၊ နိုင်ငံ့ အကျိုးဆောင်ရွက်ကြရာတွင် ပါတီအကျိုးထက် နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးကို ဦးစားပေး ဆောင်ရွက်သင့်ပါသည်။

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများအခြေအနေ**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ နိုင်ငံရေးပါတီ ၈၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၅၃၇၉ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၂၆၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ သို့သော် ရွေးကောက်ပွဲတွင် အာဏာရပါတီအစိုးရ၏ ပါဝင်စွက်ဖက်မှုများ၊ နိုင်ငံတကာအဖွဲ့အစည်းအချို့၏ ဝင်ရောက်ဆောင်ရွက်မှုများကြောင့် မဲစာရင်းကြီးမားစွာ မှားယွင်းမှုများ၊ မဲမသမာမှုဖြစ်စဉ်များကို တာဝန်ယူဖြေရှင်းခြင်းမပြုဘဲ လွှတ်တော်ခေါ်ယူပြီး နိုင်ငံတော်အာဏာကိုရယူမည့်အခြေအနေတို့ကြောင့် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလပြဋ္ဌာန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းတာဝန်ယူဆောင်ရွက်ခဲ့ရပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ စတင်ကျင်းပခဲ့သည့် ၂၀၁၀ ပြည့်နှစ်မှစ၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မတိုင်မီအချိန်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီပေါင်း ၁၂၈ ပါတီရှိခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ပယ်ဖျက်ခဲ့ရသည့် နိုင်ငံရေးပါတီ ၃၆ ပါတီရှိ၍ နိုင်ငံရေးပါတီ ၉၂ ပါတီ ကျန်ရှိပါသည်။

နိုင်ငံရေးပါတီ ၉၂ ပါတီအနက် နိုင်ငံရေးအယူဝါဒအရ ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီများမှာ ၄၃ ပါတီ၊ တိုင်းရင်းသားမျိုးနွယ်စုများအလိုက် ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီများ ၁၉ ပါတီနှင့် ဒေသအလိုက် ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီ ၃၀ ပါတီရှိပါသည်။ အဆိုပါ နိုင်ငံရေးပါတီအများစုသည် ၂၀၁၀ ပြည့်နှစ်မတိုင်မီက တည်ရှိခဲ့သည့် ပါတီအချို့ပါဝင်သလို ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်ကာလများနှင့် ၂၀၂၀ ပြည့်နှစ်မတိုင်မီထိ တည်ထောင်ခဲ့ကြသည့် ပါတီများဖြစ်ကြပြီး သက်တမ်းကာလအားဖြင့် ဆယ်စုနှစ်ကျော် သက်တမ်းရှိသည့် ပါတီများရှိသကဲ့သို့ အနည်းဆုံးကာလအားဖြင့် သုံးနှစ်ကျော် လေးနှစ်နီးပါး ရှိကြပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် မူဝါဒ၊ လမ်းစဉ်ခိုင်မာမှုမရှိသဖြင့် ပါတီထူထောင်သူများအပေါ်မူတည်၍ ရွေးကောက်ပွဲဝင်နိုင်ရုံသာ ဖွဲ့စည်းခဲ့သည့် နိုင်ငံရေးပါတီများလည်းရှိခဲ့သည်။ ပါတီရုံးခန်းများ ဖွင့်လှစ်ခြင်း၊ ပါတီရန်ပုံငွေ၊ ပါတီဝင်အင်အားများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီတစ်ရပ်နှင့် ညီညွတ်အောင် ဆောင်ရွက်နိုင်မှုများ အားနည်းသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေအသစ်ပြဋ္ဌာန်းရာတွင် နိုင်ငံရေးပါတီများ အားကောင်းမောင်းသန်ဖြင့် တောင့်တင်းခိုင်မာပြီး နိုင်ငံတော်ကို ဦးဆောင်နိုင်မည့်ပါတီများ ပေါ်ထွက်လာစေရန် ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ ပါတီရုံးခန်းများ စသည်ဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

> **“နိုင်ငံရေးပါတီများအနေဖြင့် ပါတီအတွင်း ဒီမိုကရေစီနည်းလမ်းကျကျ ဥပဒေနှင့်အညီ ဆောင်ရွက်သင့်သော်လည်း ပါတီခေါင်းဆောင်များအနေဖြင့် အာဏာရှင်ဆန်ဆန်ဆောင်ရွက်မှုနှင့် ပါတီဖွဲ့စည်းပုံစည်းမျဉ်းများကို မျက်ကွယ်ပြုမှုများလည်း ရှောင်ရှားသင့်ပါသည်။ ပြည်သူလူထုအကျိုး၊ နိုင်ငံ့အကျိုးဆောင်ရွက်ကြရာတွင် ပါတီအကျိုးထက် နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးကို ဦးစားပေး ဆောင်ရွက်သင့်ပါသည်”**

နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မှုအခြေအနေမှာ ပြည်ထောင်စုတစ်ဝန်း စည်းရုံးမည့်ပါတီ ၇၀ ကျော်အနက် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် ၂၂ ပါတီသာ ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။ ကိုယ်စားလှယ်နေရာ ၅၀ နေရာနှင့်အထက် ဝင်ရောက်ယှဉ်ပြိုင်သောပါတီ ၁၃ ပါတီခန့်သာရှိပြီး အများစုမှာ ကိုယ်စားလှယ်နေရာ ၅၀ အောက်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ၂၀ ရာခိုင်နှုန်းကျော်သော ပါတီများသည် အနည်းဆုံးဝင်ရောက်ယှဉ်ပြိုင်ရမည့် ကိုယ်စားလှယ်ဦးရေဖြစ်သည့် ၃ ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း တွေ့ရှိရပါသည်။ ရွေးကောက်တင်မြှောက်ခံရမှုအခြေအနေကို လေ့လာပါက လွှတ်တော်ကိုယ်စားလှယ် နေရာအနည်းဆုံး ၁ နေရာရရှိသည့် ပါတီများအပါအဝင်အရေအတွက်မှာ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီ ၉၀ ခန့် အနက် ၂၀ ပါတီ ဝန်းကျင်သာရှိသည်ကို တွေ့ရှိရသည်။ နိုင်ငံရေးပါတီအများစုသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုနှင့် အနိုင်ရရှိမှုနည်းပါးသည်ကိုတွေ့ရပြီး ခိုင်မာအားကောင်းသည့်ပါတီများ ဖြစ်လာရေး နိုင်ငံရေးယုံကြည်ချက်နှင့် ရည်မှန်းချက်တူသည့် ပါတီများပူးပေါင်းဆောင်ရွက်ပါက ပိုမိုအောင်မြင်နိုင်ကြောင်း အကြံပြုအပ်ပါသည်။

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်အရ နိုင်ငံရေးပါတီများ ၂၃၉ ပါတီအထိ ဖွဲ့စည်းခဲ့သည့်ကာလတစ်ခုရှိခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ နိုင်ငံရေးပါတီများ များပြားခဲ့သော်လည်း ရွေးကောက်ပွဲများတွင် အနိုင်ရသဖြင့် အစိုးရဖွဲ့နိုင်သည့် ပါတီများမှာ ဖဆပလ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ဖြစ်သည်။ ပါတီများ များပြားသလောက် ပါတီဝင်အင်အားစုစည်းနိုင်သည့်ပါတီများ နည်းပါးပြီး ပါတီအလိုက် ပြည်သူကို ကိုယ်စားပြုနိုင်မှု အားနည်းသည်ကို တွေ့ရှိရသည်။

**စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေသော၊ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများ ပေါ်ထွက်လာရေးအတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ယခုအချိန်အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေသစ်အရ ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့်တင်ပြလာသည့် နိုင်ငံရေးပါတီ **၆၄ ပါတီ**ရှိပြီး ယင်းတို့အနက် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ **၇ ပါတီ** နှင့် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီ **၃၂ ပါတီ** စုစုပေါင်း **၃၉ ပါတီ**ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ကျန်ပါတီများကိုလည်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးပါတီအပေါ် လေ့လာချက်များအရ ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော နိုင်ငံရေးပါတီများ တည်ရှိဖို့လိုအပ်ကြောင်း အထင်အရှားတွေ့ရပေသည်။ အသစ်ပြဋ္ဌာန်းလိုက်သည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများသည်လည်း ခိုင်မာအားကောင်းသည့်နိုင်ငံရေးပါတီများ ဖြစ်လာစေဖို့ ရည်ရွယ်၍ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ယင်းဥပဒေ၊ နည်းဥပဒေများတွင်လည်း ပါတီငယ်များ၊ တိုင်းရင်းသား ဒေသများရှိ တိုင်းရင်းသားပါတီများအနေဖြင့် ရပ်တည်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ပေးထားပါသည်။ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့် ပါတီကြီးငယ်မရွေး အားလုံးပါဝင်နိုင်ရေးသည် အရေးကြီးသည့်အတွက် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်ပေးထားကြောင်း တွေ့ရပေသည်။

နိုင်ငံရေးပါတီများသည် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပြည်သူကိုကိုယ်စားပြုပြီး တိုင်းပြည်တာဝန်များကို ဦးဆောင်ဦးရွက်ပြုကြရမည့်သူများဖြစ်ပါသည်။ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများဖြစ်စေရန် တစ်နိုင်ငံလုံးစည်းရုံးဆောင်ရွက်မည့် ပါတီဖြစ်ပါက တစ်နိုင်ငံလုံးနှင့်လျော်ညီစွာ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ နိုင်ငံရေးပါတီရုံးခွဲများရှိရန်လိုအပ်ပါသည်။ ရွေးကောက်ပွဲတွင်လည်း သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်ကို ဝင်ရောက်ယှဉ်ပြိုင်ရန်လိုအပ်ပါသည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စည်းရုံးမည့်ပါတီနှင့်အညီ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ နိုင်ငံရေးပါတီရုံးခွဲများ ရှိရန်လိုအပ်ပါသည်။ ရွေးကောက်ပွဲတွင်လည်း သတ်မှတ်ထားသည့်မဲဆန္ဒနယ် အရေအတွက်ကို ဝင်ရောက်ယှဉ်ပြိုင်ရန် လိုအပ်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် မိမိကိုယ်တိုင် ခိုင်ခိုင်မာမာ ရပ်တည်ဖွဲ့စည်းနိုင်မှသာ တိုင်းပြည်အကျိုး၊ ပြည်သူများ၏အကျိုးကို ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ရေရှည်အကျိုးကိုမျှော်ကိုးပြီး တိုင်းပြည်အတွက်၊ အများပြည်သူလူထုအတွက် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရာတွင် ပြဋ္ဌာန်းဥပဒေများနှင့်အညီ တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

နိုင်ငံရေးပါတီများသည် လူမှုအကျိုးစီးပွားများကို ဖော်ဆောင်ခြင်း၊ ပါတီဝင်အသစ်များ စုစည်း၍ အနာဂတ်နိုင်ငံရေးမျိုးဆက်သစ်များ ပျိုးထောင်မွေးထုတ်ပေးခြင်းဖြင့် နိုင်ငံတော်အား ဦးဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အရည်အချင်း ပြည့်ဝသူများ လုံလုံလောက်လောက်ရှိရေး ဆောင်ရွက်ကြရန်လိုအပ်ပါသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ရခြင်းမှာ နိုင်ငံရေးပလက်ဖောင်းတစ်ခု ရရှိရေးဆိုသည့် ကျဉ်းမြောင်းသည့် နိုင်ငံရေးလုပ်စားခွင့်အခြေအနေ ဖန်တီးမှုမျိုးမဖြစ်သင့်ဘဲ နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုး၊ အများကောင်းကျိုးတို့အတွက် ရည်မှန်းချက်ဖြင့် ဆောင်ရွက်သင့်ပါသည်။ နိုင်ငံ၏ အရေးအရာများတွင် ပါဝင်ဆောင်ရွက်ကြရပါမည်။ နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသော သဘာဝဘေး၊ ကပ်ရောဂါဘေး စသည်တို့အပြင် လက်ရှိအခြေအနေအရ အကြမ်းဖက်ခြင်း၊ လူသတ်ခြင်း၊ တိုင်းပြည်မတည်မငြိမ်ဖြစ်အောင် ပြုလုပ်နေသည့် အဖွဲ့အစည်းများ၊ လုပ်ရပ်များကို မြင်ပါလျက်၊ သိပါလျက်နှင့် မသိချင်ယောင်မဆောင်ဘဲ နိုင်ငံရေးပါတီ ကောင်းတစ်ခုပီသစွာ ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးကိုကြည့်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။ သို့မှသာ ပြည်သူလူထု၏ ယုံကြည်မှုကိုရရှိပြီး ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းကာ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကို အောင်မြင်စွာဆောင်ရွက်ခြင်းဖြင့် ကျော်လွှားကြရမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဦးတည်ဆောင်ရွက်နေသည့်အားလျော်စွာ နိုင်ငံရေးပါတီများအနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် တင်ပြလိုက်ရပါသည်။

**ရည်ညွှန်းချက်**


၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ
၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ
၃။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်အကျဉ်း
၄။ မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် လက်လွှတ်ဆုံးရှုံးခဲ့ရသောအခွင့်အလမ်းများ ၂၀၁၀–၂၀၁၆
၅။ နိုင်ငံရေးနှင့် နိုင်ငံရေးပါတီ
၆။ ဒီမိုကရေစီဒုတိယအစိုးရသစ်နှင့်မြန်မာနိုင်ငံ
၇။ သုရဦးရွှေမန်းကိုလေ့လာခြင်း
၈။ မြန်မာနိုင်ငံရေးပါတီ (၂၀၂၂)
၉။ နိုင်ငံတော်၏ ပြည်ပကြွေးမြီအခြေအနေနှင့် ပဲရစ်ကလပ် ကြွေးမြီရှင်းလင်းခြင်းအတွေ့အကြုံ

# အိုက်စလန်နိုင်ငံရှိ ဂရင်ဒါဗစ်မီးတောင် ပေါက်ကွဲတော့မည့်လက္ခဏာပြသနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်



**ရေကျာဗစ် နိုဝင်ဘာ ၁၂**

အိုက်စလန်နိုင်ငံ ဂရင်ဒါဗစ်မြို့အနီးရှိ ဂရင်ဒါဗစ်မီးတောင်သည် လာမည့်ရက်ပိုင်းအတွင်း ပေါက်ကွဲတော့မည့်လက္ခဏာ ပြသနေသဖြင့် အိုက်စလန်အာဏာပိုင်အဖွဲ့အစည်းက ဂရင်ဒါဗစ်ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂရင်ဒါဗစ်မီးတောင်အတွင်းမှ ချော်ရည်ငွေ့များ စတင်ပေါက်ထွက်နေပြီဖြစ်သကဲ့သို့ ချော်ရည်အနည်းငယ် လျှံတက်နေသည့်အတွက်ကြောင့် ဂရင်ဒါဗစ်မီးတောင်အန္တရာယ် အနီရောင်အဆင့်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း အိုက်စလန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မီးတောင်ပေါက်ကွဲတော့မဲ့လက္ခဏာကြောင့် ဂရင်ဒါဗစ်ဒေသခံတွေအားလုံးကို ဘေးလွတ်ရာအမြန်ဆုံးရွှေ့ပြောင်းဖို့ သတိပေးချက် ထုတ်ပြန်ထားပါတယ်။ မီးတောင်ပေါက်ကွဲမှုအန္တရာယ် အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားပါတယ်။ မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်ဟာ လာမဲ့ရက်ပိုင်းအတွင်း အချိန်မရွေး ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေလဲ ဖြစ်ပါတယ်"ဟု အိုက်စလန် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မီးတောင်အနီး အသေးစားမြေငလျင်လှုပ်ခတ်မှု အကြိမ်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့သည့်အတွက်ကြောင့် မီးတောင်အတွင်း သက်ဝင်လှုပ်ရှားမှုနှုန်း မြင့်မားလာခြင်းဖြစ်ကြောင်း၊ ဂရင်ဒါဗစ်မြို့သည် ရေလုပ်သားများ အများဆုံးနေထိုင်သည့်မြို့ဖြစ်ပြီး လူဦးရေ ၃၀၀၀ ကျော်သာရှိသည့် မြို့ငယ်ဖြစ်ကြောင်း၊ ဂရင်ဒါဗစ်မီးတောင်သည် ၂၀၂၂ ခုနှစ် ဩဂုတ်လကလည်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# စီလန်ဂေါ်ပြည်နယ်နှင့် ပီရက်ခ်ပြည်နယ်တွင် ရေဘေးအန္တရာယ်အခြေအနေ စတင်တည်ငြိမ်ပြီဖြစ်

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၂**

မလေးရှားနိုင်ငံ စီလန်ဂေါ်ပြည်နယ်နှင့် ပီရက်ခ်ပြည်နယ်တွင် ပြီးခဲ့သည့်ရက်သတ္တပတ်က ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် ဒေသခံအမြောက်အမြား ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး ယခုအခါ ရေဘေးအန္တရာယ် အခြေအနေ တည်ငြိမ်ပြီဖြစ်ကြောင်း မလေးရှားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်ခဲ့ရသော ပီရက်ခ်ပြည်နယ်တွင် ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ဒေသခံ ၄၃၂ ဦးထိရှိခဲ့ပြီး ယခုအခါ အခြေအနေတည်ငြိမ်သွားသည့်အတွက် ဒေသခံတချို့ကို နေရပ်သို့ပြန်ခွင့်ပြုခဲ့ရာ ယာယီကယ်ဆယ်ရေးစခန်းတွင် ၄၂၃ ဦး ကျန်ရှိနေသေးကြောင်း၊ စီလန်ဂေါ်ပြည်နယ်တွင်လည်း ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၂၂၅ ဦးထိရှိခဲ့ပြီး ယနေ့အစောပိုင်းတွင် ရေဘေးအန္တရာယ်အခြေအနေ တည်ငြိမ်လာသည့်အတွက်ကြောင့် ဒေသခံတချို့ကို နေရပ်သို့ပြန်ခွင့်ပြုခဲ့ရာ ယာယီကယ်ဆယ်ရေးစခန်းတွင် လူ ၁၁၉ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။

"ရေဘေးဒဏ်သင့်နေတဲ့ဒေသတချို့မှာ ရေဘေးအန္တရာယ်အခြေအနေတည်ငြိမ်လာပြီဖြစ်ပါတယ်။ ရာနှုန်းပြည့်တော့ မဟုတ်သေးပါဘူး။ အခြေအနေအားလုံးတည်ငြိမ်သွားပြီးမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မလေးရှားအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

ရေဘေးအန္တရာယ် တည်ငြိမ်လာပြီဖြစ်သော်လည်း စိတ်မချရသေးသည့်ဒေသများတွင် နေထိုင်သော ဒေသခံတချို့ကို ယာယီကယ်ဆယ်ရေးစခန်းများ၌ ဆက်လက်နေထိုင်သွားရန် အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အီရန်နိုင်ငံတွင် ရေကြီးရေလျှံမှုကာလအတွင်း လူနှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိ

**တီဟီရန် နိုဝင်ဘာ ၁၂**

အီရန်နိုင်ငံတစ်ဝန်း ဖြစ်ပွားသော ရေကြီးရေလျှံမှုကာလအတွင်း လူနှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကာ လူဦးရေ ၂၆၀၀ ကျော်ကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရကြောင်း အီရန်လခြမ်းနီအသင်းက ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

အီရန်နိုင်ငံတွင် ရေကြီးရေလျှံမှုများကြောင့် နိုဝင်ဘာ ၂ ရက်မှ ၁၁ ရက်ထိ ပြည်နယ် ၁၃ ခုတွင် လူဦးရေ ၂၆၀၀ ကျော်ကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရကြောင်း၊ နိုင်ငံမြောက်ဘက်ရှိ ဂိုလက်စတန်ပြည်နယ်တွင် လူနှစ်ဦးသေဆုံးခဲ့ပြီး ဆီနမ်ပြည်နယ်တွင်လည်း အမျိုးသမီးတစ်ဦး ပျောက်ဆုံးနေဆဲဖြစ်သည်ဟု အီရန်လခြမ်းနီအသင်း တာဝန်ရှိသူများက သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လခြမ်းနီအသင်းက လူဦးရေ ၂၆၀၀ ကျော်ကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာတွင် လူ ၆၈ ဦးကို ဘေးကင်းရာနေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး ကျန်လူဦးရေများကို အရေးပေါ်နေရာထိုင်ခင်းများ စီမံပေးခဲ့ရသည်ဟု ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

မကြာသေးမီက ထုတ်ပြန်ခဲ့သော ကမ္ဘာ့မိုးလေဝသတွက်ချက်ခန့်မှန်းမှုအဖွဲ့၏ ထုတ်ပြန်ချက်များအရ အီရန်နိုင်ငံသည် အီရတ်၊ ဆီးရီးယားနိုင်ငံတို့နှင့်အတူ မိုးခေါင်ရေရှားမှု အဆိုးရွားဆုံးစာရင်းတွင်လည်းပါဝင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လမှ ၂၀၂၃ ခုနှစ် ဇွန်လထိသည် အီရန်နိုင်ငံ၏ ဒုတိယအဆိုးရွားဆုံး မိုးခေါင်ရေရှားမှုကာလတစ်ခုဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**



# ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျပြီး လျှပ်စစ်မီးပြတ်တောက်

**အော့တဝါ နိုဝင်ဘာ ၁၂**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် နိုဝင်ဘာ ၁၀ ရက် ညပိုင်းက ဆောင်းရာသီမုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျပြီး လျှပ်စစ်မီး ပြတ်တောက်လျက်ရှိကြောင်း ကနေဒါမိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

ဗြိတိသျှကိုလံဘီယာပြည်နယ်တောင်ပိုင်း ကမ်းခြေဒေသတွင် နိုဝင်ဘာ ၁၀ ရက် ညပိုင်းက ဆောင်းရာသီမုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျသဖြင့် အဝေးပြေးလမ်းမကြီးတချို့ကို ပိတ်ထားခဲ့ရသည့်အတွက် ပြည်နယ်အနှံ့အပြားတွင် လျှပ်စစ်မီးသုံးစွဲသူ နှစ်သိန်းကျော် လျှပ်စစ်မီး ပြတ်တောက်လျက်ရှိကြောင်း သိရသည်။

မုန်တိုင်းဝင်ရောက်စဉ် ဗန်ကူးဗားဒေသတွင် တစ်ညအတွင်း မိုးရေချိန် ၅၂ ဒသမ ၆ မီလီမီတာထိ ရွာသွန်းခဲ့ပြီး အချို့ဒေသများ၌ လေတိုက်နှုန်း တစ်နာရီ ၉၁ ကီလိုမီတာထိ တိုက်ခတ်ခဲ့ကြောင်း ကနေဒါမိုးလေဝသဌာနမှ မိုးလေဝသပညာရှင် ဂယ်ရီဒစ်ကင်ဆင်က ပြောကြားခဲ့သည်။

ဗြိတိသျှကိုလံဘီယာ လျှပ်စစ်ဓာတ်အားပေးဝေရေးလုပ်ငန်းအနေဖြင့် လျှပ်စစ်မီးအမြန်ဆုံးပြန်လည်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုဝင်ဘာ ၁၁ ရက်ထိ သုံးစွဲသူ ၈၀ ရာခိုင်နှုန်းကို လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မုန်တိုင်းပြင်းထန်ပြီး ထိခိုက်ပျက်စီးမှု များပြားသော ဆယ်ရီကောင်တီ နေရာအများအပြားတွင်မူ လျှပ်စစ်မီးပြတ်တောက်နေဆဲဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်လများက ဗြိတိသျှကိုလံဘီယာပြည်နယ်အတွင်း မိုးခေါင်ရေရှားမှုများကြောင့် သစ်ပင်များမှာ ခြောက်သွေ့နေကြောင်း၊ ထို့ကြောင့် ရုတ်တရက် လေပြင်းမုန်တိုင်းတိုက်ခတ်သည့်အခါ သစ်ပင်နှင့် သစ်ကိုင်းများ ပြိုလဲခြင်း၊ ကျိုးကျခြင်းများ ပိုမိုဖြစ်ပေါ်ခဲ့ပြီး လျှပ်စစ်ဓာတ်အားပေးလိုင်းများကို ကြီးမားစွာ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေခဲ့ကြောင်း လျှပ်စစ်ဓာတ်အားပေးဝေရေးလုပ်ငန်းမှ တာဝန်ရှိသူများက ပြောကြားသည်။

**Ref : Russia Today**
**Trs : AZH**

# အလာဘားမားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များက ကျန်းမာရေးကိုထိခိုက်စေနိုင်သည့်ပမာဏသို့ ရောက်ရှိနေ

**ဝါရှင်တန် နိုဝင်ဘာ ၁၂**

အမေရိကန်နိုင်ငံ အလာဘားမားပြည်နယ် ဘရော့ဝုဒ်ကောင်တီအနီး တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များမှာ ဘရော့ဝုဒ်ကောင်တီနေရာအနှံ့အပြား ပျံ့နှံ့ရောက်ရှိနေပြီး ကျန်းမာရေးကိုထိခိုက်စေနိုင်သည့်ပမာဏသို့ ရောက်ရှိနေကြောင်း အလာဘားမားပြည်နယ် ကျန်းမာရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အလာဘားမားဘာမင်ဂမ်တက္ကသိုလ်မှ သုတေသီများက မီးခိုးငွေ့များကို စစ်ဆေးမှုပြုလုပ်ခဲ့ရာ မီးခိုးငွေ့အတွင်း ဓာတုဓာတ်များ ရောနှောပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း ကျန်းမာရေးဦးစီးဌာနသို့ အသိပေးအကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း၊ မီးခိုးငွေ့များသည် အဆုတ်ကိုထိခိုက်စေနိုင်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာ ခံစားနေရသူများအတွက်လည်း အန္တရာယ်ရှိသည့် အခြေအနေဖြစ်ကြောင်း အလာဘားမားပြည်နယ် ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"တောမီးလောင်ကျွမ်းမှုကြောင့် ထွက်ပေါ်လာတဲ့ မီးခိုးငွေ့ရဲ့ လေထုအရည်အသွေးကို စစ်ဆေးကြည့်လိုက်တော့ လေထုညစ်ညမ်းမှုညွှန်းကိန်း ၁၀၀ ကျော်နေတယ်။ သတ်မှတ်ချက်အရ လေထုညစ်ညမ်းမှုညွှန်းကိန်း ၁၀၁ ကနေ ၁၅၀ အတွင်းဟာ ကျန်းမာရေးမကောင်းတဲ့သူတွေအတွက် အန္တရာယ်ရှိတဲ့ပမာဏဖြစ်ပါတယ်။ ဒီလိုကာလမျိုးမှာ နေအိမ်အတွင်း၊ အဆောက်အအုံအတွင်းနေထိုင်တာအကောင်းဆုံးဖြစ်ပါလိမ့်မယ်"ဟု အလာဘားမားပြည်နယ် လေထုအရည်အသွေးစစ်ဆေးရေးအဖွဲ့အစည်းဖြစ်သည့် Air Now အဖွဲ့မှ ပရော်ဖက်ဆာရာဗယ်လ်က ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံ များကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြား နည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပုသိမ်ခရိုင်တွင် ဆီထွက်သီးနှံမြေပဲနှင့် နှမ်း ၁၁၂၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲနှင့်နှမ်း ၁၁၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ လျာထားမြေပဲ ၉၅၄ ဧကနှင့်နှမ်း ၁၆၈ ဧကကို ယခုနှစ် မေလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံမြေပဲနှင့်နှမ်းစုစုပေါင်း ၁၁၂၂ ဧကအားလုံး ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးတဲ့ရာသီမှာ မိုးမြေပဲနဲ့ နှမ်းသီးနှံ ၁၁၂၂ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မြေပဲနဲ့နှမ်းတွေ လျာထားဧကအတိုင်း ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေ လျာထားချက်အတိုင်း အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်" ဟု ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်ခရိုင်တွင် စိုက်ပျိုးပြီးဖြစ်သည့် ဆီထွက်သီးနှံ မြေပဲနှင့်နှမ်း လျာထား ၁၁၂၂ ဧကတွင် ပုသိမ်မြို့နယ်တွင် မြေပဲ ၂၀၇ ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် မြေပဲ ဧက ၃၀၊ သာပေါင်းမြို့နယ်တွင် မြေပဲ ခုနစ်ဧက၊ နှမ်း ၃၅ ဧက၊ ငပုတော မြို့နယ်တွင် မြေပဲ ဧက ၇၁၀ ၊ နှမ်း ၁၃၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆီထွက်သီးနှံတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ခဲ့ပါပြီ။ ဒါကလဲ စိုက်ပျိုးရေးဦးစီးဌာနက ကျွန်တော်တို့ တောင်သူတွေကို နည်းပညာကော အခြားလိုအပ်တဲ့ စိုက်ပျိုးရေးသွင်းအားစုတွေကို လိုအပ်သလို ကူညီဆောင်ရွက်ပေးခဲ့လို့ပါ။ ဒီနှစ်စိုက်ထားတဲ့ ဆီထွက်သီးနှံတွေရဲ့ မျိုးစေ့တွေက စိုက်ပျိုးရေးဦးစီးဌာနနဲ့တိုင်ပင်ဆွေးနွေးပြီး စိုက်ထားတဲ့အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်"ဟု သာပေါင်းမြို့နယ်မှ တောင်သူဦးမြင့်ဆွေက ပြောပြသည်။

အဆိုပါ စိုက်ပျိုးပြီးဖြစ်သည့် သီးနှံများကို အောင်မြင်ဖြစ်ထွန်းစေရန်၊ အထွက်နှုန်းကောင်းစေရန်၊ ပိုးသတ်ဆေး၊ အပင်အားဆေးစသည့် ဆေးဝါးများအသုံးပြုမှု မှန်ကန်စေရန်စသည့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## ဘားအံမြို့နယ် အင်းလင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ နိုဝင်ဘာ ၁၂**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကော့ကဒါ ကျေးရွာအုပ်စု အင်းလင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ အင်းလင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားသည်။

အင်းလင်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းနှင့်ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်နယ် အစိုးရရန်ပုံငွေကျပ် ၂၀ ဒသမ ၂၆၄ သန်းဖြင့် လင်းငွေးကုမ္ပဏီက ယခုနှစ် မေလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် အင်းလင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေးသောက်သုံးရေဖူလုံစွာ ရရှိပြီဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ပြောပြ၍ သိရသည်။ **ဆက်လှ**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်၊ မမှန်စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက ၃၁-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်၊ မမှန်စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPTအတွက် *601#၊ Atomအတွက် *979*3*3#၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Applicationများနှင့် Websiteတို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# ဒေါ်ဟန်သီဦး၊ ဦးစိုးမင်းထက်နှင့် ဇနီးဖြစ်သူ ဒေါ်ခင်မြတ်သင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်၊ စည်းစိမ်ကြွယ်စတိုးဆိုင်နေ ဒေါ်သင်းသင်းဦး (၉/ကဆန(နိုင်)၁၂၀၂၀၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်။

ယခင် ပလိပ်ချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံမှ ဝန်ထမ်းများဖြစ်ကြသည့် ဦးမြင့်ဆွေ နှင့်ဇနီး ဒေါ်စိန်စိန်မြင့် တို့တွင် (၁) ဒေါ်သင်းသင်းဦး၊ (၂) ဒေါ်ဟန်သီဦး၊ (၃) ဒေါ်ခင်မြတ်သင်း တို့ သမီးသုံးဦးထွန်းကားခဲ့ပါသည်။ ဝန်ထမ်းဘဝ ယာဉ်မတော်တဆမှုဖြစ်စဉ်တွင် မိခင်ဖြစ်သူမှာ ဆေးပင်စင်ယူခဲ့ရပြီး ဖခင်ဖြစ်သူမှာ အလုပ်မှထွက်ခဲ့ရပါသည်။ ၎င်းတို့၏ ရိုးသားကြိုးစားမှုဖြင့် "စည်းစိမ်ကြွယ်" စတိုး၊ ဘူတာဆိုင်ခန်းအမှတ် (၁၁/၁၂)နှင့် စည်းစိမ်ကြွယ် တည်းခိုရိပ်သာတို့ကို ဖွင့်လှစ်လုပ်ကိုင်နိုင်ခဲ့ပါသည်။ မိခင်ဖြစ်သူမှာ နာတာရှည်အသည်းရောဂါ၊ အစာအိမ်ရောဂါတို့ကြောင့် လုပ်ငန်းကို ဆက်လက်မလုပ်ကိုင်တော့ဘဲ သမီးကြီးဖြစ်သူ ဒေါ်သင်းသင်းဦး မှ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့ရပါသည်။ ဖခင်ဖြစ်သူမှာ ဘူတာဆိုင်ခန်း (၂)ခန်းနှင့် တည်းခိုရိပ်သာကို ဦးစီးလုပ်ကိုင်ခဲ့ပါသည်။ မိခင်ဖြစ်သူမှာ နာမကျန်းဖြစ်၍ သတိလက်လွတ်ဖြစ်ပြီး အိမ်ယာထဲလဲနေစဉ် (၂၀-၂-၂၀၁၄)ရက်နေ့၌ သမီးငယ်ဖြစ်သူ ဒေါ်ခင်မြတ်သင်း မှာ ဦးစိုးမင်းထက် နှင့် ကျောက်ဆည်မြို့ ဘုန်းတော်ကြီးကျောင်း၌ မင်္ဂလာဆောင်နှင်းခဲ့ပါသည်။ မိခင်ဖြစ်သူမှာ ၂၁-၂-၂၀၁၄ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ မိခင်ကွယ်လွန်ပြီးနောက် (၂၃-၄-၂၀၁၇) ရက်နေ့တွင် သမီးလတ် ဒေါ်ဟန်သီဦး မှာ ဦးမျိုးဌေး နှင့် ကျောက်ဆည်မြို့၊ မြို့တော်ခန်းမ၌ မင်္ဂလာဆောင်နှင်းခဲ့ပါသည်။ ဖခင်ဖြစ်သူမှာ ၉-၈-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ မိခင်၊ ဖခင်တို့ နာမကျန်းစဉ် ဆေးကုသစရိတ်၊ သင်္ဂြိုဟ်စရိတ်နှင့် ရက်လည်ဆွမ်းကျွေးကို သမီးကြီးဖြစ်သူ ဒေါ်သင်းသင်းဦး မှပင် တာဝန်ယူ၍ ကုန်ကျခဲ့ရပါသည်။ ဦးစိုးမင်းထက် နှင့် ဒေါ်ခင်မြတ်သင်း တို့မှာ အိမ်ထောင်ကျခါစ အမရပူရမြို့၊ သပွတ်ပင်ဈေးချိုရပ်ရှိ ဦးစိုးမင်းထက် ၏ မိဘများဖြစ်သော ဦးခင်မောင်အေး နှင့် ဒေါ်အေးအေးမြင့် တို့အိမ်၌ ဦးစွာနေထိုင်ကြသော်လည်း အဆင်မပြေသဖြင့် လပိုင်းမျှသာ နေထိုင်၍ ကျောက်ဆည်မြို့သို့ ပြောင်းရွှေ့လာပြီး ဒေါ်သင်းသင်းဦး ၏ ရောင်းဝယ်ရေးလုပ်ငန်း၌ ကူညီလုပ်ကိုင်ပေးခဲ့ပါသည်။ နောက်ပိုင်းတွင် သီးခြားစီးပွားရေးလုပ်ငန်းတွဲဖက်၍ လုပ်ကိုင်ချင်သည်ဆိုသဖြင့် ဒေါ်သင်းသင်းဦး မှပင် ဆိုင်ခန်းများပြုပြင်ပေးခြင်း၊ လုပ်ငန်းသုံး ပစ္စည်းများဝယ်ယူခြင်း၊ ပင်လယ်စာနှင့် အသားငါးအမျိုးမျိုး ကင်နည်းသင်တန်းကို မန္တလေးမြို့၌ သွားရောက်သင်ကြားရခြင်း စသည့် ကုန်ကျစရိတ်အဝဝကို စိုက်ထုတ်ပေးခဲ့ရပါသည်။ သို့သော် လုပ်ငန်း အောင်မြင်ခြင်းမရှိသဖြင့် အလုပ်သမားများ၏ လခနှင့် အခြားသောကုန်ကျစရိတ်များကို ဒေါ်သင်းသင်းဦး မှပင် စိုက်ထုတ်ပေးခဲ့ရပါသည်။ ထိုနည်းတူ ဒေါ်ဟန်သီဦး မှလည်း အလှပြင်သင်တန်း၊စက်ချုပ် သင်တန်းများ သင်ယူစဉ်တွင်လည်း ကုန်ကျစရိတ်အဝဝကို ဒေါ်သင်းသင်းဦး မှပင် တာဝန်ယူခဲ့ရပါသည်။ ဒေါ်ဟန်သီဦး မှာ မင်္ဂလာဆောင်နှင်းပြီးနောက် ၎င်း၏ခင်ပွန်းနောက်သို့ လိုက်ပါနေထိုင်နိုင်ခြင်းမရှိ သဖြင့် ဒေါ်သင်းသင်းဦး မှပင် အတူနေထိုင်စားသောက်ခဲ့ပါသည်။ ဖခင်ကွယ်လွန်ပြီးနောက် ဦးစိုးမင်းထက် နှင့် ဇနီးဖြစ်သူ ဒေါ်ခင်မြတ်သင်း တို့မှ ဆိုင်ခန်းအမည်ပြောင်းရမည်၊ တည်းခိုရိပ်သာအမည် ပြောင်းရမည်။ လုပ်ငန်းလိုင်စင်များ အမည်ပြောင်းရမည်ဟုဆိုကာ အလီလီအကြိမ်ကြိမ် ငွေများ တောင်းခံယူဆောင်ခဲ့သဖြင့် ဝင်ငွေထွက်ငွေမမျှဖြစ်ကာ အကြွေးများတင်လာသည့်အချိန်တွင် ဒေါ်ဟန်သီဦး၊ ဦးစိုးမင်းထက် နှင့်ဇနီး ဒေါ်ခင်မြတ်သင်း တို့မှပင် မိမိအစီအစဉ်ဖြင့်သာ ပေးဆပ်ရန် တစ်ဖက်သတ် ပြောကြားလာပါသည်။ ယခုအချိန်တွင် ဒေါ်သင်းသင်းဦး မှာ ရာဇဝတ်ကြောင်းအရ တရားစွဲဆို ခံရသည့်အဆင့်သို့ပင် ရောက်ရှိလာခဲ့သဖြင့် မိခင်၊ ဖခင်တို့ မကွယ်လွန်မီကနှင့် ကွယ်လွန်ပြီးနောက် တင်ရှိခဲ့သော ကြွေးမြီများနှင့်ပတ်သက်၍ မိသားစုညှိနှိုင်းတိုင်ပင်၍ ပေးဆပ်ရန်လိုအပ်လာပါသည်။

ထို့ကြောင့် ဤကြော်ငြာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ဒေါ်သင်းသင်းဦး ထံသို့ဖြစ်စေ၊ ပြင်ဦးလွင်မြို့ရှိ ဦးလေး၊ အဒေါ်တို့ထံဖြစ်စေ၊ ဒေါ်ဟန်သီဦး၊ ဦးစိုးမင်းထက်၊ ဒေါ်ခင်မြတ်သင်း တို့မှ အဆင်ပြေမည့်နေ့ရက်တွင် ညှိနှိုင်းဆွေးနွေးရန် ဆက်သွယ်ပေးစေလိုပါသည်။ နောက်ဆုံးအကြိမ်အဖြစ် ညှိနှိုင်းဆွေးနွေးရန် အသိပေးခြင်းဖြစ်ပါသည်။ ငွေရှင်များသို့ ပေးဆပ်ရန်ရှိသည့် ငွေများကိုလည်း မပျက်မကွက် ပြန်လည်ပေးဆပ်မည်ဖြစ်သဖြင့် ငွေရှင်များအနေဖြင့်လည်း ဒေါ်သင်းသင်းဦး ထံသို့ ချေးငှားထားသောငွေများနှင့် ပတ်သက်၍ ပူပင်သောကမဖြစ်ရန် အထူးပင်မေတ္တာရပ်ခံအပ်ပါကြောင်း ဒေါ်ဟန်သီဦး၊ ဦးစိုးမင်းထက် နှင့် ဒေါ်ခင်မြတ်သင်း နှင့် အများသိစေရန် လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ဥမ္မာဦး (စဉ်-၁၅၃၈၅)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးပေါင်းစုံဝင်း၊ ပြင်ဦးလွင်မြို့**
**၀၉-၇၈၈၂၅၀၈၁၆**

# ယခုနှစ် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိ ပြောင်းတန်ချိန် ၁၄၀၀၀ ကျော် တင်ပို့ရောင်းချခဲ့



**နေပြည်တော် နိုဝင်ဘာ ၁၂**

ယခုနှစ် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိ ပြောင်းတန်ချိန် ၁၄၀၀၀ ကျော်တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြောင်းသီးနှံကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့က တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ယခုနှစ် အောက်တိုဘာလတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄၈ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၈၉၀၀၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁၉ သန်းတန်ဖိုးရှိ ပြောင်း ၆၀၁၆ တန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၆၇ သန်းတန်ဖိုးရှိ ပြောင်း ၁၄၉၁၆ တန်တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ဖိလစ်ပိုင် တစ်နိုင်ငံတည်းသို့သာ တင်ပို့ရောင်းချပေးခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့သာ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

အောက်တိုဘာလတွင်ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၈၉၀၀ တင်ပို့ရောင်းချပေးခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၅၉၂၀ နှင့် ထိုင်းနိုင်ငံသို့ ပြောင်း ၉၆ တန် တင်ပို့ရောင်းချ ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြောင်းသီးနှံကို တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် တစ်နှစ်ပတ်လုံး စိုက်ပျိုးနေပြီး ယခုဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် လေးသိန်း တင်ပို့နိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။ SKL

# ညောင်လေးပင်မြို့နယ်၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျပန်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျပန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ညောင်လေးပင်မြို့နယ် ကျပန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၉၂၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ နှစ်ဘီးသွား ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅၈ ဒသမ ၈ သိန်း စုစုပေါင်း ငွေကျပ် ၂၀၈ ဒသမ ၈ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဦး**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

ထာဝရလှပသော အပြုံးအတွက်

DENTIST RECOMMENDED
FDA အမှတ်-1907 PC 0040




DENTOMEC

Fluoride ပါဝင်သောကြောင့် သွားများကို ပြုပွေးတောက်ပစေပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။



အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR

TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

CAR TYRE
CYCLE TYRE
The Best Quality Tyre


## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဒေါနခြံရပ်နေ မနီနီဝင်း (၅/မရန(နိုင်)၀၃၆၇၀၂)၏ဖခင် ဦးမြစ်ဦး (MYA-136493) နှင့် ဦးမြင့်ဦး သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။**ဦးမြင့်ဦး(ခ)ဦးမြစ်ဦး(MYA-136493)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်နေ ဦးရွှေထွေး-ဒေါ်အေးအေးခိုင် တို့၏သားဖြစ်သူ **မောင်စိုးနိုင်ဝင်း (၉/အမရ(နိုင်)၁၈၈၃၄၂)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးရွှေထွေး (၁၂/မဘန(နိုင်)၁၂၁၅၈၄)**
**ဒေါ်အေးအေးခိုင် (၉/တသန(နိုင်)၂၄၇၂၆၄)**


ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

နာနတ်သီးထဲတွင်ပါရှိသော သတ္တုဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။




"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


ရန်သူ မီးဘေး တားဆီးရေး မနေး ဆောင်ရွက်ကြ

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ ဖတ်ကြစို့

စာအုပ်စာပေ လူ့မိတ်ဆွေ

❖ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကမဏ္ဍိုင်ကြီး သုံးခုဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးနှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာတို့ ဟန်ချက်ညီရန် အရေးကြီး...

❖ မီဒီယာသည် မဏ္ဍိုင်ကြီးသုံးခုကို မယိမ်းယိုင်စေရေး တည့်မတ်ပေးသည့် မဏ္ဍိုင်တစ်ခုပင်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၂၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ ဆွေးနွေးဘက်နိုင်ငံများဖြင့်ကျင်းပသော ဝန်ကြီးအဆင့်အစည်းအဝေးများတက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘန်မြို့တွင် နိုဝင်ဘာ ၉ ရက်မှ ၁၀ ရက်ထိကျင်းပသော (၂၉)ကြိမ်မြောက်အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၂၂)ကြိမ်မြောက် အာဆီယံ-တရုတ်ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၂၁)ကြိမ်မြောက် အာဆီယံ-ဂျပန်ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၁၄)ကြိမ်မြောက် အာဆီယံ-ကိုရီးယား

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် စက်သုံးဆီတင်သင်္ဘော လေးစီး ဆိုက်ကပ်ခဲ့ပြီး စက်သုံးဆီတင်သင်္ဘော ၁၅ စီး မကြာမီ ထပ်မံရောက်ရှိဆိုက်ကပ်မည်ဖြစ်**

စာမျက်နှာ - ၂၂


**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ**

စာမျက်နှာ - ၁၉

**လူငယ်များနှင့် တိုင်းချစ်ပြည်ချစ်စိတ် ဆောင်းပါး**

စာမျက်နှာ - ၂၈

**MYAWADDY TRADING LIMITED**





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257